ကြေးမုံ
The Mirror
Established in 1957


၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (1-1-2015) (၈၀၇၂)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ၂၀၁၅ ခုနှစ်အတွက် နှစ်သစ်ကူးမင်္ဂလာ ဆုမွန်ကောင်း တောင်းဆုပြု





*၂၀၁၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအတွက် ဆရာတော်ကြီးများ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုအဆင့်နှင့် အလွှာစုံမှ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများပြောကြား ခဲ့ရာ အဆိုပါပြောကြားမှုများကို ကြေးမုံက စုစည်းဖော်ပြလိုက်ပါသည်-*

**သီတဂူဆရာတော်**
**ဒေါက်တာအရှင်ဉာဏိဿရ**
**အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, D. Litt**

နှစ်ဟောင်းလွန်ကျူး နှစ်သစ်ကူးသည့် ၂၀၁၅ ခုနှစ်၏ နှစ်သစ်အခါသမယတွင် သက်ရှိသတ္တဝါများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းတို့ ရန်ငြိုးမုန်သမျှကို မေတ္တာ- ခန္တီတို့ဖြင့် ဖြေဖျောက်အောင်မြင်နိုင်ပြီး နှစ်ဟောင်းမှအညစ်အကြေးများကို စွန့်ဖယ်နိုင်ကြပါစေ၊ ကမ္ဘာလောကကြီးအတွင်း ဆူပူသောင်းကျန်းခြင်းကို မေတ္တာဖြင့် ချုပ်ငြိမ်းနိုင်ကြပါစေ၊ ဒေါသကို မေတ္တာဖြင့် လွှမ်းမိုးနိုင်ကြပါစေ၊ ကြမ်းတမ်းခြင်းကို ယဉ်ကျေးသိမ်မွေ့ခြင်းနဲ့ ပြောင်းလဲနိုင်ကြပါစေ၊ ဆူပူခြင်း၊ ကြမ်းတမ်းခြင်း၊ ရက်စက်ခြင်း၊ ဖျက်ဆီးခြင်းတို့ကို မေတ္တာ-ခန္တီ-အဟိံသ-သစ္စာတရားတို့နဲ့ ငြိမ်းချမ်းပြီး ယနေ့ကျရောက်သည့် နှစ်သစ်အခါသမယမှ စတ္တန့်တိုင်း၊ နာရီတိုင်း ပျော်ရွှင်ချမ်းမြေ့အေးချမ်းနိုင်ကြပါစေလို့ ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းတို့အား မေတ္တာဆုမွန်ကောင်းတောင်း ထောမနာပြုလိုက်ပါသည်။

**ဒေါက်တာနန္ဒမာလာဘိဝံသ**
**ပါမောက္ခချုပ်**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်**

၂၀၁၅ ခုနှစ်ဟာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာနှစ်ဖြစ်ပါစေလို့ ဘုန်းကြီးတို့က ဆုတောင်းမေတ္တာပို့သပါတယ်။ သတ္တဝါအားလုံး ကောင်းတာတွေချည်းပဲ ကြုံတွေ့ကြပါစေ၊ သတ္တဝါအားလုံးအပေါ်မှာ အဆိုးတွေ မကျရောက်ပါစေနဲ့ဆိုတဲ့ မေတ္တာစေတနာထားပြီးတော့ အားလုံးအကောင်းတွေဖြစ်ကြဖို့ လူသားအချင်းချင်း လှည့်ပတ်ခြင်း ကင်းကြပါစေ၊ လူသားအချင်းချင်းဆင်းရဲစေလိုခြင်းမှ ကင်းရှင်းကြပါစေ၊ အဲဒီလိုအချင်းချင်း အပြန်အလှန်မေတ္တာတွေထားနိုင်ကြမယ်ဆိုရင် ကမ္ဘာကြီးမှာ အကြမ်းဖက်မှုတွေ လျော့ကျသွားမှာဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်မှသာလျှင် အကြမ်းဖက်မှုတွေဟာ လွတ်ကင်းနိုင်မှာဖြစ်ပါတယ်။

ဒီလိုအကြမ်းဖက်မှုတွေ လွတ်ကင်းဖို့အတွက် မေတ္တာသုတ်တရားတော်မှာ ဟောပြထားတဲ့အတိုင်း စိတ်ရောကိုယ်ပါ လုံးဝရိုးသားတဲ့ စိတ်ဓာတ်မျိုး၊ ပွင့်လင်းတဲ့ စိတ်ဓာတ်မျိုးနဲ့သာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာကမ္ဘာ၊ မေတ္တာနှစ်သစ်တည်ဆောက်နိုင်မှာဖြစ်တယ်။ အဲသလို မေတ္တာကမ္ဘာတည်ဆောက်တဲ့အခါမှာ အချင်းချင်းအကြံပေးမှု၊ ကောင်းမြတ်တဲ့အကြံအစည်တွေ လမ်းညွှန်ပေးမှုကိုလည်း တစ်ဦးစကားတစ်ဦး အလေးထားပြီးတော့ လိုက်နာဖို့လည်း လိုတယ်။

စိတ်ဓာတ်တွေဟာ မေတ္တာတွေ လွှမ်းခြုံထားတဲ့အတွက်ကြောင့် မောက်မာတဲ့ စိတ်ဓာတ်မျိုးမထားဘဲနဲ့ ပျော့ပျောင်းတဲ့စိတ်ဓာတ်မျိုး၊ အဲဒီလို စိတ်ဓာတ်မျိုးနဲ့သာလျှင် မေတ္တာနှစ်သစ်ကို တည်ဆောက်နိုင်မှာဖြစ်တယ်။ ဒါကြောင့်မို့ အကြမ်းဖက်မှုကင်းတဲ့ နှစ်ဖြစ်ဖို့အတွက် အားလုံးဟာ မိမိတို့လိုက်နာရမယ့် အချက်တွေကို လိုက်နာကျင့်သုံးကြပြီး မိမိတို့စိတ်နေသဘောထားတွေကို အားလုံးတညီတည်း ပြင်ဆင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း တစ်ဦးနဲ့ တစ်ဦး အနိုင်ယူတဲ့အခါမှာ အကြမ်းဖက်မှုနဲ့ အနိုင်မယူဘဲ ဒေါသကို မေတ္တာဖြင့် အနိုင်ယူခြင်း၊ လက်နက်ကိုလည်း သည်းခံခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူခြင်း အဲဒီလို ထာဝရကောင်းမြတ်တဲ့ အနိုင်ယူခြင်းနဲ့ **စာမျက်နှာ ၈ ကော်လံ ၃ သို့ ☆**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရုဇ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ၏ ပြည်သူသို့ အစီရင်ခံတင်ပြချက်အား အထူးကဏ္ဍဖြင့် သီးခြားဖော်ပြထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့အစီရင်ခံတင်ပြချက်အား ယနေ့ထုတ်ကြေးမုံသတင်းစာတွင် အထူးကဏ္ဍ (၄)မျက်နှာဖြင့် သီးခြားဖော်ပြထားပါသည်။

**ပွင့်လင်းမြင်သာစွာဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်** စာမျက်နှာ-၅




ပြည်တွင်းရေးရာ

# တောင်သူလယ်သမားများ၏ ဘဝကို ထိုက်သင့်သည့်အခြေအနေသို့ရောက်အောင် လုပ်ဆောင်ပေးရေးမှာ အရေးကြီးတာဝန်တစ်ရပ်ပင်ဖြစ်



**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့ အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သဘာပတိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးတင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုယ်စား ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မိမိတို့အားလုံးသည် တည်ငြိမ်အေးချမ်းမှုနှင့် မိမိတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ရယူခံစားလိုသူများဖြစ်ကြပါကြောင်း၊ မိမိတို့၏ဆန္ဒများ ပြည့်စုံလာစေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရင်း ပိုမိုတိုးတက်ကောင်းမွန်သည့် လူနေမှုဘဝများကို ပိုင်ဆိုင်ရယူနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းနေကြသူများ ဖြစ်ပါကြောင်း၊ မိမိတို့၏ အခြေခံလိုအပ်ချက်များထဲမှ အဓိကကျသော အခြေခံလိုအပ်ချက်တစ်ခုမှာ စားဝတ်နေရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ စားရေး၊ နေရေး၊ ဝတ်ရေးကို ပြည့်စုံအောင် ဆောင်ကြဉ်းပေးနိုင်သည်မှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ စားစရာနှင့် ဝတ်စရာများကိုလည်း ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ နေအိမ်၊ အဆောက်အအုံများလည်း ထုတ်လုပ်ပေးနိုင်ပါကြောင်း။

ယင်းသို့ ထုတ်လုပ်ပေးနိုင်အောင် စွမ်းဆောင်ပေးနိုင်သူများမှာ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများ အပါအဝင် နိုင်ငံ၏ ဒေသအသီးသီးက တောင်သူလယ်သမားကြီးများဖြစ်ကြပါကြောင်း၊ ထို့ကြောင့်တောင်သူလယ်သမားများသည် ခေတ်အဆက်ဆက်၌ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများဟု ဂုဏ်ပြုသတ်မှတ်ပြီး စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားစေပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန် အားပေးဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုက်သင့်သည့် တိုးတက်မှုများ ရှိသကဲ့သို့ ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်ရေးကို ရှေးရှုပြီး တွေ့ကြုံနိုင်သည့် အခက်အခဲပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်စေရန်အတွက် လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကြုံတွေ့နေရဆဲဖြစ်သည့် မြေယာအငြင်းပွားမှု ပြဿနာများကိုလည်း ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းရေးကော်မရှင်က ဦးဆောင်ပြီး ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့သည် တိုင်းရင်းသား လုပ်သားပြည်သူအားလုံး မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေသည့် အချိန်အခါပင် ဖြစ်ပါကြောင်း၊ ထို့အတူ ဒီမိုကရေစီစနစ်ကို ညင်သာစွာ ကူးပြောင်းနေသည့် အချိန်ကာလလည်းဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းစ နိုင်ငံတိုင်း၌ အောင်မြင်မှုများရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို လွှတ်တော်၊အစိုးရနှင့် တောင်သူလယ်သမားထုကြီး အပါအဝင် ဖြစ်သည့် ပြည်သူများ၏စည်းလုံးညီညွတ်မှုအင်အားဖြင့် ရဲရဲရင်ဆိုင်ပြီး ဖြတ်သန်းကျော်လွှားသွားရမည် ဖြစ်ပါကြောင်း။

ပြည်သူကိုဗဟိုပြုသည့် အစိုးရ လက်ထက် လေးနှစ်တာကာလအတွင်း၌ တောင်သူလယ်သမားများ အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် လယ်ယာမြေပိုင်ဆိုင်မှု ပြဿနာများကိုလည်း ပြည်ထောင်စုလယ်ယာမြေစီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်စွန့်လွှတ်သည့်လယ်ယာမြေများနှင့် ပတ်သက်၍ မူလပိုင်ရှင်လယ်သမားများထံ လွှဲပြောင်းပေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၄ မြို့နယ်၊ ကျေးရွာအုပ်စု ၄၉ အုပ်စုရှိ လယ်ယာမြေဧရိယာပေါင်း ၁၇၂၅ ဒသမ ၉၆ ဧကကို တောင်သူစုစုပေါင်း ၁၈၆ ဦးသို့ ပြန်လည်ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကျန်ရှိသော စွန့်လွှတ်ပေးရမည့်မြေများကိုလည်း ပြန်လည်ပေးအပ်နိုင်ရေးအတွက်သက်ဆိုင်သည့် လယ်သမားများအား မှန်မှန်ကန်ကန် ပြန်လည်ရရှိနိုင်စေရေး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများမှ စိစစ်ဆောင်ရွက်လျက်ရှိကြပြီး အမြန်ဆုံးပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြပါကြောင်း။

ယခု လယ်ယာမြေဥပဒေသစ် ပြန်လည်ပြဋ္ဌာန်း သတ်မှတ်ပေးခဲ့ခြင်းကြောင့် လယ်ယာမြေပေါ် လုပ်ကိုင်လျက်ရှိကြသည့် လယ်သမားများ အနေဖြင့်လယ်ယာမြေပိုင်ဆိုင်ခွင့်၊ သားစဉ်မြေးဆက် အမွေဆက်ခံခွင့်၊ လွှဲပြောင်းရောင်းချခွင့်၊ ပေါင်နှံခွင့်စသည့် အခွင့်အရေးများ ရရှိကြပြီဖြစ်ပါကြောင်း၊ လယ်ယာမြေဥပဒေသစ်နှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်သည့်နည်းတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းဆောင်ရွက်ခဲ့ရာ တောင်သူလယ်သမား ၁၅၆၇၀၃ ဦး၊ ဦးပိုင်လုပ်ကွက်ပေါင်း ၂၂၆၀၇၂ ခု၊ ဧရိယာပေါင်း ၁၂၂၀၂၇၁ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၈၉ အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားကျက်မြေများနှင့် သစ်တောမြေများပေါ်တွင် ဒေသခံလယ်သမားများက ဝင်ရောက်၍စိုက်ပျိုးလုပ်ကိုင်နေမှုများနှင့် စပ်လျဉ်းပြီး ဒေသခံလယ်သမားများအနေဖြင့် နှစ်ပေါင်းများစွာ ဝင်ရောက်စိုက်ပျိုးနေခဲ့မှုအပေါ် တိတိကျကျ စာရင်းကောက်ခံလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ စားကျက်မြေနှင့် သစ်တောမြေများ အဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေးရှိ၊ မရှိ သဘောထားများ တောင်းခံ၍ ပူးပေါင်းဆက်စပ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌ ပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေများလည်း အသက်ဝင်လာပြီဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးဥပဒေများ ထွက်ရှိပြီးဖြစ်၍ နည်းဥပဒေများထွက်ရှိလာအောင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဥပဒေများထွက်ရှိလာလျှင် နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမား ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက် ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲကို ရည်ရွယ်ချက်ကောင်းကောင်း အဓိပ္ပာယ်ရှိရှိ ကျင်းပနိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့ ဆွေးနွေးချက်များအပေါ် မူတည်၍ အချို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေအရ အခက်အခဲရှိပါက သက်ဆိုင်ရာ လွှတ်တော်များက ပြင်ဆင်ကောင်း ပြင်ဆင်ပေးရမည်ဖြစ်ကြောင်း။

ယနေ့တင်ပြဆွေးနွေးသွားကြသည့် အဆိုများအပေါ် သုံးသပ်ပါက တောင်သူလယ်သမားများဘဝမြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိအောင် မလုပ်ဆောင်နိုင်လျှင် မိမိတို့မျှော်လင့်ထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်မဖြစ်နိုင်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသူအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများဖြစ်ကြပါကြောင်း၊ ယနေ့ တောင်သူလယ်သမားအများစု ဆင်းရဲဒုက္ခ၊ အခက်အခဲများကြုံတွေ့နေရသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ဆင်းရဲဒုက္ခကြုံတွေ့နေကြရသည့် တောင်သူလယ်သမားများ၏ ဘဝကို ထိုက်သင့်သည့်အခြေအနေသို့ ရောက်အောင် လုပ်ဆောင်ပေးရေးမှာ အရေးကြီးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမားများဥပဒေပါ ခံစားခွင့်များရရှိရန် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေ အသက်ဝင်အောင် လုပ်ဆောင်ပေးနိုင်လျှင် အခက်အခဲကြုံတွေ့နေရသည့် တောင်သူလယ်သမားများ၏ အခက်အခဲ ၉၀ ရာခိုင်နှုန်းကျော်ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်များအရ စိုက်ပျိုးစရိတ်ချေးငွေ ပိုမိုရရှိရေးနှင့် ချေးငွေပြန်ဆပ်ကာလတိုးမြှင့်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများဆုံးရှုံးမှုဖြစ်ပေါ်ပါက ထောက်ပံ့ငွေပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများ ဖြန့်ဖြူးပေးရေး၊ ထွက်ရှိသည့် သီးနှံများ ဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းသတ်မှတ်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ဝိုင်းကြီးချုပ် ငွေချေးသည့်စနစ်မှ ကိုယ့်တာဝန်ကိုယ်ယူသည့် ငွေချေးစနစ်ဖြစ်ရေး ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဒုတိယသမ္မတဦးစီး၍ ပြည်ထောင်စုဝန်ကြီးများပါဝင်သည့် အဖွဲ့ဖြင့် ဥပဒေအသက်ဝင်ပြီး အကျိုးခံစားခွင့်များရရှိအောင် အလေးထားဆောင်ရွက်ပေးနေသည်ကို အသိပေးပြောကြားလိုပါကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူ အားလုံးသည် တရားဥပဒေနှင့်အညီ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ Rule of Law ဆိုသည့် စကားအရ ဥပဒေနှင့်အညီ နေထိုင်ရန်လိုကြောင်း၊ သို့ဖြစ်၍ မိမိတို့လွှတ်တော်များက တရားမျှတသော ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ကြောင်း၊ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အများလိုက်နာဆောင်ရွက်နိုင်သည့် ဥပဒေများဖြစ်အောင် ပြင်ဆင်ပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း၊ ဥပဒေကိုသိမှ ဥပဒေကို လေးစားလိုက်နာမည်ဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်၍ ကျူးလွန်ဖောက်ဖျက်ပါသည်ဟု ဆင်ခြေပေး၍ မရနိုင်ကြောင်း၊ ရိုးသားသည့် တောင်သူလယ်သမားအများစုသည် ဥပဒေကို နားလည်သိရှိမှု အားနည်းကြကြောင်း၊ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် တရားရင်ဆိုင်နေရသည့် အဖြစ်များသည် ဝမ်းနည်းဖွယ်ရာပင် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဥပဒေကို တတ်သိနားလည်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး မိမိတို့ အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး ရှိမှသာ ငြိမ်းချမ်းရေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တရားဥပဒေစိုးမိုးမှုမရှိလျှင် မိမိတို့ လိုလားတောင့်တသည့် ငြိမ်းချမ်းရေး ရရှိမည်မဟုတ်ကြောင်း၊ ယနေ့ကာလတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အစိုးရနှင့် လွှတ်တော်တို့က ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် သိမ်မွေ့ခက်ခဲပြီး လွယ်လွယ်နှင့် မရနိုင်ကြောင်း၊ မမျှော်လင့်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့နေရသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊မည်သို့ပင် အခက်အခဲရှိရှိ စိန်ခေါ်မှုများ ကြုံတွေ့ကြုံတွေ့ယင်းအခက်အခဲများကို ကျော်လွှားသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ထူထောင်ရာတွင် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒစွဲ မထားဘဲ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိမ့်ကျနေသည့် မိမိတို့နိုင်ငံကို အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် အာလုံးပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး**(အပေါ်ပုံ)** ကွင်းအတွင်း ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာပေးပြခန်းများအား ကြည့်ရှုလေ့လာသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အဲအေးရှလေယာဉ်မှ ရုပ်အလောင်းများရှာဖွေရာတွင် ရာသီဥတုဆိုးရွားမှုကြောင့် အခက်ကြုံနေ



**ဂျကာတာ ဒီဇင်ဘာ ၃၁**

ပင်လယ်ထဲသို့ ပျက်ကျသွားသော အဲအေးရှလေယာဉ်မှ အစိတ်အပိုင်းများနှင့် ရုပ်အလောင်းများရှာဖွေရာတွင် အလွန်ကြီးမားသည့် လှိုင်းလုံးကြီးများ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ စသည့် ရာသီဥတုအခြေအနေဆိုးရွားနေမှုများကြောင့် ရှာဖွေရေးလုပ်ငန်းများ ခရီးမတွင်ဖြစ်ရကြောင်း ရှာဖွေရေးတာဝန်ရှိသူများက ပြောကြားသည်။

အင်ဒိုနီးရှားရှာဖွေရေးအဖွဲ့ဝင်များက ဆိုးရွားနေသည့် ရာသီဥတုအခြေအနေများကြားမှ ကျန်ရှိနေသေးသော ရုပ်အလောင်းများကို ဆက်လက်ရှာဖွေခဲ့ရာ ပင်လယ်ပြင်တွင် မျောပါနေသည့် ရုပ်အလောင်း ၁၀ လောင်းထပ်မံရှာဖွေတွေ့ရှိခဲ့ပြီး ရုပ်အလောင်းတစ်ခုမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး လေယာဉ်မယ်ဝတ်စုံ ဝတ်ဆင်ထားသည်ဟု အင်ဒိုနီးရှား အမျိုးသားကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီဥက္ကဋ္ဌ ဘမ်ဘန်း ဆူလစ္စတိုက ပြောကြားသည်။

သတင်းအချက်အလက် ကွဲလွဲစရာတစ်ခုဖြစ်နေသည်မှာ ရေအောက်ပင်လယ်ကြမ်းပြင်တွင် လေယာဉ်မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို အတိအကျမသိရသေးခြင်းပင်ဖြစ်သည်။ အသံလှိုင်းဖြင့် ရေအောက်အရာဝတ္ထုတို့၏ တည်နေရာကို ရှာဖွေသောကိရိယာဆိုနာနည်းပညာက ရေအောက်နစ်မြုပ်နေသော လေယာဉ်အပိုင်းအစများကို ရှာဖွေပေးနိုင်မည်ဟု ယုံကြည်ကြောင်းနှင့် ယခုလောလောဆယ် လေယာဉ်မည်သည့်နေရာတွင် ရှိနေသည်ကို အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ရှာဖွေရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှာဖွေရေးတာဝန်ရှိသူများသည် လေယာဉ်အပိုင်းအစများ၊ ရုပ်အလောင်းများအပါအဝင် လေယာဉ်တွင်ပါရှိသည့် ဘလက်ဘောက်ခ်ကိုပါ ရှာဖွေလျက်ရှိသည်။ ဘလက်ဘောက်ခ်သည် လေယာဉ်ပျက်ကျသွားမှုကို စုံစမ်းစစ်ဆေးသူများအတွက် လေယာဉ်မှူးက ရာသီဥတုဆိုးရွားမှုကြောင့် လမ်းကြောင်းပြောင်းလဲမောင်းနှင်ရန် လေကြောင်းထိန်းချုပ်ဌာနသို့ ခွင့်တောင်းပြီးနောက် ဘာကြောင့်ပျက်ကျရသည်ကို အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

ပျက်ကျသွားသည့် လေယာဉ်ပေါ်တွင် လေယာဉ်မောင်း နှစ်ဦး၊ ဝန်ထမ်းငါးဦးနှင့် ခရီးသည် ၁၅၅ ဦး လိုက်ပါသွားသည်။ ခရီးသည်များအနက် လူကြီး ၁၃၈ ဦး၊ ကလေး ၁၆ ဦးနှင့် ရင်ခွင်ပိုက်ကလေးငယ်တစ်ဦးတို့ လိုက်ပါသွားသည်။ ၎င်းတို့အနက် စင်ကာပူ၊ မလေးရှား၊ ပြင်သစ်နိုင်ငံသားတစ်ဦးစီ၊ တောင်ကိုရီးယား သုံးဦးနှင့် အင်ဒိုနီးရှား ၁၅၆ ဦးဖြစ်ကြောင်း လေကြောင်းလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

လေယာဉ်ပေါ်လိုက်ပါသွားသူ ခရီးသည်အချို့မှာ နှစ်သစ်ကူးအားလပ်ရက်ခရီးရှည်အဖြစ် စင်ကာပူနိုင်ငံသို့ အလည်အပတ်သွားရန် ရည်ရွယ်ထားကြသူများဖြစ်သည်။ သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြုလုပ်မည်ဖြစ်ရာ ဆူရာဘာရာမြို့၌ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများ ကျင်းပမည်မဟုတ်ဟု သိရသည်။

**စီအင်န်အင်န်။**

# ကိုရီးယားအဲလေကြောင်းလိုင်း အမှုဆောင်ဟောင်းကို ဖမ်းဆီးပြီ

**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံတွင် မြေပဲဖြင့် ဧည့်ခံမှုအပေါ် မကျေနပ်၍ လေယာဉ်ခရီးစဉ် နှောင့်နှေးကြန့်ကြာရန် ပြုမူခဲ့သော ကိုရီးယားအဲလေကြောင်းလိုင်းမှ အမှုဆောင်ဟောင်းတစ်ဦးကို ထိန်းသိမ်းခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားတရားရုံးတစ်ရုံးက ချိုဟွမ်းအာကို ဖမ်းဆီးရန် ခွင့်ပြုပြီးနောက် မကြာမီ သူ့ကို ဖမ်းဆီးခေါ်ဆောင်သွားပုံကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

ကိုရီးယားအဲလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ်၏ သမီး မစ္စ ချိုကို လေကြောင်းအန္တရာယ်ကင်းဝေးရေးဥပဒေ ချိုးဖောက်မှု၊ လေယာဉ်အမှုထမ်းအား တာဝန်ဝတ္တရား နှောင့်ယှက်မှုတို့ဖြင့် စွဲဆိုထားသည်။

ဟိသာချိုဟု လူသိများသော မစ္စချိုက ၎င်း၏ အပြုအမူအတွက် တောင်းပန်ခဲ့ပြီး လေကြောင်းလိုင်း၏ ပျံသန်းရေး ဝန်ဆောင်မှုအကြီးအကဲရာထူးမှ နုတ်ထွက်ခဲ့သည်။

လေယာဉ်မောင်းချုပ် ပတ်ချောင်းဂျင်ကို ကိုယ်ထိလက်ရောက် စော်ကားမှုမပြုလုပ်ခဲ့ကြောင်း မစ္စချိုက ငြင်းဆိုခဲ့သည်။ ပတ်ချောင်းဂျင်ကမူ မစ္စချိုသည် ၎င်းကို ဒူးထောက်တောင်းပန်ခိုင်းပြီး စာရွက်ထည့်သည့် ကတ်ထူအိတ်ဖြင့် ထိုးနှက်ခဲ့သည်ဟု ပြောသည်။

လေကြောင်းလိုင်းမှ အခြားအမှုဆောင်တစ်ဦးကိုလည်း ယင်းအမှုနှင့် ပတ်သက်သော သက်သေအထောက်အထားများအား ဖျက်ဆီးပစ်သည်ဟု စွပ်စွဲ၍ ဖမ်းဆီးခဲ့သည်။ ကိုရီးယားအဲလေကြောင်းလိုင်းသည် ပျံသန်းမှုအချို့ ရပ်ဆိုင်းခံရခြင်း သို့မဟုတ် ဒဏ်ငွေပေးဆောင်ရခြင်းတို့နှင့် ရင်ဆိုင်ရမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဆိုသည်။

**ဘီဘီစီ။**



# ပါလက်စတိုင်းဆုံးဖြတ်ချက် ကုလလုံခြုံရေးကောင်စီ ပယ်ချ

**နယူးယောက် ဒီဇင်ဘာ ၃၁**

အစ္စရေးနိုင်ငံက ပါလက်စတိုင်းနယ်မြေများ သိမ်းပိုက်ထားမှု သုံးနှစ်အတွင်း အဆုံးသတ်ရန် တောင်းဆိုထားသော ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယနေ့ ပယ်ချလိုက်သည်။

ဂျော်ဒန်နိုင်ငံက အာရပ် ၂၂ နိုင်ငံနှင့်လည်းကောင်း၊ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့်လည်းကောင်း သဘောတူညီမှုရယူပြီးနောက် အဆိုပါအဆိုပြုချက်ကို တင်သွင်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံတို့က ကန့်ကွက်မဲပေးကြပြီး အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင်နှစ်နိုင်ငံက ထောက်ခံမဲပေးခဲ့ကြသည်။

အစ္စရေးနိုင်ငံက "လှည့်ကွက်" တစ်ခုသာဖြစ်သည်ဟု ရှုတ်ချသော ယင်းဆုံးဖြတ်ချက်ကို အတည်ပြုရန်အတွက် အနည်းဆုံး အဖွဲ့ဝင်ကိုးနိုင်ငံ၏ ထောက်ခံမှုလိုအပ်သည်။

ယခုမအောင်မြင်မှုသည် နောက်ထပ်ခြေလှမ်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်လာမည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျော်ဒန်သံအမတ်ကြီး ဒီနာဝါကာက ပြောသည်။

အဆိုပါ ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ရုရှား၊ တရုတ်၊ ပြင်သစ်၊ အာဂျင်တီးနား၊ ချက်၊ ချီလီ၊ ဂျော်ဒန်နှင့် လူဇင်ဘတ်တို့က ထောက်ခံမဲ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး ဗြိတိန်၊ လစ်သူယေးနီးယား၊ တောင်ကိုရီးယားနှင့် ရဝမ်ဒါနိုင်ငံတို့က မဲမပေးဘဲ နေခဲ့ကြသည်။

ယင်းအဆိုပြုချက်တွင် ပထမအနေဖြင့် ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် သိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများမှ အစ္စရေးတို့ လုံးဝဆုတ်ခွာပေးရေး၊ ဒုတိယအနေဖြင့် တစ်နှစ်အတွင်း ပြီးပြည့်စုံသော ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးတို့ကို တောင်းဆိုထားသည်။

၁၉၆၇ ခုနှစ် စစ်ပွဲတွင် အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသ၊ အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းတို့ကို သိမ်းယူခြင်းမပြုမီက ရှိနှင့်ပြီးဖြစ်သော နယ်နိမိတ်ကို အခြေခံ၍ နိုင်ငံထူထောင်ရေးဆိုင်ရာဆွေးနွေးပွဲအသစ်တစ်ခု ကျင်းပရန်လည်း တောင်းဆိုသည်။

**ဘီဘီစီ။**

# ကျားသားစားသည့် တရုတ်နိုင်ငံသားကို ထောင်ဒဏ် ၁၃ နှစ် ချမှတ်

**ပေကျင်း ဒီဇင်ဘာ ၃၁**

မျိုးသုဉ်းလုနီးပါးအန္တရာယ်ကြုံတွေ့နေရသည့် ကျားများကို ဝယ်ယူစားသောက်ကာ ကျားသွေးများဖြင့် ဝိုင်ပြုလုပ်မှုကြောင့် တရုတ်နိုင်ငံသားတစ်ဦးကို ထောင်ဒဏ် ၁၃ နှစ် ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ ဆင်ဟွာက ဒီဇင်ဘာ ၃၀ ရက်တွင် ဆိုသည်။ ချမ်းသာသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ မိသားစုအမည်အားဖြင့် "ရှု"ဆိုသူသည် ပြီးခဲ့သည့်နှစ်က ကျားများ ဝယ်ယူရန် နိုင်ငံတောင်ပိုင်းရှိ ဂွမ်ဒေါင်းပြည်နယ်သို့ ခရီးသုံးကြိမ်ထွက်ရန် စီစဉ်ခဲ့ကာ ဝယ်ယူပြီးသည့် ကျားများအား ၎င်း၏ မွေးရပ်မြေ ကွမ်ရှီးပြည်နယ်သို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ရှုနှင့် အပေါင်းပါများမှာ ကျားသုံးကောင်သတ်ဖြတ်မှုတွင် ကျားရောင်းသူများနှင့် အပေးအယူသုံးကြိမ်ပြုလုပ်ခဲ့သည်ကို တွေ့ရှိခဲ့ပြီး ကျားတစ်ကောင်မှာ လျှပ်စစ်ရှော့ခ်တိုက်၍ အသတ်ခံခဲ့ရသည်။ ၎င်းတို့ သူငယ်ချင်းများသည် ကျားသားများကို စားသောက်ခဲ့ကြပြီး တစ်စုံတစ်ယောက်က မေးမြန်းပါက အမဲသား၊ မြင်းသား သို့မဟုတ် ကြောင်သားဟု ပြောရန် ရှုက ပြောကြားခဲ့သည်။ ၎င်းတို့ပြုလုပ်ခဲ့သည့် အပေးအယူသုံးခုအနက် တစ်ခုကို တစ်ဦးဦးက မှတ်တမ်းတင်ကာ ရဲထံတိုင်ကြားမှုကြောင့် ရှုမှာ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

ရှုအား မူလက ဧပြီလတွင် ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း အယူခံဝင်ခဲ့ပြီး ယခုရက်သတ္တပတ်တွင် တရားရုံးက အယူခံကိုပယ်ချခဲ့သည်။ ကျားသားစားခြင်းကို တရုတ်လူမျိုးအချို့က ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာစေပြီး ကာမအားတိုးဆေးတစ်ခုအဖြစ် ယုံကြည်ကြပြီး မကြာသေးမီနှစ်များအတွင်း ကျားမှထွက်ရှိသည့်ပစ္စည်းများမှာ ရောင်းဝယ်မှု ရုတ်တရက် ကောင်းလာခဲ့သည်။

တရုတ်နိုင်ငံ အထူးသဖြင့် ဝေးလံခေါင်ပါးသည့် အရှေ့မြောက်ဘက်မှာ ကျားများ ကျက်စားရာနေရာဖြစ်ပြီး အစိုးရ၏ ထိန်းသိမ်းရေးကြိုးပမ်းမှုများ ဆောင်ရွက်သော်လည်း ခိုး၍ဖမ်းဆီးမှုနှင့် ကျက်စားရာနေရာများ ဆုံးရှုံးမှုကြောင့် ကျားကောင်ရေ သိသာစွာ နည်းပါးသွားသည်။ ကမ္ဘာ့အရှားပါးဆုံး မျိုးစိတ်တစ်မျိုးဖြစ်ပြီး တရုတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ပေါက်ဖွားသည့် တောင်တရုတ်ကျားများမှာ မျိုးသုဉ်းသွားမည်ကို စိုးရိမ်ရသည့် တိရစ္ဆာန်များဖြစ်သည်။

**ရိုက်တာ။**

# မလေးရှား ရေဘေးသင့်ပြည်သူများအတွက် နေအိမ်သစ်များ တည်ဆောက်ပေးမည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃၁**

မကြာသေးမီက ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသူ ပြည်သူများအတွက် နေအိမ်သစ်များ တည်ဆောက်ပေးမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ် ရာဇတ်က ဒီဇင်ဘာ ၃၁ ရက်တွင် ကတိပြုပြောကြားသည်။

ရေလွှမ်းမိုးမှုများကြောင့် နေအိမ်များ၊ ပရိဘောဂများ၊ အဝတ်အစားများ၊ မော်တော်ယာဉ်များ၊ အီလက်ထရွန်နစ်နှင့် နေအိမ်သုံးလျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဝန်ကြီးချုပ် နာဂျစ်က ပြောကြားသည်။ ရေဘေးကြောင့် မည်သည့်အတိုင်းအတာအထိ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်ကို မိမိတို့ လေ့လာသွားမည်ဖြစ်ပြီး ရေဘေးသင့်ပြည်သူများကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ရသော စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် လမ်းတံတားများကိုလည်း ပြင်ဆင်ပေးသွားမည်ဟု ဆိုသည်။ ဒီဇင်ဘာ ၁၆ ရက်က ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ရာတွင် မလေးရှားနိုင်ငံရှိ ပြည်နယ်လေးခုတွင် ပျက်စီးဆုံးရှုံးမှုများ ဆိုးဆိုးရွားရွား ပေါ်ပေါက်ခဲ့သည်။ **ပီတီအိုင်။**

# တရုတ်နိုင်ငံတွင် ကားပစ္စည်းစက်ရုံ ဂက်စ်ပေါက်ကွဲ၊ ၁၇ ဦးသေ၊ ၃၃ ဦး ဒဏ်ရာရ

**ပေကျင်း ဒီဇင်ဘာ ၃၁**

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကားပစ္စည်းစက်ရုံတစ်ရုံတွင် ဂက်စ်ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၇ ဦး သေဆုံးပြီး ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။

ဖိုရှန်မြို့ရှိ ဖူဟွာကားစက်ရုံမှ ပေါက်ကွဲသံသုံးကြိမ်ကြားခဲ့ရကြောင်း မျက်မြင်သက်သေများက ဆိုသည်။ အဆိုပါပေါက်ကွဲမှုကြောင့် စက်ရုံနံရံများနှင့် မျက်နှာကြက်များအပြင် အနီးဝန်းကျင်ရှိ ဖန်စက်ရုံနှင့် အခြားစက်ရုံများကိုပါ ထိခိုက်ပျက်စီးစေခဲ့သည်။ ဖူဟွာကားပစ္စည်းစက်ရုံကို သန့်ရှင်းရေးလုပ်ဆောင်ရန် ခေတ္တပိတ်ထားစဉ် ဂက်စ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# ပွင့်လင်းမြင်သာစွာဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်မြဝတီခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပခဲ့သည်။ (အောက်ပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမိုးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသိပေးရှင်းလင်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲများကို ငါးနှစ်တစ်ကြိမ်ကျင်းပရပြီး ပထမအကြိမ်လွှတ်တော်များ၏ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ၁၀ လခန့်သာလိုတော့ကြောင်း၊ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများနှင့်ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများတွင် မဲပေးနိုင်ရန်အတွက် မိမိအမည်မဲစာရင်းတွင်ပါရှိရန်မှာ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ မဲစာရင်းကပ်ချိန်သွားရောက်ကြည့်ရှုရန်လိုအပ်ပြီး ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများ ရရှိစေရန် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲတွင် မိမိဆန္ဒပြုသောမဲသည် ပယ်မဲမဖြစ်စေရေးအတွက်လည်း ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ ပြုလုပ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းထားကြောင်း၊ တိုင်းရင်းသားလူမျိုးဖြစ်ပြီး ရပ်ရွာတွင်အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ ထောက်ခံပါက မဲစာရင်းတွင် ထည့်ပေးရေးဆောင်ရွက်ထားကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ တာဝန် ၁၃ ရပ်ရှိသော်လည်း အနှစ်ချုပ်လိုက်လျှင် အဓိကတာဝန် သုံးခုသာရှိကြောင်း၊ (၁) လွှတ်တော်အသီးသီးအတွက် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများအောင်မြင်စွာကျင်းပပေးခြင်း၊ (၂) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းခြင်း၊ (၃)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ပွင့်လင်းမြင်သာစွာ၊ တရားမျှတစွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီများအနေဖြင့် ဥပဒေကိုသေချာစွာလေ့လာရန်၊ လိုက်နာရန်နှင့် ဥပဒေ၏ အကာအကွယ်ကို ရယူရန် တိုက်တွန်းလိုကြောင်း၊ ရွေးကောက်ပွဲတွင် ပြည်တွင်း/ပြည်ပမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ပြီး လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှတ်ကျောက်တင် သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး နိဂုံးချုပ်အနေဖြင့် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ Observer များနှင့် မီဒီယာများ အနေဖြင့်လည်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ကရင်ပြည်နယ် မြဝတီမြို့ ချစ်ကြည်ရေးတံတားနှင့် အမှတ်(၄)ရပ်ကွက်ရှိ ရွှေမြင်းဝန်ဘုရားသို့ သွားရောက်ခဲ့ပြီး ရွှေမြင်းဝန်ဘုရားတွင် ပန်း၊ ဆီမီး ဆက်ကပ်ပူဇော်ပြီး အလှူငွေများ လှူဒါန်းခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာတွင် KNU တပ်မဟာ (၇)မှ ဦးစောဖေဒို၊ KNU/KNLA(PC) မှ ဦးစောရင်နု၊ ဦးစောနေစိုးမြ၊ DKBA ကလိုထူးဖောတပ်ဖွဲ့မှ ဦးစောမိုရှေး၊ ဦးစတီး၊ ဦးထွန်းထွန်း တို့နှင့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ညနေပိုင်းတွင် မြဝတီမြို့မှ ပြန်လည်ထွက်ခွာလာရာ မြဝတီနှင့် ကော့ကရိတ်ကြားရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီစက်မှုဇုန်တို့အား ဝင်ရောက်ကြည့်ရှုပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် စက်မှုဇုန်အတွင်း စက်ရုံများ တည်ဆောက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ညနေပိုင်းတွင် ကရင်ပြည်နယ် ဖွဲ့ကပင်တောင်ခြေသို့ ရောက်ရှိပြီး ဖွဲ့ကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဇေအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောက်ကလပ်စေတီတော်သို့ သွားရောက်ကာ ပန်း၊ ဆီမီး၊ ရေချမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆုများအတွက် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆုများပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ယခင်သတ်မှတ်ထားသည့် ဘာသာရပ် (၁၃)မျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်တွင်ရယူနိုင်ပြီး နယ်မှစာမူတင်သွင်းလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများမှာယူနိုင်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို ပြောင်းလဲဆောင်ရွက်နေပြီဖြစ်သည့် အဆင့်ဆင့်စိစစ်ဆုရွေးချယ်မှုပုံသဏ္ဌာန်၊ ခေတ်စနစ်နှင့်လျော်ညီစွာ နှစ်အလိုက်တိုးမြှင့်ပေးနေသည့် ဆုကြေးငွေတို့ကြောင့် ယှဉ်ပြိုင်လိုသူများ၏ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသောဝါသနာရှင်များ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက်တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ကြေးမုံ)**

## ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘရူနိုရိုဒရီဂွဲဇ်ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(ကြေးမုံ)**







# ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုပုံရိပ်

**မောင်မောင် (ယထ)**

လွတ်လပ်ရေးရခဲ့တယ်ဆိုတာလည်း မှန်တယ်။ ဘယ်လိုကြိုးပမ်းခဲ့ကြရတယ်ဆိုတာ ပြည်သူတွေ သိကြတယ်ဆိုတာလည်းမှန်ပါတယ်။ သို့သော် ယနေ့ကာလသစ်တွင် မသိသေးသူ လူငယ်တွေသိသွားအောင်၊ သိပြီးသူတွေလည်း ပြန်လည်အလေးထားမြတ်နိုးတတ်အောင်၊ မြတ်နိုးလာအောင် ကြိုးစားတင်ပြလိုပါတယ်။ ကျွန်တော်တို့ရွာမှ ဆွေမျိုးမိသားစု၏ လွတ်လပ်ရေး ကြိုးပမ်း မှုပုံရိပ်အချို့ပါ။ ဖြစ်ရပ်မှန်ဖြစ်ပါတယ်။ မိဘဘိုးဘွားမှ သားစဉ်မြေးဆက် လက်ဆင့်ကမ်းမျှဝေ ပြောပြခံစားကြရတယ်။

မြန်မာနိုင်ငံကို အင်္ဂလိပ်က စစ်သုံးကြိမ်ပြုပြီးတော့ ကျွန်ပြုခဲ့ကြတယ်။ သူ့ကျွန်ဘဝမှာ မြန်မာတွေရဲ့ သယံဇာတတွေ ဆုံးရှုံးခဲ့ရတယ်။ ယဉ်ကျေးမှုတွေ လွှမ်းမိုးခံခဲ့ရတယ်။ လူမှုရေးတွေ နှိမ့်ချခံခဲ့ရတယ်။ လူ့အခွင့်အရေးတွေတစ်ခုမှ မရအောင် တားမြစ်ခဲ့၊ချုပ်ချယ်ခဲ့၊ ချိုးဖျက်ခဲ့၊ အနိုင်ကျင့်ခဲ့ကြတယ်။ ဒီလို ခါးသီးတဲ့ဘဝက လွတ်မြောက်ခဲ့တဲ့ လွတ်လပ်ရေးရဲ့ တန်ဖိုးကို မြန်မာလူငယ်တွေ တန်ဖိုးထားဖို့လိုတယ်။ ဆုံးရှုံးခဲ့တဲ့ လွတ်လပ်ရေးကို ပြန်လည်ရဖို့ ကြိုးပမ်းခဲ့ရတာတွေ၊ အသက်သွေး၊ ချွေးတွေ၊ ပေးဆပ်ခဲ့ရတာတွေ လူငယ်တွေ သိအောင် ဖော်ဆောင်ကြရပါမယ်။

ကျွန်တော်တို့ မိဘဘိုးဘွားတွေက လက်ဆင့်ကမ်းခဲ့ကြတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေရှိပါတယ်။ အမှာစကားတွေရှိပါတယ်။ သူတို့ပြောပြကြတာက-

"စစ်တိုက်ပြီးမှ လွတ်လပ်ရေးကို ကာကွယ်ရတာတစ်ခုတည်း မဟုတ်ဘူး။ ရဟန်း၊ ရှင်လူ၊ အနုပညာရှင် အပါအဝင် လူထုလူတန်းစားအလွှာအသီးသီး၊ နိုင်ငံသားအားလုံးလည်း လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ဖို့ တာဝန်ရှိတယ်"တဲ့။

ကျွန်တော့်ဆွေမျိုးရင်းချာဒေါ်အေးမာရဲ့ အမျိုးသားတိုက်ပွဲမှာ ကျတယ်၊ သူ့အဖေတိုက်ပွဲမှာကျတယ်၊ အစ်ကိုတွေ၊ မောင်တွေ ရှေ့တန်းတိုက်ပွဲမှာ ကျတယ်။ အေးမာ အပူသည်ဖြစ်နေပြီ။ သို့သော် သူသတ္တိရှိရှိနဲ့ တိုက်ပွဲဝင်နေဦးမယ်။ သားလေးမောင်ဝဏ္ဏနဲ့ နှစ်ယောက်ထဲကျန်ခဲ့တယ်။

အေးမာရဲ့ အမျိုးသား တိုက်ပွဲမှာ ဒဏ်ရာတွေ ဗရပွနဲ့ ကျဆုံးခါနီး ဆဲဆဲမှာ "အစ်ကို၊ ဖြစ်ရလေ အစ်ကိုသာဆွေရယ်။" ကိုသာဆွေက "မငိုနဲ့ အေးမာ၊ မငိုနဲ့ကွာ၊ ကိုယ့်အတွက်ကို ဂုဏ်ယူစမ်းပါ၊ "အစ်ကိုတာဝန်ကျေပါတယ်နော်။" "အစ်ကိုတာဝန်ကျေပါတယ်။ လူဆိုတာ တစ်ဘဝမှာ တစ်ခါပဲ သေရတာပါ။ သေရတာချင်းအတူတူ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း သေရတာက မြတ်ပါတယ်။" "အေးမာရယ်. . . သားလေးကို စောင့်ရှောက်ပါနော်။ နိုင်ငံနဲ့ လူမျိုးအတွက် အားထားရတဲ့ သားကောင်းတစ်ယောက်ဖြစ်အောင် လေ့ကျင့် ပေးပါနော်။ နောက်ပြီး အေးမာလည်း ဆက်ပြီးတိုက်ပွဲဝင်ပါ။

လွတ်လပ်ရေးကို ရအောင် . . တိုက်. . ဆက်ပြီး တိုက်. . တိုက်. . တိုက်"

"အစ်ကို . . . အစ်ကို. . ရယ်"။

"အေးမာ . . မငိုဘူး၊ အေးမာ . . မငိုဘူး။ အေးမာ မငိုဘူး။ ကျေနပ်တယ်။ အေးမာအစ်ကို့အတွက် ဂုဏ်ယူပါတယ်။ အေးမာလေ အေးမာရဲ့ သားလေး. . . ပြီးတော့။ အေးမာနဲ့ အစ်ကိုတို့ရဲ့ သားစဉ်မျိုးဆက်တွေအားလုံး . . ရင်ချင်းအပ်. . ကျောချင်းကပ်. . . လက်ချင်းယှက်ပြီး. . . လွတ်လပ်ရေးကို အရယူပါမယ်လို့ ကတိပေးပါတယ် အစ်ကိုရယ်။ ကတိပေးပါတယ်"။

ကျွန်တော့်ဆွေမျိုးများရဲ့ ပြန်လည်ပြီး ဆွေးတမြည့်မြည့်၊ လွမ်းတသသ၊ တမ်းတတတ ပြောပြချက်အရ ဆိုခဲ့ပါ ခေတ်အခါကို တကယ်ပြန်ရောက်သွားသလို ခံစားခဲ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ရေးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သဘောပေါက်ခဲ့ကြရပါတယ်။ လွတ်လပ်ရေးဟာ တကယ်အမှတ်တရပဲ၊ တကယ်ကို တန်ဖိုးထားတတ်ရပါမယ်။ အမှုမဲ့၊ အမှတ်မဲ့နေရင် လွတ်လပ်ရေးဆိုတာ ဖြုန်းခနဲဆုံးရှုံးသွားနိုင်တယ်။ အဲဒီဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးကို၊ ရပြီးသားလွတ်လပ်ရေးကို ပြန်ရရှိဖို့အတွက်ကိုတော့ အသက်၊ သွေး၊ ချွေးနဲ့အချိန်တွေအများကြီးပေးဆပ်ရတယ်ဆိုတာ ကောင်းကောင်းကြီးသဘောပေါက်လောက်ကြပါပြီ။

လွတ်လပ်ရေးနေ့တိုင်း ကျွန်တော်တို့အိမ်မှာ နိုင်ငံတော်အလံကြီးကို လွှင့်ထူထားတယ်။ နိုင်ငံတော်အလံကြီးကို ကြည့်လိုက်ကြပါဦး။ ဘယ်လောက်ကျက်သရေရှိလိုက်သလဲ။

ကျွန်တော်တို့တစ်တွေ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ လက်တွဲပြီး နိုင်ငံရဲ့ လွတ်လပ်ရေးတည်တံ့ခိုင်မြဲအောင်၊ နှင်းပွင့်လေးတွေနဲ့ အပြိုင် စောင့်ရှောက်ပါ့မယ်လို့ ကတိပြုကြမယ်။

လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်ကြီးရဲ့ လွတ်လပ်ရေးကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါစို့လို့ မိဘပြည်သူများနဲ့ လူငယ်မောင်မယ်လေးတွေကို တပ်လှန့်နှိုးဆော်ရင်း လွတ်လပ်ရေးအောင်ပွဲနေ့ထူးနေ့မြတ်ကြီးကို ကြိုဆိုလိုက်ပါတယ်။ ။

## တို့လွတ်လပ်ရေး

ထီးကျိုးကာ နန်းပါပျောက်
ကျွန်သဘောက် ခေတ်အခြေ
တို့တိုင်းပြည် တို့လူမျိုး
ဆိုးလှဖြစ်ထွေ။
လွတ်လပ်ရေးရယ်နဲ့
မြန်မာသွေးရဲရဲစွေ
နင်းဖျက်ချေ ပျက်စေသုဉ်း။
နယ်ချဲ့ဉာဏ်
တကယ်ကွယ့်မဟန်
အကျင့်တန် အကြံယုတ်နဲ့
အုပ်ချုပ်မှုသုံး။
တို့တစ်တွေ သတိချပ်
လွတ်လပ်ရေးဆုံးဖူးပြီ။
ပန်းကောင်းကို အညွန့်ချိုး
ဖြစ်မျိုးပုံညီ။
အရေးကြီးတော့
သွေးနီးကာ ညာသံချီ
ဘာမထီ စိတ်ဓာတ်မွေး။
သွေးချွေးအသက်ရယ်နဲ့
ရင်းဖက်လို့ ရယူအပ်
တို့လွတ်လပ်ရေး။
သွေးချွေးနှင့် အသက်ပေး
လွတ်လပ်ရေးထွက်ဖွေချာ။
တို့တိုင်းပြည် တို့လူမျိုးတွက်
မြတ်နိုးဖွယ်ရာ။
သုံးပါးအရေးရယ်နဲ့
အသက်သွေးကြောပမာ
အမြဲသာ ရင်မှာကိန်း။
စကားမထောင့်
တရားစောင့် မြတ်နှလုံးရယ်နဲ့
သက်ဆုံးတိုင် ယိုင်မလဲ
မြဲမြံအောင်ထိန်း။ ။

ဖိုးလေးလုံးသောင်းကိုကို



# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ် ပေးအပ်

**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာ စာရင်းကိုင်စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ်ဦးမျိုးမြင့်၊ မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များ၊ အလှူရှင်များ၊ သင်တန်းကထိကများ၊ ဆုရရှိသူများနှင့်အောင်လက်မှတ်လက်ခံရယူမည့်သူများတက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းနိုင်ရေးအတွက် စာရင်းပညာဆိုင်ရာနယ်ပယ်အတွက် မြန်မာနိုင်ငံစာရင်းကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာ စာရင်းကိုင် သင်တန်းများကိုစဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေကြောင်း၊ ယနေ့အထိ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ၂၁၈၉ ဦးနှင့် ဒီပလိုမာစာရင်းကိုင် ၄၃၄၈ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ စာရင်းပညာအရည်အချင်း တိုးတက်ရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ စာရင်းလုပ်ငန်း နှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း စသည်များကို အမြဲတစေ လေ့လာမှတ်သားကြပါလို့ တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရင်းကောင်စီဆုနှင့်ပညာရေးရန်ပုံငွေသို့ ကျပ် ၁၀၃ သိန်းလှူဒါန်းခဲ့သည့် အလှူရှင်များအား မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုလက်မှတ်ပေးပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များက စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုငွေများ၊ ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများဆောင်ရွက်

**ညောင်တုန်း  ဒီဇင်ဘာ  ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင် ဦးဆောင်၍ မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကျော်နှင့် ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်တို့ ကြီးကြပ်ပါဝင်ကာ လှိုင်သာယာ- ညောင်တုန်းဓာတ်အားလိုင်းအား ပန်တိုင်မှ ဆားမလောက်ရွာအထိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တိုင်မတ်ခြင်းနှင့် Jumper -connection စစ်ဆေးပြုပြင်ခြင်း၊ ဓာတ်အားပြတ်တောက်မှုအကြိမ် လျော့နည်းရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် မအူပင်၊ ဓနုဖြူ၊ ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၂၅ ဦး ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက်က လျှပ်စစ်ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**



# မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်မိတ်ဆက်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ပြုလုပ်သည့် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက် မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားရာတွင် ဒီမဟာဗျူဟာစီမံချက်ဟာ အခြေခံအားဖြင့် တစ်ဦးချင်းစီနှင့် အိမ်ထောင်စုများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဘေးအန္တရာယ် ကျရောက်နိုင်မှုလျော့ပါးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်ရွယ်ချက်ထားပြီး ရေးဆွဲထားပါကြောင်း၊ အသက်အရွယ် အပိုင်းအခြားအလိုက် ဘဝတစ်သက်တာချဉ်းကပ်မှု (Life Cycle Approach) ကို အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ ဥယျောဇဉ်မှာ နိုင်ငံတော်အစိုးရရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သဘောထားနဲ့ခံယူချက်တွေကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါကြောင်း၊ ပါဝင်ရေးဆွဲခဲ့တဲ့ ဆက်စပ်လျက်ရှိတဲ့ ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းအားလုံး တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မှာဖြစ်ပါကြောင်း၊ ဒီမဟာဗျူဟာစီမံချက်အား မိတ်ဆက်ဖြန့်ချိနိုင်ခြင်းဟာ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိသောကာလအတွင်း ဒီမိုကရေစီနိုင်ငံအသစ် ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့် တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ၏ ဦးစားပေးလိုအပ်ချက်များအား ဖြည့်ဆည်းရမည့် တာဝန်တို့ကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခြင်းရဲ့ ပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဟာ နိုင်ငံတော်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များနဲ့ နိုင်ငံတော်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ အကျိုးသက်ရောက်မှုများစွာရှိတဲ့အတွက် တက်ရောက်လာကြသူအားလုံးအနေနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် ဟန်ချက်ညီညီ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြဖို့ မှာကြားတိုက်တွန်းလိုပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ယူနီဆက်(မြန်မာ)ဌာနေကိုယ်စားလှယ် မစ္စတာ ဘက်ထရွန်ဘိန်းဘဲက ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများကိုယ်စား နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်သော ဦးစိုးမောင်၊ ဦးစိုးဝင်း၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာကိုကိုဦးနှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က မဟာဗျူဟာစီမံချက်စာအုပ်အား ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများထံ ပေးအပ်သည်။

မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှဦးဆောင်၍ ဆက်စပ်လျက်ရှိသည့်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲထားပြီး လုပ်ငန်းအစီအစဉ်(၈)ရပ် ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ မသန်းစွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ အသက်(၃) နှစ်မှ (၁၅)နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင် ပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ အများပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့ကူညီခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း စတဲ့ လုပ်ငန်းများအား တစ်ပြိုင်တည်းဆောင်ရွက်မည်မဟုတ်ဘဲ ဦးစားပေးအစီအစဉ်အတိုင်း ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ပေးသွားနိုင်ပါရန် စီစဉ်ရေးဆွဲထားပါကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်မာ့အလင်းသတင်းစာတိုက်မှ တာဝန်ရှိသူသုံးဦး ထောင်ဒဏ်နှစ်(၄၀)စီ ကျခံစေရန် အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)တွင် မန်နေဂျာတာဝန်ထမ်းဆောင်ခဲ့သည့် ဦးထွန်းထွန်းလတ်နှင့် လက်ထောက်မန်နေဂျာ တာဝန်ထမ်းဆောင်ခဲ့ကြသူ ဦးဝင်းမြင့်နှင့် ဦးကျော်မင်းဦးတို့အား နိုင်ငံတော်ဘဏ္ဍာငွေအလွဲသုံးစားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံးက ပြစ်မှုတစ်ခုလျှင် ထောင်ဒဏ် (၁၀)နှစ်နှင့် ပြစ်မှုလေးခုတို့အတွက် ထောင်ဒဏ်နှစ်(၄၀)အား အသီးသီးကျခံစေရန် ဒီဇင်ဘာ ၃၀ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုသည် မြန်မာ့အလင်းသတင်းစာတိုက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပေါ်ပေါက်ခဲ့သော ငွေကြေးကွာဟမှု၊ အလွဲသုံးစားမှုနှင့် ငွေကြေးလိမ်လည်ထုတ်ယူမှုတို့အတွက် ၂၀၁၁ ခုနှစ်တွင် တရားစွဲဆိုခဲ့သည့် အမှုဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဘဏ္ဍာ မဆုံးရှုံးစေရေးအတွက် ဝရမ်းကပ်သိမ်းဆည်းထားသော တရားခံသုံးဦး၏ နေအိမ်နှင့်တိုက်ခန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အင်းလျားကန်ပေါင်ပေါ်တွင် နှစ်သစ်ကြိုဆိုနေသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက တွေ့မြင်ရစဉ်။ ဌေးအောင်(ကြေးမုံ)

# နိုင်ငံတော်အကြီးအကဲများ၏ ၂၀၁၅ ခုနှစ်အတွက် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ



☆ ရှေ့ဖုံးမှ

အနိုင်ယူကျင့်သုံးနိုင်မှသာလျှင် ၂၀၁၅ ခုနှစ်ဟာ မေတ္တာနှစ်ဖြစ်မှာပါ။ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေအနေနဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမကျင့်စဉ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် အကြမ်းဖက်မှုကင်းတဲ့မေတ္တာနှစ်ကို ကြိုဆိုပြီး မေတ္တာနှစ်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ နှစ်ဦးမင်္ဂလာအခါသမယမှာ အားလုံးသော ဗုဒ္ဓဘာသာဝင်သူတော်စင်များအား တိုက်တွန်းပြောကြားလိုပါတယ်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးကြီးတဲ့နှစ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လေးနှစ်တာကာလမှာ အစိုးရအဖွဲ့အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒနှစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ လူမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုတွေလည်းရရှိခဲ့တယ်။ ဆက်လက်လုပ်ဆောင်ရမယ့်လုပ်ငန်းတွေလည်း ကျန်နေသေးတယ်။

ဒါကြောင့် ၂၀၁၅ ခုနှစ်မှာရရှိပြီးဖြစ်တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ပိုမိုခိုင်မာပြီး ဆက်လက်ရှင်သန်နိုင်ဖို့၊ ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုခိုင်မာဖို့နဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်ရာမှာ အစိုးရအဖွဲ့တစ်ခုတည်းသာမဟုတ်ဘဲ မဏ္ဍိုင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ အရေးအကြီးဆုံးကတော့ ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းထားပြီး ညင်သာတဲ့အသွင်ကူးပြောင်းမှုများကို ဆက်လုပ်နိုင်ဖို့အတွက် အားလုံးက အမြင်ကျယ်ကျယ်၊ ဉာဏ်ပညာရှိရှိ ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။

မိဘပြည်သူများအနေနဲ့လည်း လာမယ့်နှစ်သစ်မှာ ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ဒီထက်ပိုပြီးတိုးတက်အောင် ထမ်းရွက်နိုင်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



အခု ၂၀၁၅ မှာ ပြည်သူတွေကို နှုတ်ဆက်ချင်တာကတော့ အားလုံးကျန်းမာချမ်းသာကြပါစေ။ ကျွန်တော် ဒီ ၂၀၁၅ မှာ ဆုတောင်းပေးချင်တာကတော့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါစေ၊ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှလည်း ပြည်သူတွေ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမယ်။ ကျွန်တော်တို့လိုနေတဲ့ ပညာရေးလုပ်ဆောင်ပေးတာတွေပိုပြီးတော့လုပ်ပေးနိုင်တယ်။ နောက်ကျန်းမာရေးနဲ့ပတ်သက်တဲ့ လုပ်ပေးတာတွေလည်း ကျေးလက်ကျန်းမာရေးကိစ္စတွေရော၊ မြို့ပြကျန်းမာရေးကိစ္စတွေရော ပိုပြီးတော့မှ လုပ်ပေးနိုင်မှာဖြစ်တယ်။ အဲဒါကြောင့်မို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေချင်တယ်။ နောက်တစ်ခါ ကျွန်တော်တို့ပြောနေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်မှုမှာလည်း စီးပွားရေးတိုးတက်လာပါမှ ပိုပြီးတော့ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံရဲ့ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးမှာဆိုလျှင်လည်း တကယ်လို့ စီးပွားရေးဖွံ့ဖြိုးတယ်ဆိုရင် ဒီထက်မက လုပ်ပေးနိုင်မှာဖြစ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျွန်တော်တို့ ဦးစားပေးပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ကတော့ ငြိမ်းချမ်းရေးကိစ္စပါ။ ငြိမ်းချမ်းရေးက ကျွန်တော်တို့အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ ကိစ္စလုပ်ငန်းစဉ်က အောင်မြင်မယ်ဆိုလို့ရှိရင် ဒီ ၂၀၁၅ မှာ အောင်မြင်စေချင်ပါတယ်။ အောင်မြင်ပါမှပဲ နိုင်ငံက တည်ငြိမ်အေးချမ်းမယ်၊ စီးပွားရေးလည်း ဖွံ့ဖြိုးမယ်။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့မျှော်မှန်းထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ပြီးမှ တိုင်းရင်းသားအားလုံး အေးအတူ ပူအမျှ အတူတကွ နေနိုင်တယ်ဆိုတာ အကောင်အထည်ပေါ်လာမှာလို့ ယုံကြည်ပါတယ်။ နောက်တစ်ခါ ဒီငြိမ်းချမ်းရေးရှိမှပဲ စီးပွားရေးက လုပ်လို့ရမှာပါ။ Investment တွေလည်း လာပါမယ်။ မငြိမ်းချမ်းဘဲနဲ့တော့ ရင်းနှီးမြှုပ်နှံမှုက တော်ရုံတန်ရုံနဲ့တော့ သိပ်မလာချင်ကြဘူး။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးကို ရစေချင်ပါတယ်။ နောက်တစ်ခုက နံပါတ်(၃)က နိုင်ငံရေးပါ။ ဒီလာမယ့် ၂၀၁၅ မှာ နိုင်ငံရေးအခြေအနေနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ ကျော်လွှားဖြတ်သန်းသွားလာနိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးတည်ငြိမ်ပါမှ တိုင်းပြည်ပြန်လည်တည်ငြိမ်မှာဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်မှလည်း စီးပွားရေးလည်းလုပ်လို့ရမယ်။ အစစအရာရာလည်း တိုးတက်ဖို့ လမ်းကြောင်းပေါ်ရောက်ရှိမှာဖြစ်တဲ့အတွက် ဒီသုံးခုကိုတော့ ကျွန်တော့်အနေနဲ့ ၂၀၁၅ မှာ အောင်အောင်မြင်မြင်နဲ့ ဖြစ်ပေါ်စေချင်တဲ့ဆန္ဒ။ ဒါကြောင့်မို့ ၂၀၁၅ မှာ ဒါတွေကို အောင်မြင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ ဆုတောင်းပါတယ်။



## ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျား-**

နှစ်သစ်မှာ ကျန်းမာပျော်ရွှင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အခက်အခဲ အကျပ်အတည်းနဲ့ စိန်ခေါ်မှုတွေကို

**"စိုးမရွံ့ . . . တွန့်မတုန်**
**မိုးနဲ့လေ. . . ရေရှုပ်ထွေး**
**ရွှေးမျှမဖြုံ"**

ဆိုတဲ့ ဆရာဇော်ဂျီရဲ့ ဗေဒါလမ်း စိတ်ဓာတ်နဲ့ ကျွန်တော်တို့တစ်တွေ အတူတကွ ရင်ဆိုင်ကျော်လွှားဖြေရှင်းရင်း ၂၀၁၄ ခုနှစ်ကို ဖြတ်သန်းခဲ့ကြပါပြီ။

အောင်မြင်မှုတွေကြောင့် ဂုဏ်ယူပီတိဖြစ်ခဲ့ရတာတွေရှိခဲ့သလို မှန်းသလောက် ခရီးမပေါက်ဘဲ စိတ်နောက်ကိုယ်ပါ လိုရာပြည့်စုံမှုမရှိနိုင်ခဲ့တာတွေကြောင့် စိတ်မကောင်းစရာတွေလည်း ကြုံခဲ့ရပါတယ်။

၂၀၁၄ ခုနှစ် ဖြတ်သန်းမှုအတွေ့အကြုံတွေကနေပြီး သင်ခန်းစာများဖော်ထုတ်ကာ လာတော့မယ့် ၂၀၁၅ ခုနှစ်ကို ပြည်ထောင်စုကြီးအတွက် ငြိမ်းချမ်းမှုနဲ့ ချမ်းသာကြွယ်ဝမှုကို ဆောင်ကြဉ်းလာနိုင်မယ့် နှစ်သစ်အဖြစ် ကျွန်တော်တို့အတူတကွ ဖန်တီးနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။

**"လူထုအား အများကြီးလိုသည်"**ဆိုတာ ကျွန်တော်တို့ရဲ့ စွဲမြဲတဲ့ခံယူချက်ဖြစ်ပါတယ်။

လူထုရဲ့ ယုံကြည်မှုနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုဟာ အောင်မြင်မှုအတွက် သော့ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို **"များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒ ဖြူစင်တဲ့မြေ"** ဖြစ်အောင် ရဲဝံ့တဲ့သတ္တိ၊ ခိုင်မြဲတဲ့သန္နိဋ္ဌာန်၊ အရာရာအသင့်ဖြစ်မှုတွေနဲ့အတူ ကျွန်တော်တို့အားလုံး ပေါင်းရုံးညီညွတ်စွာ အတူတကွ ထူထောင်တည်ဆောက်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**ချစ်ခင်လေးစားရပါသော တိုင်းရင်းသားပြည်သူလူထုအပေါင်းခင်ဗျာ-**

တိုင်းရင်းသားပြည်သူတို့ရဲ့ မျိုးဆက်များဖြင့် ဖွဲ့စည်းထားတဲ့ တပ်မတော်ရဲ့ အကြီးအကဲတစ်ယောက်အနေဖြင့် တပ်မတော်ကိုယ်စား တိုင်းရင်းသားပြည်သူများအားလုံးကို ၂၀၁၄ နှစ်ဟောင်းကုန်လို့ ၂၀၁၅ နှစ်သစ်ကူးအခါသမယမှာ "နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"၊ "မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံပါစေ" လို့ ဦးစွာ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်တို့ တပ်မတော်သားများဟာ ပြည်သူကြားမှ ပေါက်ဖွားလာသူများပီပီ မွန်မြတ်တဲ့စိတ်ထားဖြင့် နိုင်ငံတော်နဲ့ ပြည်သူကို အသက်ခန္ဓာအပ်နှင်းပြီး အလုပ်အကျွေးပြုလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ပြောင်းလဲလျှောက်လှမ်းခဲ့ရာမှာ အောင်မြင်မှုများရရှိခဲ့သလို စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ခဲ့ရပါတယ်။

ယနေ့လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ မလွဲမသွေ ခိုင်ခိုင်မြဲမြဲရှိစေရေးအတွက် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရပ်တည်ချက်များနှင့်အတူ ပူးပေါင်းပါဝင်လျက်ရှိကြောင်း လေးလေးနက်နက်ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့ တည်ရှိမှု၊ သမိုင်းအစဉ်အလာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ အခြေအနေအပေါ် မူတည်ပြီး တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်မှာ နိုင်ငံသားအားလုံး ဆက်လက်လုပ်ဆောင်ရမယ့် လုပ်ငန်းရပ်များစွာရှိပါတယ်။ တပ်မတော်အနေနဲ့ အဆိုပါလုပ်ငန်းရပ်များကို တိုင်းရင်းသားပြည်သူတို့နှင့် ခိုင်မြဲစွာ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးနက်စွာ ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူများအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး နှစ်သစ်မှာ လိုအင်ဆန္ဒများပြည့်ဝပါစေကြောင်း ထပ်မံဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျာ။



# ၂၀၁၅ ခုနှစ်အတွက် ပြည်ထောင်စုအဆင့်နှင့် အလွှာစုံမှ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး

တိုင်းရင်းသားလုပ်သားပြည်သူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ၂၀၁၅ ခုနှစ် နှစ်သစ်မှာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းမှာ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ရွေးကောက်ပွဲကြီးကို ဥပဒေနဲ့အညီ ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် လုပ်သားပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများဟာလည်း ပြည်ထောင်စုသမ္မတမြန်မာ



နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

### စည်သူဘိုကလေးတင့်အောင်

နှစ်သစ်အခါကာလမှာ ဘဘတို့တိုင်းပြည်ကြီးတိုးတက်အောင်၊ လူသားတွေအတွက် အင်မတန်အကျိုးရှိမယ့် လုပ်ငန်းကို လုပ်ဆောင်နိုင်တဲ့ ကိရိယာပစ္စည်းတွေ၊ ဆေးဝါးတွေ၊ ကျန်းမာမှုကိစ္စတွေကို ပညာရှင်တွေက တီထွင်နိုင်ပါစေလို့ ဆုတောင်းတဲ့အပြင် လူသားတွေအနေနဲ့လည်း ကိုယ့်ကျန်းမာရေးကို ဂရုတစိုက် ပြုစုစောင့်ရှောက်ပြီး သက်တော်ရာကျော်ရှည်အောင် နေနိုင်အောင် ဆောင်ရွက်ကြပါလို့ ဆုတောင်းပေးပါတယ်။ တို့မြန်မာရဲ့ နှစ်သစ်ကူးက တန်ခူးလမှာပါ။ ဒါပေမယ့် နိုင်ငံရပ်ခြားတွေရဲ့ နှစ်ကူးတွေကို တို့မြန်မာတွေက လိုက်လျောနိုင်တယ်၊ ကြိုဆိုနိုင်တယ်၊ ပူးပေါင်းဆောင်ရွက်လိုက်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဘဘတို့မြန်မာတိုင်းရင်းသားတွေရဲ့စိတ်ကိုက အင်မတန်နူးညံ့သိမ်မွေ့ပြီးတော့ သူတစ်ဖက်သားကို ကောင်းစေလိုတဲ့စိတ်စေတနာရှိတာကိုး၊ ဒီစေတနာဟာ အားလုံးအပေါ်မှာ သက်ရောက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်



ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နှစ်သစ်ကူးတိုင်း ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။ နှစ်သစ်ကူးပြောင်းတယ်ဆိုတာ လူတိုင်းလူတိုင်းတန်ဖိုးထားပါတယ်။ ဘဘတို့လည်း တန်ဖိုးထားပါတယ်။ မီဒီယာတွေကနေပြီးတော့ လူတွေကျန်းမာမှု၊ ချမ်းသာမှု၊ နေထိုင်နိုင်မှုတွေကို အဆင်ပြေအောင် လူတွေရဲ့ မေတ္တာပို့မှုတွေကို ဆောင်ရွက်ကြတယ်ဆိုတာ ကောင်းတဲ့ မင်္ဂလာမို့ ဘဘဝမ်းသာပါတယ်။

### မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနာယက ဦးခင်မောင်ကျော်

၂၀၁၅ နှစ်သစ်မှာ ပြည်သူပြည်သားအားလုံး တိုးတက်ကြီးပွားပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာမှုအပြည့်ရရှိကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။ အန်ကယ့်အနေနဲ့ကတော့ အင်ဂျင်နီယာတာဝန် ထမ်းဆောင်ခဲ့သူတစ်ယောက်အနေနဲ့ နိုင်ငံကိုစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်စေချင်ပါတယ်။ အာဆီယံနိုင်ငံတွေမှာ ကြည့်ရင် စက်မှုလက်မှုထုတ်လုပ်မှုဖွံ့ဖြိုးပြီးတော့ ဝင်ငွေရရှိမှုမြင့်တယ်။ အလုပ်အကိုင်အခွင့်အလမ်းများတယ်။ ဝင်ငွေရတော့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာမယ်။ ဒါကြောင့်မို့ ရင်းနှီးမြှုပ်နှံသူတွေကိုလည်း စက်မှုလက်မှုကဏ္ဍတွေမှာ ပါဝင်စေဖို့နဲ့ အစိုးရပိုင်းအနေနဲ့လည်း စက်မှုလက်မှုဖွံ့ဖြိုးစေဖို့အတွက် ဝိုင်းဝန်းပံ့ပိုးပေးနိုင်ပါစေလို့ ဆန္ဒပြုရင်း စည်ပင်သာယာဝပြောတဲ့ နိုင်ငံ ဖြစ်လာစေဖို့ မျှော်လင့်ပါတယ်။

၂၀၁၅ မှာ ဘာကိုမျှော်လင့်လဲဆိုတော့ နှစ်စဉ်နှစ်စဉ် ဖြတ်သန်းခဲ့တဲ့



အတွေ့အကြုံတွေအရ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်နဲ့ လုပ်ငန်းတွေ ဆောင်ရွက်ကြဖို့၊ အဆင့်အသီးသီး၊ ကဏ္ဍအသီးသီး၊ အလွှာအသီးသီးကနေ ပူးပေါင်းပါဝင်ပြီး တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုနဲ့ မေတ္တာတရားထားရှိပြီး လုပ်ငန်းတွေဆောင်ရွက်ကြမယ်ဆိုရင် အရင်နှစ်ထက် သာလွန်တဲ့ နှစ်တစ်နှစ်ဖြစ်လာမှာပါလို့ ပြောချင်ပါတယ်။

### ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း

လာမယ့် ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံး တည်ငြိမ်အေးချမ်းတဲ့အကျိုးတွေ ခံစားပြီးတော့ ဒီမိုကရေစီ အသီးအပွင့်တွေလည်း ခံစားနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ မှာကြားလိုတာကတော့ လက်ရှိရရှိပြီးတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ပို၍ပို၍ ခိုင်မာပြီးတော့ အားလုံးလိုချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် အားလုံးသော အဖွဲ့အစည်းအသီးသီး နိုင်ငံရေးခေါင်းဆောင်အသီးသီးအပါအဝင် စိတ်ရှည်သည်းခံပြီးတော့ အပေးအယူမျှတစွာနဲ့



ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြပါလို့ ကျွန်တော်က ပြောကြားလိုပါတယ်။

### အကယ်ဒမီဒါရိုက်တာ ဦးကြည်စိုးထွန်း

မင်္ဂလာတရားတော်ထွန်းကားတဲ့ ဆရာတို့ရဲ့ မြန်မာနိုင်ငံအနေနဲ့ နှစ်သစ်မှာ မင်္ဂလာတရားတော်နဲ့အညီ နေထိုင်ရင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ တိုင်းသူပြည်သားများဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဆရာရုပ်ရှင်မရိုက်ဖြစ်တော့တာ ၁၀ နှစ်ရှိသွားပါပြီ။ အခု ၂၀၁၅ ခုနှစ် ၁၀ နှစ်ပြည့်တဲ့အချိန်မှာ နိုင်ငံအတွက်လည်း အကျိုးရှိမယ့်၊ ဆရာ့ပရိသတ်တွေကိုလည်း အကျိုးပြုနိုင်တဲ့ဇာတ်ကားကောင်းလေးဖြစ်အောင် သပ်သပ်ရပ်ရပ်ကလေးနဲ့ နိုင်ငံတကာကို ပြသနိုင်မယ့် ရုပ်ရှင်ကားမျိုးရိုက်ဖို့ကြိုးစားနေပါတယ်။ ဘယ်လိုရုပ်ရှင်ကားမျိုးလည်းဆိုတော့ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က ဆရာဝယ်ထားတဲ့ လယ်တွင်းသားစောချစ်ရဲ့ဝတ္ထုလေးပါ။



စာပေဗိမာန် ဆုကော၊ အမျိုးသားစာပေဆုကော ရထားတဲ့ ဝတ္ထုလေးပေ့ါ။ အခုအချိန်မှာ အဲဒါလေးက နိုင်ငံအတွက်လည်း လိုအပ်မယ်၊ ဆရာကလည်း ခွန်အားရှိတဲ့အချိန်ဆိုတော့ နှစ်သစ်မှာ အကောင်းဆုံးရိုက်ကူးတင်ဆက်နိုင်ဖို့ ကြိုးစားသွားမှာပါ။

### စည်သူ အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး အတွင်းရေးမှူး

နှစ်သစ်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနုပညာကို ချစ်မြတ်နိုးပြီး တန်ဖိုးထားနိုင်ကြပါစေ။ ပျော်ရွှင်နိုင်ကြပါစေ။ ကြောင့်ကြခပ်သိမ်းကင်းဝေးကြပါစေ။ ဆင်းရဲခပ်သိမ်းကင်းဝေးကြပြီး ဆင်းရဲခြင်း ငရဲတွင်းမှ လွတ်မြောက်ကြပါစေ။ လူငယ်တွေ အမေ့သား၊ အမေ့သမီးတွေ



အားလုံးပဲ လိမ္မာရေးခြားရှိကြပြီး နိုင်ငံနဲ့ လူမျိုးအကျိုးကို သယ်ပိုးနိုင်ကြပါစေ။

### အကယ်ဒမီလွင်မိုး

၂၀၁၅ နှစ်သစ်မှာ ကျွန်တော်တို့ရဲ့ အနုပညာချစ်ပရိသတ်တွေ၊ ညီအစ်ကိုမောင်နှမတွေအားလုံး မိမိတို့လိုချင်တဲ့၊ ဖြစ်ချင်တဲ့ဆန္ဒတွေ အမြန်ဆုံးပြည့်ဝပါစေ။ ကျွန်တော်တို့နိုင်ငံကြီးလည်း ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်းလို့ လူတစ်ဦးချင်းစီရဲ့ ဝင်ငွေတွေ တိုးပွားပါစေ။ ပြည်သူချစ်တဲ့ အနုပညာရုပ်ရှင်လုပ်ငန်းကြီးလည်း တိုးတက်အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။



### ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း

၂၀၁၅ ခုနှစ်ကို ရောက်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ သက်တမ်းရဲ့ နောက်ဆုံးနှစ်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော်တို့လုပ်ရမယ့် လုပ်ငန်းတာဝန်တွေ အများကြီးရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့မူ၊ နိုင်ငံတော်အစိုးရရဲ့မူကတော့ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာမှသာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ သမ္မတကြီး ဦးသိန်းစိန်တာဝန်စယူတဲ့ အချိန်ကစပြီးတော့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကိစ္စတွေ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အခုဆို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့ အနက် ၁၄ ဖွဲ့နဲ့ ကျွန်တော်တို့ လက်မှတ်ထိုးပြီးဖြစ်ပါတယ်။ နောက် ၁၆ ဖွဲ့ ပါဝင်တဲ့ NCCT အဖွဲ့နဲ့လည်း ကျွန်တော်တို့ အခု တွေ့ဆုံဆွေးနွေးပွဲတွေကို အကြိမ်ကြိမ် လုပ်ခဲ့ပါတယ်၊ ငြိမ်းချမ်းရေး စာချုပ်ကြီးချုပ်နိုင်ရန်အတွက် ကျွန်တော်တို့အားလုံး တိုင်ပင်ပြီး ပြင်ဆင်နေပါတယ်။ အဲဒီငြိမ်းချမ်းရေးစာချုပ်ကြီးထဲမှာ အချက်ပေါင်း (၁၀၃) ချက်ပါပြီးတော့မှ အဲဒီ(၁၀၃)



ချက်စလုံးကိုလည်း မူဝါဒတွေအားလုံးက ကျွန်တော်တို့ရရှိပြီးသားဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ နှစ်ဖက်လူကြီး တွေ တင်ပြပြီးတဲ့အခါမှာ လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ မကြာခင်ကာလမှာလည်း ငြိမ်းချမ်းရေးရမယ်လို့ ကျွန်တော့်အနေနဲ့အခိုင်အမာယုံကြည်ပါတယ်။ အဲတော့ ကျွန်တော့်အနေနဲ့ နှစ်သစ်မှာ ပြောချင်တာကတော့ ငြိမ်းချမ်းရေးကို ကျွန်တော်တို့ ရအောင်လုပ်ပါ့မယ်။ အဲတော့ မြန်မာနိုင်ငံကြီး ငြိမ်းချမ်းစေချင်ပါတယ်။ ကမ္ဘာကြီး ငြိမ်းချမ်းစေချင်ပါတယ်။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

### အမျိုးသားစာပေဆုရ သတင်းစာဆရာကြီး နတ်မောက်ထွန်းရှိန်

မြန်မာလူမျိုးသာမက လူမျိုးတိုင်း နှစ်သစ်ကိုကြိုဆိုကြစမြဲပါ။ ကုန်ဆုံးခဲ့တဲ့ နှစ်ဟောင်းကို ပြန်လည်သုံးသပ်ပြီး နှစ်သစ်အတွက်အားသစ်ခွန်သစ်မွေးပြီး အလုပ်လုပ်သွားကြဖို့ လိုအပ်ပါတယ်။ နှစ်သစ်မှာ ကိုယ်ရောစိတ်ရောရွှင်လန်းပြီး ငြိမ်းချမ်းတဲ့နိုင်ငံတော်ကြီးကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ မင်္ဂလာရှိသော နှစ်သစ်ခြေလှမ်းတွေနဲ့ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအေးချမ်းပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေ။



### စာရေးဆရာမ သန်းမြင့်အောင်

ပြီးခဲ့တဲ့ နှစ်ဟောင်းက အညစ်အကြေးတွေနဲ့အတူ လူသားအချင်းချင်း




သံသယတွေ၊ အာဃာတတွေ၊ မာန်မာနတွေ၊ အမုန်းတရားတွေ၊ ပဋိပက္ခတွေအားလုံး ၂၀၁၄ မှာချန်ထားရစ်နိုင်ကြပါစေ။

ယနေ့ နှစ်သစ်မင်္ဂလာ ရက်မြတ်မှစ၍ စိတ်သစ်၊ လူသစ်၊ လူသားကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံနိုင်သော နှလုံးသားအသစ်များနဲ့ အတ္တများကိုဖြုတ်ချပြီး ၂၀၁၅ ကို မင်္ဂလာရှိစွာ ဖြတ်သန်းနိုင်ကြပါစေ။

မြန်မာနိုင်ငံတစ်ဝန်းလုံး ဘေးဘယာဝေးကွာပြီး ရွှင်လန်းကျန်းမာ၊ ငြိမ်းချမ်းသာယာစွာရှင်သန်နိုင်ကြပါစေ။

### မတင်မိုးလွင်

နှစ်သစ်မင်္ဂလာပါရှင်။
ပြည်သူအတွက်
ကြေးမုံပြင်ကဲ့သို့
ကြည်လင်မှန်ကန်တဲ့
သတင်းစာဖြစ်ပါစေ။



**နှစ်သစ်မှာ ပြည်သူပြည်သားအားလုံး တိုးတက်ကြီးပွားပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာမှုအပြည့်ရရှိကြပါစေ။**

●ကျောဖုံးမှ

သတင်းရယူမည့် မီဒီယာများအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် -

(၁) မီဒီယာဝင်ခွင့်ကတ်ပြားများကို ၂-၁-၂၀၁၅ ရက်နှင့် ၃-၁-၂၀၁၅ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) အခမ်းအနားသို့ဝင်ရောက်ရန် လုံခြုံရေးဆပ်ကော်မတီက စိစစ်ချိန်မှစပြီး အခမ်းအနားပြီးဆုံးသည်အထိ မီဒီယာဝင်ခွင့်ကတ်ပြားများကို ချိတ်ဆွဲထားရပါမည်။

(၃) အခမ်းအနားရိုက်ကူးခွင့်ရရှိသည့် မီဒီယာများအနေဖြင့် သတ်မှတ်ထားသည့် Press Area တွင် စနစ်တကျ နေရာယူဆောင်ရွက်ရန်နှင့် Press line ကို ကျော်လွန်၍ ရိုက်ကူးခြင်းမပြုရန် ဂရုပြုဆောင်ရွက်ရပါမည်။

(၄) မိမိသတင်းရယူမည့်နေရာကို မိမိတို့ကိုယ်တိုင် ရွေးချယ်နေရာယူရမည်ဖြစ်ပါသည်။ မည်သည့်နေရာမှဝင်ရောက်နေရာယူ၍ သတင်းရယူမည်ကို ၂-၁-၂၀၁၅ ရက်နှင့် ၃-၁-၂၀၁၅ ရက် ကတ်ပြားထုတ်ပေးမည့်နေရာတွင် သတင်းပို့ရန်ဖြစ်ပါသည်။

(၅) နေရာယူပြီးနောက် သတင်းရယူရာနေရာမှ အခြားနေရာသို့ မည်သည့်အကြောင်းပြချက်မျှ ဝင်၊ ထွက်ခြင်း မပြုလုပ်ရပါ။

(၆) ဗိုလ်ရှုခံအခမ်းအနားကျင်းပပြီးစီးသည်အထိ ၎င်းနေရာတွင်သာ ရှိရမည်ဖြစ်ပါသည်။ အခမ်းအနားပြီးစီးမှသာ ပြင်ပသို့ ထွက်ခွင့်ရမည် ဖြစ်ပါသည်။

(၇) နိုင်ငံတော်အခမ်းအနားဖြစ်သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်သော မသင့်လျော်သည့် ဘောင်းဘီတို၊ တီရှပ်၊ စကပ်တို၊ ဂျင်းဘောင်းဘီ စသည့် ဝတ်စားဆင်ယင်မှုမျိုးကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ အမျိုးသားဖြစ်ပါက အင်္ကျီ၊ ပုဆိုး (သို့မဟုတ်) ဘောင်းဘီရှည် (ဂျင်းဘောင်းဘီမပါ) (သို့မဟုတ်) ဆာဖာရီဝတ်စုံ၊ အမျိုးသမီးဖြစ်ပါက မြန်မာအင်္ကျီ၊ ထဘီ (သို့မဟုတ်) ဘောင်းဘီရှည် (ဂျင်းဘောင်းဘီမပါ) (သို့မဟုတ်) ဆာဖာရီဝတ်စုံ ဝတ်ဆင်နိုင်ပါသည်။

(၈) ဗိုလ်ရှုခံအခမ်းအနားသို့လာရောက်မည့် မီဒီယာသမားများသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ၄-၁-၂၀၁၅ ရက် နံနက် ၄ နာရီအရောက် မိမိအစီအစဉ်ဖြင့် လာရောက်ရမည်ဖြစ်ပါသည်။ ဝန်ကြီးရုံးရှေ့ဂိတ်ပေါက်ဝတွင် လုံခြုံရေးဆပ်ကော်မတီမှ လိုအပ်သည်များစစ်ဆေးပြီး ဝန်ကြီးဌာနအစီအစဉ်ဖြင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးပါမည်။ အပြန်တွင်လည်း အခမ်းအနားပြီးပါက မိနစ် ၃၀ အတွင်းစုစည်း၍ နံနက် ၈ နာရီ ၄၅ မိနစ် နောက်ဆုံးထားပြီး ယာဉ်များဖြင့် ဝန်ကြီးရုံးသို့ ပြန်လည်ပို့ဆောင်ပေးပါမည်။

(၉) သိရှိလိုသည်များရှိပါက ဦးမြင့်ကျော် ညွှန်ကြားရေးမှူး ဖုန်း- ၀၆၇-၄၁၂၀၀၂ နှင့် ဦးမောင်ဖေ ညွှန်ကြားရေးမှူး ဖုန်း- ၀၆၇-၄၁၂၀၂၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁၀) လုံခြုံရေးအရ ဆောင်ရွက်ချက်များကို လိုက်နာရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် Press Area များတွင် တာဝန်ချထားသည့် မီဒီယာဆက်ဆံရေးအရာရှိများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားဆောင်ရွက်မည့်သူများအား ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၇) လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်ရုံးသို့ရောက်ရှိပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်လွှာများ စတင်လက်ခံဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်လွှာ လာရောက်ထုတ်ယူကြသူများ၊ လျှောက်ထားရန် လာရောက်စုံစမ်းလေ့လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီးနောက် Server ခန်းအတွင်း လုပ်ငန်းဆိုင်ရာဆက်စပ်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်၍ ပညာပေးကာလအဖြစ် သတ်မှတ်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် လျှောက်ထားလိုသူများအတွက် လျှောက်လွှာများ ထုတ်ပေး/လက်ခံမှု စတင်ဆောင်ရွက်ခဲ့ရာ စတင်ဆောင်ရွက်သည့်နေ့မှာပင် လျှောက်လွှာတောင်းခံသူများ၊ လာရောက်စုံစမ်းမေးမြန်းသူများ အများအပြားရှိခဲ့ကြောင်းသိရသည်။ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အရည်အချင်းပြည့်မီသူ ပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်နှင့် ရင်းနှီးမြှုပ်နှံနိုင်သူမဟုတ်သော်လည်း နိုင်ငံကို အထောက်အကူပြုမည့် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသားနှင့် သွေးဆက်စပ်နေသည့် နိုင်ငံခြားသားများ လျှောက်ထားနိုင်ပြီး အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အမြဲနေထိုင်ခွင့် သက်တမ်းအဖြစ် ကနဦး ငါးနှစ်ရရှိမည်ဖြစ်သည်။ ကနဦး ငါးနှစ်ပြည့်ပြီးပါက ထပ်မံ၍ တစ်ကြိမ်လျှင် ငါးနှစ်သက်တမ်းတိုး လျှောက်ထားနိုင်သည်။ ကနဦးနေထိုင်ခွင့်လျှောက်ထားခြင်းအတွက် ပြန်လည်ထုတ်ယူ၍မရသည့် အမေရိကန်ဒေါ်လာ ၅၀၀ ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အမြဲနေထိုင်ခွင့်ပြုချက်ရရှိပါက နိုင်ငံခြားသားတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံသားဟောင်းတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၊ ခွင့်ပြုသည့် ပုဂ္ဂိုလ်နှင့်အတူ တစ်ပါတည်း အမြဲနေထိုင်ခွင့်လျှောက်ထားသည့်အသက် ခုနစ်နှစ်အထက်မှ (၁၈) နှစ်အထိ တရားဝင်သားသမီးတစ်ဦးစီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ ပေးသွင်းရမည်ဖြစ်ပြီး အသက်ခုနစ်နှစ်နှင့်အောက် အခမဲ့ဖြစ်ကြောင်း သိရသည်။ စတင်ဆောင်ရွက်သည့် ဒီဇင်ဘာ ၂၉ ရက်က နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်လွှာတောင်းခံရာ၌ လုပ်ငန်းကျွမ်းကျင်ပညာရှင်အတွက် လျှောက်လွှာ ခုနစ်စောင်၊ စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူအတွက်လျှောက်လွှာ ခြောက်စောင်၊ မြန်မာနိုင်ငံသားဟောင်းများအတွက် လျှောက်လွှာ ၄၅ စောင်၊ မြန်မာနိုင်ငံသားနှင့် သွေးဆက်စပ်သူ နိုင်ငံခြားသားအတွက် လျှောက်လွှာ ၁၄ စောင် စုစုပေါင်း လျှောက်လွှာ ၇၂ စောင် လျှောက်လွှာထုတ်ပေးခဲ့ကြောင်း သိရှိရပြီး လျှောက်လွှာလာရောက်တောင်းခံသူများနှင့် လုပ်ငန်းဆိုင်ရာ လေ့လာစုံစမ်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်းနှင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် Website ဖြစ် သည့် www.mip.gov.mm တွင် လည်း လုပ်ငန်းဆိုင်ရာအချက်အလက် များအား အသေးစိတ်ဖော်ပြထားကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ဘားအံမြို့တွင် ကရင်စာပေဆရာဖြစ် ရက်တိုသင်တန်းဆင်း

**ဘားအံ ဒီဇင်ဘာ ၃၁**

ကရင်ပြည်နယ်အတွင်း ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအတွက်ရည်ရွယ်၍ဖွင့်လှစ်သော ကရင်စာပေဆရာဖြစ် ရက်တိုသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ သင်တန်းဆင်းအောင်လက်မှတ်များကို ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောအေးမြက ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ပံ့ပိုးငွေကျပ် ၁၀ သိန်းအား ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌက လက်ခံရယူသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ သင်တန်းပို့ချပြီး သင်တန်းသားသင်တန်းသူ ၅၀၃ ဦးတက်ရောက် သင်ကြားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

"အကယ်ဒမီနိုင်သင်းကြည် အတွက်ဂုဏ်ယူဝမ်းမြောက်ခြင်း"

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ပွဲတွင် အမျိုးသမီး ဇာတ်ပို့ဆုရရှိခဲ့သော အကယ်ဒမီ နိုင်သင်းကြည်အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။ (၅၈) ကြိမ်မြောက် အကယ်ဒမီ ဆုပေးပွဲတွင် အနုပညာ သက်တမ်း အနှစ် ၂၀ ကျော်၏ အထိမ်းအမှတ်ဖြစ်ခဲ့သလို ရှေ့လျှောက်အနုပညာခရီးလမ်းတွင်လည်း ပျော်ရွှင်ဖွယ် အမှတ်တရများစွာ ကြုံရပါစေကြောင်းဆုတောင်းလိုက်ပါသည်။

ကိုဝန့်နိုင်
သမီးစံထိပ်ထားဦး
Triplus Fashion နှင့် KTK Garment Factory မှဝန်ထမ်းများ

# လင်းခေးခရိုင် လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာအနီးတွင် တရားမဝင်သစ်သိမ်းဆည်းရမိမှုနှင့် သစ်တောဝန်ထမ်းများ ပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်အပေါ် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက လင်းခေးခရိုင် လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာအနီးတွင် တရားမဝင်သစ် ဖမ်းဆီးရမိမှုနှင့် သစ်တောဝန်ထမ်းများ ပစ်ခတ်တိုက်ခိုက်ခံမှုဖြစ်စဉ်အပေါ် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့နံနက် ၁၁ နာရီက သစ်တောဦးစီးဌာန ရုံးအမှတ် (၃၉) နေပြည်တော်၌ ပြုလုပ်သည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်သော ဦးဇော်မင်းနှင့် ဦးကျော်ကျော်လွင်တို့က သစ်တောဝန်ထမ်းများ ပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ညွှန်ကြားရေးမှူး ဦးဇော်မင်းက ဖြစ်စဉ်ကို ရှင်းလင်းပြောကြားရာတွင် လင်းခေးခရိုင် ဝမ်စလောင်းရွာအနီးတွင် ပိတောက်သစ်များ ခိုးထုတ်နေကြောင်း ရှမ်းပြည်နယ် သစ်တော/သတ္တုဝန်ကြီးက ဖုန်းဖြင့်ဆက်သွယ်၍ အကြောင်းကြားချက်အရ လင်းခေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ ဦးစီးအရာရှိ ဦးခိုင်မွန်နှင့် ဘိနယ်သစ်တောဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်က ဝမ်ဟတ်ရဲစခန်းမှ စခန်းမှူးပါ ရဲတပ်ဖွဲ့ဝင် အင်အားလေးဦးနှင့်အတူ ဝမ်စလောင်းရွာသို့ ကွင်းဆင်းရှာဖွေခဲ့ရာ ထူးခြားမှုမရှိသဖြင့် လင်းခေးသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း။

ဒီဇင်ဘာ ၂၆ ရက်တွင် ဝမ်စလောင်းရွာအနီး ဆက်လက်ရှာဖွေခဲ့ရာ ရွာမြောက်ဘက်နေရာမှ တရားမဝင် ပိတောက်သစ်လုံး ၂၀၂ လုံး (ခန့်မှန်း ၃၄ တန်ခန့်) နှင့် ဝမ်စလောင်းရွာအရှေ့ဘက်နေရာမှ တရားမဝင် ပိတောက် သစ်လုံး ၈၀၀ ကျော် (ခန့်မှန်း တန် ၁၇၀ ခန့်) အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး သစ်လုံးထိပ်များပေါ်တွင် အင်္ဂလိပ်အက္ခရာ(S)(အက်စ်) သုံးခု ရိုက်နှိပ်ထားသည်ကို တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် လင်းခေးသို့ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း။

ဒီဇင်ဘာ ၂၇ ရက်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ ဦးစီးအရာရှိ ဦးခိုင်မွန်၊ လင်းခေးမြို့နယ်မှ တောအုပ်ဦးစောစစ်မထွန်း၊ တောခေါင်း ဦးသန်းထိုက်အောင်၊ တောခေါင်း(ယာဉ်မောင်း)ဦးဗိုလ်မင်း၊ မိုးနဲမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးဝင်းလွင်၊ တောခေါင်း ဦးစစ်ထွေး စုစုပေါင်း ခုနစ်ဦးပါဝင်သောအဖွဲ့သည် လင်းခေးမြို့မှ မော်တော်ယာဉ်နှစ်စီးဖြင့် ဝမ်စလောင်းရွာဘက်သို့ ထွက်ခွာခဲ့ကြောင်း၊ တောအုပ် ဦးစောစစ်မထွန်းနှင့် အရပ်သား သုံးဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းက ဝမ်စလောင်းရွာမှ လင်းခေးသို့ ကြိုတင်ပြန်လည်စေလွှတ်ခဲ့သဖြင့် အဆိုပါအဖွဲ့သည် ညနေ ၅ နာရီခွဲတွင် မော်တော်ယာဉ်တစ်စီးဖြင့် ထွက်ခွာသွားခဲ့ကြောင်း၊ ကျန်ရှိခဲ့သူများ အနက် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ ဦးစီးအရာရှိ ဦးခိုင်မွန်၊ တောအုပ် ဦးဝင်းလွင်၊ တောခေါင်း (ယာဉ်မောင်း) ဦးဗိုလ်မင်းတို့သည် မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ တောခေါင်း ဦးစစ်ထွေးနှင့် ဦးသန်းထိုက်အောင်တို့သည် ဆိုင်ကယ်နှစ်စီးဖြင့်လည်းကောင်း ဝမ်စလောင်းရွာမှ ညနေ ၆ နာရီ ၁၅ မိနစ်တွင် လင်းခေးသို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း၊ ဝမ်စလောင်းရွာမှ လေးမိုင်ခန့် အကွာသို့အရောက်တွင် ပြောက်ကျားယူနီဖောင်းဝတ်လက်နက်ကိုင်သောင်းကျန်းသူ ငါးဦးခန့်က ဆိုင်ကယ်နှင့်ကားများကို သေနတ်ဖြင့်ချိန်ရွယ်၍ တားဆီးခဲ့သဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းက အတင်းမောင်းနှင်ထွက်ပြေးစေခဲ့ရာ သောင်းကျန်းသူများက လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ တောအုပ် ဦးဝင်းလွင်မှာ ကားပေါ်မှခုန်ချထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း။

ဖြစ်စဉ်အား သိလျှင်သိချင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် အခြေချစစ်ဗျူဟာမှူးထံ သတင်းပို့၍ နယ်မြေခံစစ်ကြောင်းဖြင့် တောအုပ်ဦးဝင်းလွင်လိုက်ပါကာ အခင်းဖြစ်နေရာသို့ချီတက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိခဲ့ကြောင်း၊ ပစ်ခတ်ခံထားရသော မော်တော်ယာဉ်၊ ဆိုင်ကယ်တို့နှင့်အတူ အလောင်းလေးလောင်းကို တွေ့ရှိခဲ့ကြောင်း၊ တောအုပ်ဦးဝင်းလွင်၏ အတည်ပြုချက်အရ သေဆုံးသူများမှာ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ တောခေါင်း ဦးစစ်ထွေး၊ တောခေါင်းဦးသန်းထိုက်အောင်နှင့် တောခေါင်း (ယာဉ်မောင်း)ဦးဗိုလ်မင်းတို့ဖြစ်ကြောင်း၊ ဦးစီးအရာရှိ ဦးခိုင်မွန်မှာ ပစ်ခတ်မှုဖြစ်ပွားစဉ် ထွက်ပြေးလွတ်မြောက်ခဲ့ပြီးနောက် အခင်းဖြစ်နေရာနှင့် တစ်မိုင်ခန့်အကွာတွင် ပုန်းအောင်းနေခဲ့ရာမှ ရောက်ရှိလာသောတပ်မတော်စစ်ကြောင်းနှင့် ပြန်လည်တွေ့ဆုံခဲ့ကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများကို နောင်သားစဉ်မြေးဆက်တိုင် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး အစဉ်အလေးထား၍ တရားမဝင်သစ်ခိုးထုတ်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေရာ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို အဓိကအားပြုဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးအရ အားနည်းသော နယ်မြေများတွင် တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်များ၏အကာအကွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်အရ မော်တော်ယာဉ်ကို ရှေ့မှပစ်ခြင်း၊ ကားနှင့်အလောင်းများအနေအထားအရ ယာဉ်ပေါ်မှဆွဲချပြီး ပစ်သတ်ထားခြင်း၊ တရားမဝင်သစ်လုံးများတွင် (SSS)သုံးလုံးတံဆိပ်ပါရှိနေသောကြောင့် လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့်ပတ်သက်သည်ဟု ယူဆရကြောင်း၊ ယခုကဲ့သို့ ငြိမ်းချမ်းရေးတည်ဆောက်နေစဉ်တွင် ဥပဒေနှင့်မညီသော တရားမဝင်သစ်ခိုးထုတ်နေခြင်းသည် နိုင်ငံတော်၏သစ်တောသယံဇာတများ ပြုန်းတီးဆုံးရှုံးစေခြင်း၊ အခွန်ဘဏ္ဍာများနစ်နာဆုံးရှုံးစေခြင်း ဖြစ်စေသည့်အပြင် တရားမဝင်သစ်ခိုးထုတ်မှုမှ ရရှိလာသောအကျိုးအမြတ်များကိုမျှော်ကိုး၍ အပြစ်မဲ့လက်နက်မဲ့ပြည်သူ့ဝန်ထမ်းများကို သတ်ဖြတ်နေခြင်းမှာ လုံးဝသင့်လျော်မှုမရှိကြောင်း၊ ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ဤဖြစ်စဉ်ကဲ့သို့ ဆိုးရွားခြင်းမရှိသော်လည်း လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဖြစ်စဉ်ခြောက်ခု၊ ၂၀၁၂-၂၀၁၃ တွင် ဖြစ်စဉ် ကိုးခု၊ ၂၀၁၃-၂၀၁၄ တွင် ဖြစ်စဉ် သုံးခုရှိခဲ့ဖူးကြောင်း၊ ၎င်းတို့သည် တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်မှုရှိနေပါကြောင်း၊ ယခုဖြစ်စဉ်သည် သစ်တောဦးစီးဌာနအတွက်သာမက နိုင်ငံတော်အတွက်လည်း ဝန်ထမ်းကောင်းများဆုံးရှုံးစေမှုကိုဖြစ်စေပါကြောင်း ရှင်းလင်းပြောကြားသွားသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးဇော်မင်းက သေဆုံးသွားသော ဝန်ထမ်းလေးဦး၏ ကျန်ရှိမိသားစုများအပေါ် ဝန်ကြီးဌာနမှ ကူညီပံ့ပိုးထောက်ပံ့ပေးရန် ဆောင်ရွက်ထားရှိမှု၊ သားသမီးများ၏ ပညာရေးဆုံးခန်းတိုင်အောင် ကူညီနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ သစ်တောသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်အပေါ် ဆောင်ရွက်နေမှု၊ တရားမဝင်သစ်ဖမ်းဆီးရေးဆောင်ရွက်မှု အခြေအနေများ၊ လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ တရားမဝင်သစ်ခိုးထုတ်မှုများတွင် ပါဝင်ပတ်သက်ဆောင်ရွက်မှုများနှင့် ယခင်ဖြစ်ပွားခဲ့သော သစ်တောဝန်ထမ်းများအား လက်နက်ကိုင်တိုက်ခိုက်မှုဖြစ်စဉ်များကို အထောက်အထားမှတ်တမ်းဓာတ်ပုံများနှင့်တကွ ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများမှ သိလိုသည်များကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အနောက်ပိုင်းခရိုင်နယ်မြေအတွင်းရှိ မြို့နယ်များသို့ စက်ဘီးလှည့်ကင်းဖြင့် လုံခြုံရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၃၀ ရက် ည ၉ နာရီခွဲမှ ၃၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ထိ အနောက်ပိုင်းခရိုင် နယ်မြေအတွင်းရှိ ဒဂုံမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ လသာမြို့နယ်၊ လမ်းမတော်မြို့နယ်များအတွင်း ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် စက်ဘီးလှည့်ကင်းဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းကြည်ဦးစီး၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိများ၊ သက်ဆိုင်ရာမြို့နယ်များရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများပါဝင်သော တပ်ဖွဲ့ဝင် ၂၀ သည် EU မှ Mr.David Hamliton လိုက်ပါ၍ နယ်မြေအတွင်းရောက်ရှိခဲ့သော မြို့နယ်များရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုံခြုံရေးကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းကိစ္စများတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စက်ဘီးလှည့်ကင်းရောက်ရှိသည့် မြို့နယ်များတွင် သတင်းမီဒီယာများမှ သတင်းရယူခဲ့ကြပြီး ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အပေါ် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် နှစ်ကုန်ဆုံးပြီး ၂၀၁၅ ခုနှစ် နှစ်သစ်ကူးချိန်တွင် အများပြည်သူများ အေးချမ်းစွာ ပျော်ရွှင်နိုင်စေရေးအတွက် ယခုကဲ့သို့ စက်ဘီးလှည့်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်**








ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ကို စတင်ဝင်ရောက်လို့လာခဲ့ပါပြီ။ ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ကစားသမား ၅၀ ခန့်အထိ ပြောင်းရွှေ့ကစားဖို့ရှိနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေခဲ့ပါတယ်။ အဆိုပါ ကစားသမားထဲကနေ ကစားသမားအချို့ကို ကနဦးဖော်ပြပေးလိုက်ပါတယ် . . . .

# ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ထဲက စောင့်ကြည့်ရမယ့် ကစားသမားများ (၁)

နိုင်လင်းကြည်

**ဂျိုးကမ်းဘဲလ် (အာဆင်နယ်တိုက်စစ်မှူး)**

အာဆင်နယ်အသင်းတိုက်စစ်မှူး ဂျိုးကမ်းဘဲလ်ဟာ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားမှာ ကော်စတာရီကာအသင်းနှင့်အတူ ခြေစွမ်းကောင်းတွေ ပြသနိုင်ခဲ့ပေမယ့် အာဆင်နယ်အသင်းမှာတော့ တိုက်စစ်ပိုင်းမှာ ဝဲလ်ဘက်၊


ဂျိုးကမ်းဘဲလ်

အိုလီဗာဂီရောက်နဲ့ ယာယာဆာနိုဂိုတို့ရှိနေတာဟာ ဂျိုးကမ်းဘဲလ်အဖို့ ပုံမှန်ပွဲထွက်နိုင်မယ့် အခွင့်အရေးတစ်ရပ် ဆုံးရှုံးခဲ့ရတယ်လို့ဆိုရမှာပါ။ ဒါကြောင့် ဂျိုးကမ်းဘဲလ်ဟာ ဇန်နဝါရီ အပြောင်းအရွှေ့မှာ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ဆွမ်ဆီး ဒါမှမဟုတ်ရင် စတုတ်စီးတီးကို အငှားစာချုပ်နဲ့ ပြောင်းဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ထားတာပါ။


ပီတာချက်ချ်

**ရွှန်ဗလာ (အက်စ်တွန်ဗီလာနောက်ခံလူ)**

၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ နယ်သာလန်အသင်းရဲ့ နောက်တန်းမှာ မဟာတံတိုင်းသဖွယ် ကာကွယ်နိုင်ခဲ့သူဖြစ်ပြီး အက်စ်တွန်ဗီလာအတွက်လည်း အသုံးတည့်တဲ့ ကစားသမားတစ်ဦးပါ။ ဒါပေမယ့် ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအဆင့်အသင်းတွေဖြစ်တဲ့ မန်ယူနဲ့ အာဆင်နယ်တို့ဟာ သူတို့ရဲ့လိုအပ်နေတဲ့ နောက်တန်းခံစစ်ကြောင်းအတွက် အားဖြည့်ဖို့ စီစဉ်နေတာကြောင့် အခုဆိုရင် ရွှန်ဗလာကို ခေါ်ယူဖို့တောင် ကမ်းလှမ်းမှုတွေပြုလုပ်ထားတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပါတယ်။

**ပီတာချက်ချ် (ချယ်လ်ဆီးဂိုးသမား)**

အသက်(၃၂)နှစ်အရွယ်ရှိ ချယ်လ်ဆီးဂိုးသမားပီတာချက်ချ်ဟာ ချယ်လ်ဆီးအသင်းရဲ့ နံပါတ်တစ်ဂိုးသမားအဖြစ်နဲ့ ဘောလုံးရာသီပေါင်းများစွာဖြတ်သန်းခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သူပါ။ ဒါပေမယ့် ပီတာချက်ချ်ဟာ စတမ်းဖို့ဒ်ဘရစ်ချ်ကနေ အခြားကလပ်အသင်းတစ်ခုကို ပြောင်းရွှေ့ကစားမယ့် အနေအထားတစ်ရပ်ရှိနေပြီး ဂိုးသမားပြဿနာတစ်ရပ်နဲ့ ရင်ဆိုင်နေရတဲ့ လီဗာပူးအသင်းရဲ့ ရလဒ်ဆိုးကို ဖြေရှင်းပေးမယ့် ကစားသမားတစ်ဦးဖြစ်လာမလားဆိုတာကိုတော့ အခုအပြောင်းအရွှေ့ကာလမှာ စောင့်ကြည့်ရဦးမှာပါ။

**အန်ဒါဆန် (မန်ယူကွင်းလယ်ကစားသမား)**

ဘရာဇီး ကွင်းလယ်ကစားသမား အန်ဒါဆန်ဟာ မန်ယူအသင်းနဲ့အတူ ဖလား ၁၀ လုံးအထိ ရယူပေးနိုင်ခဲ့ပေမယ့် ဒဏ်ရာပြဿနာများနဲ့အတူ ဖိအားတွေရှိနေတာကြောင့် မန်ယူအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ဆုံးရှုံးခဲ့သူပါ။ ဒါကြောင့်မို့ ဖီအိုရင်တီးနားအသင်းက ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ အန်ဒါဆန်ကိုခေါ်ယူဖို့ စီစဉ်ခဲ့တာပါ။ ဒါပေမယ့်မအောင်မြင်ခဲ့ပါဘူး။ အခုတော့ မန်ယူအသင်းနဲ့ စာချုပ်သက်တမ်းထပ်မတိုးဘူးဆိုရင် အန်ဒါဆန်ဟာ ဘရာဇီးမြေမှာပြန်လည်ခြေချမယ်လို့ဖွင့်ဟပြောကြားထားပါတယ်။

**အဲလက်စ်မိုဝက် (လိဒ်ယူနိုက်တက်ကွင်းလယ်ကစားသမား)**

လူငယ်အကယ်ဒမီသင်တန်းကျောင်းကနေ အသင်းကြီးတစ်သင်းကို ဝင်ကစားခဲ့သူပါ။ ပြီးခဲ့တဲ့ရာသီကလည်း ပထမအသင်းမှာ လိဒ်ယူနိုက်တက်အသင်းနဲ့အတူ ချန်ပီယံ


ရွှန်ဗလာ

ရှစ်ပွဲစဉ် ၂၉ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သူပါ။ ဒါ့အပြင် ခြေစွမ်းကောင်းမွန်မှုရှိလို့တစ်လတာအကောင်းဆုံးလူငယ်ကစားသမားဆုကိုတောင် ရယူဆွတ်ခူးနိုင်ခဲ့တာပါ။ အခုနှစ်ဘောလုံးရာသီမှာလည်း လိဒ်ယူနိုက်တက်အသင်းနဲ့အတူ လေးဂိုးသွင်းယူပေးထားတယ်။ ဒါကြောင့် အက်စ်တွန်ဗီလာနဲ့ အဲဗာတန်တို့ကခေါ်ယူဖို့ စောင့်ကြည့်နေတာဖြစ်တယ်။


အန်ဒါဆန်

*လာမယ့်ဇန်နဝါရီ ၃၊ ၄၊ ၅၊ ၆၊ ၇ ရက်တွေမှာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ တတိယအဆင့်ပွဲစဉ်တွေကို ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ အဆိုပါ ပွဲစဉ်တွေအနက်က ပရီမီယာလိဂ်အသင်းကြီးတွေ ကစားမယ့်ပွဲစဉ်တွေကို သုံးသပ်တင်ပြလိုက်ပါတယ် . . . . .*

# အက်ဖ်အေဖလား ရင်ခုန်သံ

ရှိုင်း မင်း မင်း

**ထရန်မီရီ-ဆွမ်ဆီး 3-1-15 (9:30 PM)**

လိဂ်တူးပြိုင်ပွဲမှာ တန်းဆင်းဇုန်ထဲရောက်ရှိနေတဲ့ ထရန်မီရီရဲ့ ခြေစွမ်းပိုင်းဟာ အားနည်းမှုတွေ များလွန်းပါတယ်။ ဆွမ်ဆီးက ပရီမီယာလိဂ်မှာနိုင်ပွဲတွေ ပြန်ရလာပြီးကစားပုံလည်း ကောင်းမွန်လာပါတယ်။ ထရန်မီရီကွင်းဖြစ်ပေမယ့် ဆွမ်ဆီးပဲ နိုင်ပွဲရသွားမှာပါ။

**လက်စတာ - နယူးကာဆယ် 3-1-15 (9:30 PM)**

ဒီရာသီပရီမီယာလိဂ်မှာဆုံခဲ့တုန်းက နယူးကာဆယ်က ကပ်နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ နယူးကာဆယ်ရလဒ်တွေ ဆိုးလာပေမယ့် အသင်းလိုက်ကစားပုံကတော့ ကောင်းမွန်နေဆဲပါ။ လက်စတာက တိုက်စစ်ပိုင်းအားနည်းလွန်းပါတယ်။ နယူးကာဆယ်ပဲ ကပ်နိုင်မယ်။

**ဆောက်သမ်တန် - အစ်ဝှစ်ချ် 4-1-15 (9:30 PM)**

လိဂ်ချန်ပီယံရှစ်မှာခြေစွမ်းပြသနေပြီး အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နေတဲ့ အစ်ဝှစ်ချ်ခြေမဆိုးပါဘူး။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်လာသလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဆောက်သမ်တန်သာအနိုင်ရသွားမှာပါ။

**မန်စီးတီး - ရှက်ဖီးလ် 4-1-15 (9:30 PM)**

ရှက်ဖီးလ်ဟာ လိဂ်ချန်ပီယံ ရှစ်ပြိုင်ပွဲအတွင်း ခြေစွမ်းတည်ငြိမ်မှုမရှိ ပါဘူး။ မန်စီးတီးက အိမ်ကွင်းလည်းဖြစ်တဲ့ အတွက် ရှက်ဖီးလ်ကို ဖိအားပေးသွား နိုင်ဖို့ မခက်ခဲပါဘူး။ မန်စီးတီးကပဲ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားဖို့ ရှိပါတယ်။

**ယိုဗေးလ် - မန်ယူ 4-1-15 (10:00 PM)**

ယိုဗေးလ်ဟာလိဂ်ဝမ်းပြိုင်ပွဲအတွင်းမှာတောင် အောက်ဆုံးကို ရောက်ရှိနေပါတယ်။ မန်ယူကတော့ကစားပုံတဖြည်းဖြည်း ကောင်းမွန်လာတာတွေ့ရတယ်။ မန်ယူအနေနဲ့ ဂရုတစိုက်ကစားသွားဖို့လည်း ရှိနေပါတယ်။ မန်ယူကပဲ နိုင်ပွဲရယူသွားဖို့ ရှိပါတယ်။

**ချယ်လ်ဆီး - ဝတ်ဖို့ဒ် 4-1-15 (10:30 PM)**

ဝတ်ဖို့ဒ်ဟာလိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ အတွင်း အဆင့် (၆) နေရာမှာ ရပ်တည်နေနိုင်ပြီး အသင်းလိုက် ကစားပုံကောင်းမွန်မှုရှိပါတယ်။ ချယ်လ်ဆီးက စပါးနဲ့ပွဲအပြီး ဒီပွဲကိုကစားရမှာဖြစ်တာကြောင့် လူကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ ချယ်လ်ဆီးကပ်ပြီးတော့နိုင်မယ်။

**အာဆင်နယ် - ဟားလ်စီးတီး 5-1-15 (00:00 AM)**

ဆုဖလားတစ်လုံးအတွက် အာဆင်နယ်တို့ ဒီလိုပွဲမျိုးမှာတော့ အမှားခံမှာမဟုတ်ဘူး။ ဒါ့အပြင် လက်ရှိအချိန်မှာ ဟားလ်စီးတီးရဲ့ ခြေကလည်း အနည်းငယ်အားနည်းနေတာကြောင့် အာဆင်နယ်တို့ဒီပွဲမှာ မပြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရသွားမယ်လို့ ယူဆမိပါတယ်။

**ဘန်လေ - စပါး 6-1-15 (2:15 AM)**

လက်ရှိဘန်လေရဲ့ ခံကစားပုံကလည်း မဆိုးတဲ့အတွက် စပါးတို့ရှုန်းကန်ရနိုင်တယ်။ ဘန်လေကွင်းဖြစ်တဲ့အပြင်စပါးကလည်း မန်ယူ၊ ချယ်လ်ဆီးတို့နဲ့ ဆက်တိုက်ကစားခဲ့ရလို့ပွဲပန်းနေနိုင်တဲ့အတွက် ဘန်လေအခွင့်အရေးရနိုင်တယ်။ စပါးနိုင်မယ်ဆိုရင်တောင် မပြတ်သားဘူး။

**ဝင်ဘယ်ဒန် - လီဗာပူး 6-1-15 (2:25 AM)**

လိဂ်တူးကလပ် ဝင်ဘယ်ဒန်ကခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ လိဂ်တူးပြိုင်ပွဲအတွင်းမှာတောင် အဆင့်(၁၂)နေရာမှာ ရပ်တည်နေပါတယ်။ ဝင်ဘယ်ဒန်ရဲ့တိုက်စစ်က ဂိုးသွင်းခြေပုံမှန်မရှိသလို အတွေ့အကြုံနဲ့ကစားသမားအင်အားပိုင်း ခြားနားလွန်းတာကြောင့် ဒီပွဲမှာတော့ လီဗာပူးတို့နိုင်ပွဲရယူသွားဖို့ ရှိနေပါတယ်။

**အဲဗာတန် - ဝက်စ်ဟမ်း 7-1-15 (2:15 AM)**

ဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အဲဗာတန်ကွင်းမှာ ဆုံခဲ့တုန်းက အဲဗာတန်ကပဲ အနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဝက်စ်ဟမ်းခြေကောင်းမွန်နေတာ မှန်ပေမယ့် ဥရောပဝင်ခွင့်မျှော်လင့်တဲ့ အဲဗာတန်ဟာ ဒီပြိုင်ပွဲမှာ ဂရုတစိုက်ကစားသွားဖို့ရှိနေပါတယ်။





## နှစ်(၂၀)ပြည့်ကြေးရတုမင်္ဂလာနှစ်ပတ်လည်နေ့

## ဆုမွန်လွှာ

ဖေဖေ ဦးမြင့်ထွေး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန)- မေမေ ဒေါ်မိုးစန္ဒာမြင့်တို့၏ ၁-၁-၂၀၁၅ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် ကြေးရတုမင်္ဂလာ နှစ်ပတ်လည်နေ့မှသည် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် ချစ်သော မိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းကို အတူထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

သား - မင်းပြည့်စုံသန့်
တူ၊ တူမများ - ကျန်ကျောင်း၊ ခွန်းဆင့်၊ ရှင်မိုး၊ သွန်းသွန်း၊ ရွှန်းရွှန်း







**Happy New Year 2015** နှစ်သစ်ဆုတောင်း

"THAIK" DIAMOND SHOP SHOWROOM & GOLD SMITH

ဝယ်ယူအားပေးကြသော စိန်ချစ်သူ မိတ်ဟောင်း မိတ်သစ်အပေါင်းနှင့် စုနစ်ရက်သားသမီးများ
အားလုံး (1-1-2015) မှစ၍ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပြီး စီးပွားရေးလုပ်ငန်းများ ဖီရေအလား
တိုးတက်အောင်မြင်ပါစေ၊ ဘာသာအကျိုး သာသနာ့အကျိုးများကိုလည်း ဆက်လက်ထမ်းပိုး
ဆောင်ရွက်နိုင်ပါစေကြောင်း "သိုက်" စိန်ရတနာဆိုင် မိသားစုမှ နှစ်သစ်တွင်
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

No.45, Fornt Wing, Bogyoke Market, Yangon
Ph: (office) 01-381818, 0933336265
095004959, 5032000
Email: kyawmmlatt@gmail.com

"သိုက်" စိန်ရတနာဆိုင်မိသားစု

**M.K.T** Construction Co., Ltd
Modern Key Technique




Email : marketing@mktconstruction.com Website : www.mktconstruction.com

**DreamLight**
*The Light you dream for . . .*

မြန်မာပြည်၏ ဖြတ်ပိုင်း ရှေးဟောင်းအမွေအနှစ် မန္တလေးနန်းမြို့ရိုး မီးအလှဆင်ခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးကြောင်း
Dream Light Technology Co., Ltd မှ ဂုဏ်ယူဝမ်းမြောက်စွာ ထုတ်ပြန်ကြေညာအပ်ပါသည်။



**LED Lighting Project Consultation & Installation** ဆောင်ရွက်ပေးခြင်း
**LED Lighting Product** အမယ်စုံ ဖြန့်ဖြူးရောင်းချခြင်းများကို ဆောင်ရွက်ပေးနေပါသည်။

Yangon Show Room : 259, Anawrahta Rd, Bet: 29th and Shwe Bon Tha, Pabedan. Hotline : 09 73220620
Mandalay Branch : D3, Bet : 34th x 35th and 65th x 66th St. Chan Aye Thar Zan. Hotline : 09 250200335, 02 - 67110

# ချင်းတွင်းမြစ်ရေကြောင်း ပါးလာမှုကြောင့် ကုန်တန်ချိန်များ လျှော့တင်နေရ

**ကလေးဝ၊ ဒီဇင်ဘာ ၃၁**

အထက်ချင်းတွင်းဒေသ၏ ချင်းတွင်းမြစ်ရေကြောင်းပို့ဆောင်ရေးတွင် အဓိကကျသည့် ကလေးဝမြို့ဆိပ်ကမ်းသို့ ပို့ဆောင်မည့် ကုန်တင်မော်တော်များအနေဖြင့် မြစ်ကြောင်းပါးလာမှုကြောင့် ကုန်တန်ချိန်များ လျှော့တင်နေရကြောင်း သိရသည်။

ကုန်မော်တော်များသည် မိုးရာသီကာလရေကြောင်းကောင်းချိန်တွင် ကုန်တန်ချိန် လေးသောင်းကျော် တင်နိုင်သော်လည်း နွေရာသီရေပါးချိန်တွင် ကုန်တန်ချိန်နှစ်သောင်းကျော်သာ တင်နိုင်ကြောင်း ကလေးဝမြို့ဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရေကြောင်းပါးရင်တော့ ကုန်ကိုလျှော့တင်ရပါတယ်။ ချင်းတွင်းမြစ်ဆို ခုနေခါမှာ ရေစူးအမှတ်က သုံးတောင်လောက်ပဲရှိတော့တယ်။ ကုန်ကိုတင်ချင်တိုင်း တင်လို့မရတော့ဘူး။ ရေကြောင်းတွေက အခုကစပြီး ကနီမြို့နယ် မဲတင်ကျေးရွာနားနှင့် မင်းကင်းမြို့အထက်နားတွေမှာ ရေကြောင်းပါးနေပြီ" ဟု ကုန်တင်မော်တော်မောင်းသူတစ်ဦးက ပြောသည်။

"တစ်ရက်ကို ကုန်တင်မော်တော်ကြီးတွေ သုံးစီးလောက်ဆိုက်ပါတယ် တစ်စီးကိုသုံးရက်လောက် ကုန်ချယူရပါတယ်ဆိပ်ကမ်းအလုပ်သမားကတော့ ၁၄၀ လောက်ရှိပါတယ်။ တစ်ရက်ကို ဝင်ငွေကျပ်သုံးထောင်ကနေ ကျပ်ငါးထောင်ပတ်ဝန်းကျင် နေ့စဉ်ဝင်ငွေရနေပါတယ်။ပွင့်လင်းရာသီတွေဆို ဆိပ်ကမ်းမှာ မော်တော်နားထိ ကားထိုးပြီးကုန်ချရတာဖြစ်လို့ အဆင်ပြေပါတယ်။ မိုးရာသီရောက်ရင်တော့ ကားထိုးရတဲ့နေရာအခက်အခဲကြောင့် ကုန်ချရတာ သိပ်အဆင်မပြေပါဘူး" ဟု လုပ်သားစုမှူးက ပြောသည်။

**လင်းလက်ကြယ်စင်**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်

**ရေစကြို၊ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သာစည်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ မိုးပွင့်အဆင့် (၇) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များအား လက်ရောက်ပေးအပ်ပွဲအခမ်းအနား ကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေ၊ မြို့နယ် လ.ဝ.က ဦးစီးမှူး ဦးလှမိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညဏ်စန်းနှင့် အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ မြို့နယ်ဦးစီးမှူး ဦးလှမိုးနှင့် အုပ်ချုပ်ရေးမှူး ဦးညဏ်စန်းတို့က အသက် ၁၀ နှစ်ပြည့် ၆၆ ဦး၊ ၁၈ နှစ်ပြည့် ၂၈၆ ဦး စုစုပေါင်း ၃၅၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## နွားထိုးကြီးမြို့နယ်တွင် ဆေးခန်းဖွင့်ပွဲ ကျင်းပ

**နွားထိုးကြီး၊ ဒီဇင်ဘာ ၃၁**

နွားထိုးကြီးမြို့နယ် ဇေဒိတ်ကျေးရွာအုပ်စု တက်စီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အာယုဒီယဆေးခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ အာယုဒီယဆေးခန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေနှင့် မန္တလေးမြို့နေ အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေက ဆေးခန်းဖွင့်လှစ်ရခြင်း အကျိုးရလဒ်ကို ရှင်းလင်းပြောကြားခဲ့သည်။ ပြင်စည်ကျေးရွာ ကျေးလက်ဌာနခွဲမှ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော်လည်း ယခုအခါတွင် နေ့စဉ်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာများမှလည်း လာရောက်ကုသနိုင်မည်ဖြစ်သည်ဟု တက်စီကျေးရွာသားတစ်ဦးက ပြောသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ တက်စီကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သန်းအောင်ဇော်(နွားထိုးကြီး)**

## ယခုနှစ် မလှိုင်တွင် ကွမ်းဈေးကောင်းရသဖြင့် တောင်သူများ အဆင်ပြေ

**မလှိုင်၊ ဒီဇင်ဘာ ၃၁**

ယခုနှစ် စိုက်ပျိုးသီးနှံများအနက် ကွမ်းရွက်စိုက်တောင်သူများ ကွမ်းရွက်ဈေးကောင်းရသဖြင့် အဆင်ပြေကြောင်း ဒေသခံကွမ်းစိုက်တောင်သူများက ပြောသည်။



မလှိုင်မြို့နယ်သည် မြို့ပေါ်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ စု၊ ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး ဒေသခံကျေးလက်ပြည်သူများသည် ရာသီပေါ်စိုက်ပျိုးသီနှံများကိုစိုက်ပျိုး လုပ်ကိုင်ကြသည်။

"အခြားသီးနှံမျိုးစုံလည်း စိုက်ပျိုးပါတယ်။ အရင်နှစ်က ကွမ်းရွက်ဈေး တစ်ပိဿာကျပ် ၂၀၀၀လောက်နဲ့ပဲပြန်ရောင်းရတော့ အမြတ်ထက် အရင်းပြန်ရအောင် ကြိုးစားရပါတယ်။ အခုနှစ်တော့ ရာသီဥတုကကောင်းသလို ကွမ်းရွက်ဈေးကလည်း တစ်ပိဿာကျပ် ၁၃၀၀၀ ပြန်ရောင်းရတော့ မလှိုင်မြို့နယ်မှာရှိတဲ့ ကွမ်းစိုက်တောင်သူတွေ အဆင်ပြေပါတယ်။ ကွမ်းစိုက်ပျိုးတဲ့ ရာသီက တော်သလင်းလစိုက်ရင် သုံးလကြာရင် ရောင်းတန်းဝင်ကွမ်းရွက်အဖြစ် ခူးလို့ရပါတယ်။ တင်ပို့ရောင်းချမှုအနေနဲ့ မန္တလေး၊ လားရှိုးအစရှိတဲ့ မြို့တွေကိုပါ"ဟု မလှိုင်မြို့နယ် ကံတွင်အုပ်စုမုံပင်ကျေးရွာမှ ကွမ်းခြံပိုင်ရှင်တစ်ဦးက ပြောသည်။ **ကျော်ကျော်(မလှိုင်)**

## ဆင်အန္တရာယ်သတိပေးဆိုင်းဘုတ်တင်နှိုးဆော်

**ပဲခူး၊ ဒီဇင်ဘာ ၃၁**

ထန်းတောကြီးတိုက်နယ်အုပ်စု သံနို့ပင်ခရိုင် မုတ်ရှစ်ဝလမ်းခွဲ ဇောင်းတူသွားကားလမ်းနံဘေးတွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဆင်အန္တရာယ်ကင်းရှင်းရေး သတိပေးနှိုးဆော်ဆိုင်းဘုတ်တင်ထားကြောင်း သိရသည်။

အဆိုပါ မုတ်ရှစ်ဝလမ်းခွဲအတွင်းနေရာသည် တောဆင်ရိုင်းများခိုအောင်းရာနေရာဟု ဆိုနိုင်ကြောင်း၊ စလူဆည်နှင့် နီးစပ်နေသဖြင့် တောတောင်စိမ့်စမ်းမှာကောင်းမွန်နေသောကြောင့် တောဆင်ရိုင်းတို့ပျော်မွေ့ရာနေရာဟု ဆိုနိုင်ခြင်းကြောင့် ဆင်အန္တရာယ်ကင်းရှင်းရေး သတိပေးနှိုးဆော်ဆိုင်းဘုတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။


**မျိုးသိန်း(ပဲခူး)**

## ကန့်ဘလူမြို့နယ်တွင် ရွှေတို့ကျောင်းတိုက်ဆရာတော်ဦးစီး၍ သက်ကြီးဘိုးဘွားများအား အာယုဒါန ဆေးလှူ

**ကန့်ဘလူ၊ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွှေတို့ကျောင်းတိုက်ဆရာတော် ဦးကေသရဦးစီး၍ သက်ကြီးဘိုးဘွားများအား ခုနစ်ကြိမ်မြောက် အာယုဒါနဆေးလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက သာသနာ့ဝေပုလ္လကာရီ ရွှေတို့ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အသက် ၅၀ နှင့်အထက် ငါတို့၊ နတ်ပေး၊ ညဏ်အင်း၊ ညောင်အိုင်ကျေးရွာတို့မှ သက်ကြီးဘိုးဘွား ၁၁၀ တို့အား ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမေစန်းချိုနှင့်အဖွဲ့က သက်ကြီးဘိုးဘွားများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**


## ရောင်းမည်

စော်ဘွားကြီးကုန်း၊ ပွဲရုံဝင်း၊ (၂)ထပ်၊ လူနေ၊ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်ခန်း၊ အဆောင်(၆၈)၊ နီလာ(၄)လမ်း၊ ဖုန်း-၀၉၃၀၀၀၉၅၉၁၊ ၀၉၂၆၀၀၂၃၄၉၀






## Black Diamond Dance Group မှ အဖွဲ့ဝင်များနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်သူ[၁၂/မဂတ(နိုင်) ၀၈၄၈၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမြတ်သူသည် ၂၀၁၂ခုနှစ်တွင် အောင်ဇော်မိုး၊ သုသုစံ၊ ဂူဂူးတို့နှင့်အတူ Black Diamond Dance Group ကို တည်ထောင်ခဲ့ပြီး အခြားမည်သည့်အဖွဲ့အစည်းနှင့်မျှ ပတ်သက်ဆောင်ရွက်ခြင်းမျိုး အလျဉ်းမရှိပါ။ သို့ဖြစ်ပါ၍ မိမိတို့၏အဖွဲ့ဝင်တစ်ဦးဦးဖြစ်စေ၊ အခြားမည်သည့် အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ဦးဦးဖြစ်စေ၊ အခြားမည်သူတစ်ဦးယောက်မျှ Black Diamond Dance Group ၏ ဂုဏ်သတင်းကို ထိခိုက်ညှိုးနွမ်းစေခြင်း၊ လုပ်ငန်းအစီအစဉ်တစ်ရပ်ရပ်ကို နှောင့်ယှက်ဟန့်တားစေခြင်းစသည့် အပြုအမူတစ်ရပ်ရပ်ကိုပြုလုပ်ခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း အသေးစိတ်မေးမြန်းလိုပါက ဖုန်း-၀၉- ၃၂၀၁၇၀၃၂၊ ၀၉- ၇၃၁၂၉၀၄၈ သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်ခင်(LL.B, LL.M, DBL, DML) အထက်တန်းရှေ့နေ
တိုက်အမှတ်(၉/၁၁)၊ အခန်း (၁၀၁-ဘီ) ၊ ပ-ထပ်၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျန်းမာရေးဆောင်းပါး

# ဆောင်းဥတုတွင် ရေကျက်အေးသောက်ခြင်းဖြင့် ကျန်းမာစေနိုင်

**à lunf(Cifnk)**

ဥတုသုံးပါးတွင် ဆောင်းဥတုသည် အအေးဓာတ်လွှမ်းကဲသည့်ရာသီဖြစ်သည်။ ဆောင်းရောက်လျှင် အဖြစ်များသည့် ရောဂါဝေဒနာများမှာ အအေးပတ်ခြင်း၊ နှာစေးချောင်းဆိုးခြင်း၊ နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ နှုတ်ခမ်းကွဲခြင်း၊ အသားပပ်ခြင်း၊ ဆီးများခြင်းတို့ အဖြစ်များကြောင်း တွေ့ရသည်။

ဤလက္ခဏာများမှာ ရိုးရာဆေးပညာသဘောအရ အပြင်အေးပြီး အတွင်းပူသောကြောင့်ဖြစ်သည်။ အတွင်းမှ အပူသည် အပြင်မှအအေးကြောင့် အကျဉ်းကျနေသည်ဟုလည်း ရှေးကတိုင်းရင်းမြန်မာဆေးဆရာကြီးများက ဆိုကြသည်။

ခန္ဓာကိုယ်၏အပူချိန်ကို လျှော့ချသောစနစ်မှာ ချွေးထွက်ခြင်းဖြစ်သည်။ ဆောင်းဥတုတွင် အအေးပတ်သောကြောင့် ကိုယ်ခန္ဓာအရေပြားမှ မွေးညှင်းပေါက်များ ပိတ်ဆို့ပြီး အခိုးအငွေ့တို့ မထွက်နိုင်ကြပေ။ ထိုအငွေ့တို့သည် အရေပြားအောက်တွင် ကိန်းအောင်းနေရာမှ သွေးကြောများအတွင်းသို့ ဆံချည်မျှင်ပြွန်ကလေးများမှတစ်ဆင့် ရောက်ရှိပြန်သည်။ ထိုမှတစ်ဆင့် ကိုယ်တွင်းအင်္ဂါအစုံသို့ ရောက်ရှိပြန်သည်။

အပူအခိုးအငွေ့များသည် ကိုယ်တွင်းအင်္ဂါများသို့ ရောက်ရှိခြင်းအကျိုးဆက်မှာ အစာအိမ်တွင် အပူငွေ့များ ခိုအောင်းနေသောအခါ ရင်ပူခြင်း၊ မကြာခဏဆာလောင်ခြင်းဖြစ်သည်။ အသည်းတွင် အပူငွေ့များခိုအောင်းသောအခါ သည်းခြေရည်ပိုထွက်ခြင်းကြောင့် မကြာခဏရင်ပူ၊ ရေငတ်ခြင်းဖြစ်ရသည်။ ကျောက်ကပ်များတွင် အပူအောင်းသောအခါ မကြာခဏဆီးသွားခြင်းနှင့် ဆီးမသွားပဲ အောင့်ထားလျှင် ဆီးပူခြင်း၊ ဆီးကျင်ခြင်း၊ ဆီးဝါခြင်း၊ ဆီးနီခြင်းတို့ ဖြစ်တတ်သည်။ နှလုံးတွင် အပူငုပ်သောအခါ နှလုံးအောင့်ခြင်း၊ ရင်တုန်ခြင်း၊ နှလုံးခုန်ကြိမ်များခြင်း၊ သွေးတိုးခြင်း၊ အိပ်မပျော်ခြင်းတို့ ဖြစ်နိုင်သည်။

ကျန်းမာရေးအလွန်ကောင်းသော လူငယ်များတွင်ပင် ဆောင်းရောက်သောအခါ နှုတ်ခမ်းများ ကွဲအက်ခြင်းတွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အစာအိမ်တွင် အောင်းနေသောအပူမှာ အထက်သို့ကန်ထွက်လာသဖြင့် လည်ချောင်းမှတစ်ဆင့် အာခေါင် နှုတ်ခမ်းများသို့ရောက်ရှိပြီး လေပူ၏သဘောအရ ခြောက်သွေ့အက်ကွဲခြင်းများ ဖြစ်ရခြင်းဖြစ်သည်။ ဆောင်းတွင် ရေခဲရေ၊ အချိုရည်သောက်သူများတွင် ပို၍နှုတ်ခမ်းကွဲလေ့ရှိသည်။ ရေနွေးကြမ်းသောက်သူများမှာ အကွဲသက်သာသည်ကို တွေ့ရသည်။

ဆောင်းရာသီတွင် အစာအိမ်တွင် အပူများ၍ နှုတ်ခမ်းကွဲ၊ အာခေါင်ခြောက်ဖြစ်သူများသည် ညအိပ်ရာဝင်ချိန်တွင် ရေကျက်အေးသောက်သင့်သည်။ ဖြစ်နိုင်လျှင် ညအိပ်ရာဝင်ချိန်ရော နံနက်အိပ်ရာထချိန်ပါ နှစ်ကြိမ်ရေကျက်အေးသောက်လျှင် အသားအရေခြောက်ခြင်း၊ အက်ကွဲခြင်းများကိုပါ ကာကွယ်နိုင်ပေသည်။ ရေကျက်အေးပြုလုပ်ရန် နည်းလမ်းမှာ ရေကိုကျိုချက်ပြီးနောက် အအေးခံထားပြီး အေးသောအခါ ဖန်ပုလင်း သို့မဟုတ် ရေတကောင်းတွင် ထည့်ပြီး သောက်နိုင်သည်။ ရေကျက်အေးကို ပလပ်စတစ်သောက်ရေသန့်ဘူးတွင် မထည့်ပါနှင့်။ ဖန်ပုလင်းမရှိလျှင် အိမ်သုံးမြေသောက်ရေအိုးတွင် ထည့်၍သောက်ပါ။ မြေဖြင့်ပြုလုပ်ထားသည့် ရေတကောင်းတွင်ထည့်လျှင် သဘာဝအအေးဓာတ်ကို ပို၍ပင်ရရှိနိုင်ပါသည်။

ရေကျက်အေးကိုသောက်ခြင်းဖြင့် လူကိုကျန်းမာစေနိုင်ကြောင်း ယောမင်းကြီးဦးဖိုးလှိုင်ရေးသားသည့် ဥတုဘောဇနသင်္ဂဟကျမ်းတွင် ပါရှိပါသည်။ သဘာဝမြစ်ရေ၊ ချောင်းရေ၊ ကန်ရေများကိုပင် သန့်စင်စေရန်အတွက် အနည်ထိုင်အောင်ထားပြီးနောက် ပို၍သန့်စင်စေရန် ကျက်အောင်ကျိုချက်ရသည်။ ထို့နောက် အအေးခံသောရေကျက်အေးကိုသောက်ခြင်းဖြင့် ပိုးမွှားကင်းစင်သော အကျိုးရှိပြီး ဝမ်းပျက်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်းများပါ ကာကွယ်နိုင်ကြောင်း ရေးသားထားသည်ကို တွေ့ရသည်။

> **ရေကျက်အေးကို ပလပ်စတစ်သောက်ရေသန့်ဘူးတွင် မထည့်ပါနှင့်။ ဖန်ပုလင်းမရှိလျှင် အိမ်သုံးမြေ . . .**

စာရေးသူ မိတ်ဆွေတစ်ဦး၏အိမ်တွင် ရေကျက်အေး တစ်မျိုးတည်းကိုသာ တစ်နှစ်လုံး၊ ဥတုသုံးပါးလုံး သောက်သည်။ မည်သည့်သောက်ရေသန့်ကိုမျှ ဝယ်မသောက်ဘူးပါ။ သူတို့မိသားစုအားလုံး ရောဂါကြီးကြီး မဖြစ်၊ ကျန်းမာကြသည်ဟုဆိုသည်။ သူတို့ရေကျက်အေးပြုလုပ်ပုံမှာ ဒန်အိုးကြီးတွင် ရေပေးဝေရေးပိုက်မှလာသော ရေကိုထည့်ပြီး ကျိုသည်။ ပွက်ပွက်ဆူသည်အထိ ကျိုချက်ပြီးနောက် မီးဖိုမှချ၍ အအေးခံထားသည်။ ထိုအအေးခံထားပြီးသော ရေကိုမှ သောက်ရေစစ်ဖြင့် သောက်ရေအိုး၊ မြေအိုးအတွင်းသို့ထည့်ပြီးသောက်သည်ဟု ဆိုပါသည်။ ကျိုချက်ထားသောရေသည် မြေအိုးအတွင်းသို့ရောက်သောအခါ သဘာဝအတိုင်း အေးသောရေအဖြစ်သို့ ရောက်ရှိသွားပြီး သောက်၍ကောင်းသည်။ အရောင်အဆင်း၊ အနံ့၊ အရသာမရှိသော သဘာဝသောက်ရေသန့် ဖြစ်သွားသည်ဟုဆိုသည်။

သန့်ရှင်းသောရေသည် အရောင်အဆင်း၊ အနံ့၊ အရသာမရှိသောရေ ဖြစ်ရမည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။ တွင်းရေကန်ရေများတွင် အပြာရောင်၊ အဝါရောင် စသော အရောင်များပါရှိပြီး အရသာအားဖြင့် အငန်ဓာတ်၊ အချဉ်ဓာတ်များပါဝင်နေသောကြောင့် ရေသန့်မဖြစ်ပေ။ သောက်သုံးရန် စိတ်မချရပေ။ စက်များဖြင့် သန့်အောင်ပြုလုပ်သော ရေသန့်များတွင်လည်း ဓာတုဗေဒဆေးများခတ်ထည့်၍ ပြုပြင်ထားခြင်း၊ ပုလိုက်၊ အေးလိုက်ဖြစ်ခဲ့လျှင် ကင်ဆာရောဂါပင် ဖြစ်နိုင်သည်။ ပလပ်စတစ်ဘူးမှကော်များသည် လှုပ်ခါမှုအကြိမ်များလျှင် ရေတွင်ပျော်ဝင်နိုင်သဖြင့် ကားဖြင့်သယ်ယူသော ရေသန့်ဘူးများသည် စိတ်မချရဟုဆိုသည်။

ရှေးကလူကြီးများသည် ကြေးဖလားဖြင့်သောက်လေ့ရှိကြသည်။ ကြေးဖလားဖြင့် သောက်ရမည့်ရေပမာဏကို တင်ပြရလျှင် နွေမှာနှစ်ဖလား၊ ဆောင်းမှာသုံးဖလားဟု အဆိုရှိသည်။ နှစ်ဖလားဆိုလျှင် သောက်ရေသန့် တစ်ဘူးခန့်နှင့် သုံးဖလားဆိုလျှင် သောက်ရေသန့်တစ်ဘူးခွဲခန့် ပမာဏ ရှိသည်။ ကြေးနီ၊ ကြေးဝါ အသုံးအဆောင်များသည် ဗက်တီးရီးယားပိုးများကို သေစေသည်ဟု သိပ္ပံပညာရှင်များက လွန်ခဲ့သောနှစ်အနည်းငယ်က သုတေသနပြုတွေ့ရှိခဲ့သည်။ ဆောင်းရာသီတွင် အေးသဖြင့် ရေသောက်နည်းကြသည်။ နွေရာသီမှာ သောက်သလောက် ဆောင်းရာသီမှာ ရေမသောက်ဖြစ်ကြ။ လူ၏ဝမ်းအတွင်းမှ အပူသည် နွေရာသီထက် ဆောင်းရာသီမှာ ပိုများသည်။ ချွေးမထွက်ရသဖြင့် ဖြစ်သည်။ အေးနေသောအပူကို ပြေပျောက်စေရန် ရေကိုများများပိုသောက်သင့်သည်။ ရေများများသောက်မှသာ ဝမ်းတွင်းမှအပူဓာတ်သည် ဆီးအဖြစ်ပြင်ပသို့ထွက်သွားမည်ဖြစ်ပေသည်။

ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ ပန်းသီး၊ စပျစ်သီး စသောအသီးများသည် ဆောင်းရာသီတွင် အလွန်ပေါသည်။ အသီးလည်းကြီးထွားသည်။ ထိုအရည်ရွှမ်းသော အသီးများသည် ဆောင်းဥတုဓာတ်စာပင်ဖြစ်သည်။ မုန်ညှင်း၊ မုံလာ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းပွင့်၊ ဆလပ်ရွက်၊ ကိုက်လန်ရွက်၊ ကန်စွန်းရွက် စသည့်အရွက်များကိုလည်း စားပေးသင့်သည်။ အရွက်များတွင်လည်း ရေဓာတ်များစွာပါသည်။ ဝမ်းတွင်းမှအပူကို ငြိမ်းစေနိုင်သည်။ ဟင်းချက်ရာတွင်လည်း ဆီပြန်ဟင်းများထက် အရည်သောက်ဟင်းများကို ပို၍ချက်သင့်သည်။ ကန်စွန်းရွက်ကို မန်ကျည်းမှည့်ရည်နှင့်ချက်သော ချဉ်ရည်ဟင်းသည် ဆောင်းဥတုနှင့်သင့်လျော်သော ဓာတ်စာဖြစ်သည်။

ခေတ်ပေါ်သောက်ရေသန့်ဘူးများကို အလွယ်တကူဝယ်ယူသုံးစွဲခြင်းအစား ရေကိုကျိုချက်ပြီး သုံးစွဲခြင်းဖြင့် ငွေကိုချွေတာရာရောက်သည်။ ကျန်းမာရေးအတွက်လည်း ပို၍သင့်လျော်သည်။ ဘုန်းကြီးကျောင်းများ၊ စာဝါချပေးနေသည့် စာသင်တိုက်ကြီးများတွင် သောက်ရေအိုးများတွင် ကုသိုလ်ဖြစ်ရေဖြည့်ပေးကြရာတွင် တွင်းရေကန်ရေများ ဖြည့်မည့်အစား ရေကိုကျိုချက်ပြီး ရေကျက်အေးပြုလုပ်၍ ထည့်ပေးခြင်းဖြင့် လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း၊ အသံဝင်ခြင်း၊ အထက်သို့အပူကန်ခြင်းများပါ သက်သာစေနိုင်ပါသည်။

ရေသောက်သောအခါ ပါးစပ်ခံတွင်းမှတစ်ဆင့် အစာအိမ်သို့၊ အစာအိမ်မှ အူသိမ်၊ အူမကြီးများအထိ ရောက်ရှိသွားသည်။ သွေးကြောများက ရေကိုစုပ်ယူကြသည်။ သွေးကြောများတွင်ပါသောရေသည် ခန္ဓာကိုယ်အနှံ့အပြားသို့ ရောက်သည်။ လူ၏ခန္ဓာကိုယ်သည် အာပေါဓာတ်ဟူသော ရေဓာတ်ဖြင့် တည်ဆောက်ထားသည်။ ရေဓာတ်ခန်းခြောက်လျှင် ခန္ဓာကိုယ်ပျက်စီးနိုင်ပေသည်။ ရေကြည်ရေကောင်း ရေသန့်လိုအပ်သောခန္ဓာကိုယ်အတွက် သန့်ရှင်းသောရေကို ရရှိဖို့လိုအပ်သည်။ ရေမသန့်လျှင် ရောဂါဘယအမျိုးမျိုး ဝင်ရောက်လာနိုင်သည်။ လွယ်ကူသောရေသန့်နည်းမှာ ရေကိုကျိုချက်၍သောက်ခြင်းပင်ဖြစ်သည်။

ဆောင်းဥတုတွင် ကျန်းမာရေးကောင်းလိုသူတိုင်းသည် ရေကိုကျိုချက်၍သောက်ခြင်းဖြင့် အပူကန်ခြင်း၊ အပူငုပ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသံဝင်ခြင်း၊ လျှာကွဲခြင်း၊ အာခေါင်ကွဲခြင်း၊ သွားနာခြင်း၊ သွားဖုံးကြွခြင်း၊ အာသီးရောင်ခြင်း စသောဒုက္ခများမှ ကင်းဝေးစေနိုင်သည်။ ပိုးမွှားလည်းကင်းစင်၊ ဘေးဥပဒ်လည်းကင်းစင်သော ရေကျက်အေးသောက်ခြင်းဖြင့် ကျန်းမာပါစေကြောင်း ဆုတောင်းရင်း တင်ပြလိုက်ရပေသည်။ ။


## တိုင်းလုံးသာယာဆုတောင်းပြည့်စေတီ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ


**ကျွန်းလှ၊ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ကတည်းက တည်ထားကိုးကွယ်ခဲ့သောအရပ်ရှစ်မျက်နှာတိုင်းလုံးသာယာ ဆုတောင်းပြည့်စေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ဘုရားရင်ပြင်ပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။


ဆုတောင်းပြည့်စေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်သာသနာရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီများ၊ ရပ်ကွက်/ကျေးရွာတို့မှ ပြည်သူများက သံဃာတော် ၂၅ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်း သိရသည်။

“အရင်က ပြိုကျပျက်စီးနေတဲ့ အရပ်ရှစ်မျက်နှာတိုင်းလုံးသာယာ ဆုတောင်းပြည့်စေတီတော်ကို ၁၉၉၇ ခုနှစ်မှာ တာဝန်ရှိသူများကဦးဆောင်ပြီး အလှူရှင်များ၊ ဂေါပကအဖွဲ့များနဲ့ နယ်သူနယ်သားများ၊ ဝတ်အသင်းများ စုပေါင်းပြီး ပြုပြင်ခဲ့ပါတယ်။ အခုအခါ မြို့နယ်တာဝန်ရှိသူတို့ရဲ့ လမ်းညွှန်ဦးဆောင်မှုနဲ့နှစ်စဉ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပါတယ်” ဟုဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**










# အမှန်တကယ်လိုအပ်သောလုပ်ငန်းများအား ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည်

**မိတ္ထီလာ၊ ဒီဇင်ဘာ ၃၁**

မိတ္ထီလာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသတ်မှတ်ခွင့်ပြုသော ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ ထောက်ခံတင်ပြထားသော ရပ်ကွက်၊ ကျေးရွာများကို အမှန်တကယ်လိုအပ်လျက်ရှိသည့် လမ်းတံတားပြုပြင်ခြင်းလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ၊ မီးလင်းရေး စသော လိုအပ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတားပြုပြင်ခြင်းလုပ်ငန်းတွင် ချုံစွန်း-ဆည်ကုန်းလမ်းနှင့် လျော်ဖြူကန်လမ်းတို့တွင် ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ အလည်ရွာ-ရေငံကျေးရွာချင်းဆက်လမ်း သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်း၊သပြေကန် တံတားပြုပြင်ခြင်းလုပ်ငန်း၊ သရက်ပင်-မြောက်လည်ကျေးရွာချင်းဆက်လမ်း Box Culvert ပြုပြင်ခြင်းလုပ်ငန်း၊ ရိုးကန်၊ ထန်းတောနှင့် ကွမ်းခြံကုန်းကျေးရွာလမ်းများတွင် ဂန့်ဂါးမြေဖို့ခြင်းလုပ်ငန်း၊ သမင်ပျို ကျေးရွာလမ်း၌ ရေပြွန်များတပ်ဆင်ခြင်းလုပ်ငန်းများ၊ ရှင်မြို့ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းပြုပြင်ခြင်းလုပ်ငန်းနှင့် ရေပြွန်များတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်ပြီး သောက်သုံးရေရရှိရေးလုပ်ငန်းတွင် ချောင်းခွ၊ ပျော်ကုန်း၊ သက္ကယ်ကျင်း၊ ကျောင်းရွာ၊ ကဖြူ၊ ညောင်ကားယား၊ သပြေပင်၊ ညောင်ကုန်း၊ ညောင်ဇောက်၊ မကျီးစု၊ ခင်းလူး၊ ရွာသာ၊ အိုင်ကြီးလည်၊ ရေချိုနှင့် ကွက်ငယ်ကျေးရွာများတွင် စက်ရေတွင်းများ၊ လက်နှိပ်တွင်းများကို တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး လေးတိုင်စဉ်ကျေးရွာတွင် စက်ရေတွင်း၊ လေမှုတ်စက်အင်ဂျင်ပြုပြင်ခြင်းလုပ်ငန်း၊ တိုးချဲ့ပေါက်ချောင်းရပ်ကွက်တွင် သောက်သုံးရေပေးဝေရေး ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ မုန်တိုင်ကျေးရွာ အ. လ. က (၉၀) တွင် စက်တဲတိုးချဲ့ခြင်း၊ ရေပန့်ပြုပြင်ခြင်း၊ အုတ်ကန်ပြုလုပ်ခြင်းနှင့် ရေပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းများ၊ ကြာအင်းကျေးရွာတွင် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းပြင် ပညာရေးဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင်လည်း ကျောက်အိုး၊ ရိုးကန်၊ ရှမ်းတဲ၊ မကျီးချောက်ကျေးရွာနှင့် မကျီးစုကျေးရွာများတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ကမ္ဘားတဲ၊ ကျားထူး၊ ရေငံအနောက်နှင့် ကျီးကုန်းကျေးရွာများတွင် ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်း၊ ကြိုးစု၊ မြောက်လည်နှင့် ကံဦးကျေးရွာများတွင် ကျောင်းဆောင်အပြီးသတ်ခြင်းလုပ်ငန်းများ၊ လက်ပံအိုင့်(န)၊ တမာပင်၊ နဘဲကုန်း၊ လိန်တော၊ သမင်ပျို့နှင့် သဲကုန်းကျေးရွာများမှ စာသင်ကျောင်းများမှ ဆောင်ရွက်ရန်ကျန်ရှိသည့် အမိုး၊ အကာ၊ အခင်း၊ ပြတင်းပေါက်၊ တံခါးများဆောင်ရွက်ခြင်း လုပ်ငန်းများ၊ မြင်တော်ကန်ကျေးရွာတွင် စာသင်ဆောင်တစ်ဆောင် တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ကုန်းတန်းကြီး၊ ရေချို၊ မုန်ပင်ဆည်နှင့် ညောင်ကိုင်ကျေးရွာတို့မှ စာသင်ကျောင်းများ၏ လိုအပ်နေသော စာသင်ခုံများ ဆောင်ရွက်သည့်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး မီးလင်းရေးဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကို ရွှေကုက္ကိုရွာနှင့် ပန်းတော်ဆက်ကျေးရွာများတွင် ကျေးရွာမီးလင်းနိုင်ရန်အတွက် လုပ်ငန်းများအကောင်အထည်ဖော်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြောင်မြို့တွင် သဘာဝမြေဩဇာများပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းဖွင့်

**မြောင်၊ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က "တောင်သူဦးကြီးများအနေနဲ့ ခေတ်မီစိုက်ပျိုးရေးစနစ်ကို အမြင်ကျယ်စွာ သိရှိလေ့လာထားစေလိုပါတယ်။ ဒါမှသာ ထွက်ရှိလာတဲ့သီးနှံများ အရည်အသွေးကောင်းထွက်ရှိပြီး ဈေးကွက်ကောင်းကာ အကျိုးအမြတ်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူဦးကြီးများ အသိပညာနည်းစနစ်များ ရရှိစေရန်အတွက် အခုလို သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်။ သင်တန်းသားများအနေနဲ့လည်း မိမိတို့ရပ်ကွက်/ကျေးရွာများသို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း မိမိကိုယ်တိုင် သင်တန်းကပို့ချတဲ့ နည်းပညာများကို လက်တွေ့အကောင်အထည်ဖော် အသုံးပြု၍ နီးစပ်ရာပတ်ဝန်းကျင်တောင်သူများကို ဆင့်ပွားအသိပညာပေးစေလိုပါတယ်" ဟု အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိဖြစ်ပြီး အဆိုပါသင်တန်းသို့ ဝန်ထမ်း ၂၅ ဦး၊ တောင်သူ ၃၇ ဦး စုစုပေါင်း ၆၂ ဦး တက်ရောက်ကြောင်း သိရသည်။ **တင်ကိုကို**

## မန္တလေးမြို့ရသေ့တောင်ကျေးရွာတွင် ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်

**ကျောက်ပန်းတောင်း၊ ဒီဇင်ဘာ ၃၁**

ကျေးလက်နေပြည်သူများ စာပေဗဟုသုတတိုးပွားရရှိစေရန်နှင့် မိမိမွေးရပ်ဇာတိမြေကို ကျေးဇူးတုံ့ပြန်ရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်လှူဒါန်းသော ဓမ္မာရုံရေစက်ချပွဲနှင့် ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲသို့ ရသေ့တောင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဇောတိပါလ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဘိုကျော်၊ ကော်မတီဝင် ဦးလှဆင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အလှူရှင်မိသားစုများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

"အလိမ္မာစာမှာရှိဆိုသလို စာဖတ်မှအသိအမြင်များမှာဆိုတော့ စာဖတ်နိုင်အောင် အခုလို စာကြည့်တိုက်လှူပေးတာကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဦးလေးတို့ ဒီတယ်ပင်တဲအုပ်စုရွာရှစ်ရွာထဲမှာ ဦးလေးတို့ရသေ့တောင်ရွာက စာကြည့်တိုက် တူတူတန်တန်လေးရှိလာတာကိုလည်း ဂုဏ်ယူစရာပါ။ ဒီစာကြည့်တိုက် ရေရှည်တည်တံ့ဖို့ကတော့ ဦးလေးတို့က ဝိုင်းပြီးစောင့်ရှောက်သွားမှာပါ" ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ ပညာရောင်ခြည်စာကြည့်တိုက်မှာ အကျယ် ၁၆ ပေ×၁၂ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး ရသေ့တောင်ကျေးရွာဇာတိဖြစ်သည့် မန္တလေးမြို့ ဦးနီ-ဒေါ်ခင်ရီ မိသားစုက ဆောက်လုပ်လှူဒါန်းကြခြင်းဖြစ်သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**


## ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ဥက္ကာသီရိကုမ္ပဏီလီမိတက်အား ၂၀၁၅ ဇန်နဝါရီလ ၁ရက်မှ စတင်၍ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။

အမှတ်(၂၈)၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (၉၅-၁)၅၃၈၀၂၃၊ ၅၀၀၀၄၉
(၉၅-၉)၄၅၀၀၆၃၉၁၁၊ ၄၂၀၀၀၁၈၈၄၊ ၇၃၂၅၀၈၄၅၊
(၉၅-၉)၇၃၂၅၀၇၈၅(**Medical**)
(၉၅-၉)၇၃၀၉၄၃၂၀ (**Consumable**)
ဖက်စ်(၉၅-၁)၅၀၅၂၀၉
**Email:sales@okkarthiri.com, aftersales@okkarthiri.com**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ အပိုင်း(၁၊ ၂) မှ ပြောင်းရွှေ့ချထားခံရသူ ဦးထွန်းရွှေ(ISN-၂၈၀၅၀၄)သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၄၄၇-ခ)၊ အကျယ်အဝန်းပေ(၂၀×၆၀) မြေကွက်ရရှိခဲ့ပါသည်။ ဖော်ပြပါမြေကွက်သည် မြေချပါမစ်မထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဌေးဝင်း[၁၂/ရပသ(နိုင်)၀၅၂၆၈၈]မှ ၎င်းပိုင်ဆိုင်ကြောင်း၊ အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်ထောက်ခံစာများ ပူးတွဲတင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးထွန်းရွှေအမည်ဖြင့် မြေချပါမစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ၊ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ အပိုင်း(၁၊၂)မှ ပြောင်းရွှေ့ချထားခံရသူ ဦးဝင်းသိန်း(ISN-၅၄၉၈၆၁)သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၄၄၇-က)၊ အကျယ်အဝန်းပေ(၂၀×၆၀)မြေကွက်ရရှိခဲ့ပါသည်။ ဖော်ပြပါမြေကွက်သည် မြေချပါမစ်မထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဌေးဝင်း[၁၂/ရပသ(နိုင်)၀၅၂၆၈၈]မှ ၎င်းပိုင်ဆိုင်ကြောင်း၊ အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်ထောက်ခံစာများ ပူးတွဲတင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးဝင်းသိန်းအမည်ဖြင့် မြေချပါမစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ၊ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

# ချင်းပြည်နယ်ဖလမ်းခရိုင်ရှိ ဘိန်းခင်းဧက ၄၅၀ကျော်အား စစ်ကြောင်းသုံးကြောင်းခွဲ၍ဖျက်ဆီးဆောင်ရွက်

**တွန်းဇံ၊ ဒီဇင်ဘာ ၃၁**

ချင်းပြည်နယ်တွင်ယခုနှစ်ဒီဇင်ဘာပထမ သီတင်းပတ်အတွင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူများ၊ တပ်မတော်သားများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဘိန်းခင်းဧက ၄၅၀ ကျော်ကိုစစ်ကြောင်းသုံးကြောင်းခွဲ၍ ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ ဖျက်ဆီးနိုင်တဲ့ အရေအတွက်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်က စတင်လို့ လကုန်တဲ့အထိ လုပ်ဆောင်သွားမှာပါ။ အခုဖျက်ဆီးတဲ့ ဘိန်းစိုက်ဧက တိုးလာနိုင်သေးတယ်" ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

ချင်းပြည်နယ်အတွင်း ဘိန်းခင်းများဖျက်ဆီးခြင်းကိုနှစ်စဉ်ဧက ရာချီဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းခင်း ၆၇၂ ဒသမ ၈၆ ဧကဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဧက ၅၀၀ ထက်မနည်း ဖျက်ဆီးနိုင်မည်ဖြစ်ကြောင်း၊ တရားမဝင်စိုက်ပျိုးကြသဖြင့် ဧကမည်မျှရှိမည်ကိုမူ အတိအကျမသိရှိကြောင်း ၎င်းက ပြောသည်။

ရဲတပ်ဖွဲ့အနေနှင့် ဘိန်းခင်းဖျက်ဆီးခြင်းနှင့် ပညာပေးခြင်းတို့ကို လုပ်ဆောင်နေပြီး အမှန်တကယ်ပပျောက်ရန်နှင့် ဘိန်းအစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု နှိမ်နင်းရေးအဖွဲ့နှင့် အခြားသော နိုင်ငံခြား လူမှုအဖွဲ့အစည်းများ၏ အကူအညီလိုအပ်ကြောင်းရဲမှူးကြီးက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်အတွင်း ဖလမ်းခရိုင် တွန်းဇံမြို့နယ်တစ်ခုတည်းတွင်သာ ဘိန်းစိုက်ပျိုးခြင်းကိုလုပ်ကိုင်နေကြပြီး ကျန်သည့်ဒေသများတွင်မရှိကြောင်းသိရသည်။ ဘိန်းစိုက်ပျိုးနိုင်သည့်ဒေသများသို့လည်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးလုပ်ငန်းများဟောပြောဆွေးနွေးခဲ့သော်လည်း ဘိန်းစိုက်ပျိုးနိုင်သဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှု၊ ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြေပြင်သတင်းစုံစမ်းဆောင်ရွက်ခဲ့ရာ တွန်းဇံမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုရှိကြောင်း သိရသည်။ **ဇိုဟေဆာ**



## ကလေးမြို့တွင် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲပြုလုပ်

**ကလေး၊ ဒီဇင်ဘာ ၃၁**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်း ပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့မဈေး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ဆွေဆွေဦးက အခွန်ဆိုင်ရာကိစ္စရပ်များ ပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ဆွေဆွေဦးကို မေးကြည့်ရာတွင် "အခု ပညာပေးရှင်းလင်းပွဲဟာ စတုတ္ထအကြိမ်မြောက် ရှင်းလင်းပွဲဖြစ်တယ်။ ပထမအကြိမ်မှာ ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်နဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်တွေ၊ ဒုတိယအကြိမ်မှာ စားသောက်ဆိုင်လုပ်ငန်းရှင်တွေ၊ တတိယအကြိမ်မှာတော့ ဟိုတယ်၊ တည်းခိုခန်းပိုင်ရှင်တွေ၊ ကုမ္ပဏီလုပ်ငန်းရှင်တွေနဲ့ ပြုလုပ်ခဲ့ပြီး အခုအကြိမ်မှာတော့ ဈေးသူဈေးသားတွေကို ဦးတည်ပြီး အလွှာစုံအောင် ရှင်းလင်းပွဲပြုလုပ်ခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါအခမ်းအနားသို့ ဈေးသူဈေးသားများ ၅၀ တက်ရောက်ကြပြီး ဈေးသူဈေးသားများ သိရှိလိုသော မေးမြန်းချက်များကို မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

## ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်းဆင်း

**မြဝတီ၊ ဒီဇင်ဘာ ၃၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတော်၏ အဓိကရည်မှန်းချက်(၄)ရပ်ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ရေး၊ ဒီမိုကရေစီကျင့်စဉ် ထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးယန္တရား သွက်လက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ တာဝန်ယူကြရမည့်သူများဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်ဇော် တို့က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ယင်းမာပင်ခရိုင်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ယင်းမာပင်၊ ဒီဇင်ဘာ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးဆောင်သော ဝန်ထမ်းများသည် စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် စားသုံးသူရေးရာဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဦးဆောင်ရှင်းလင်းဟောပြော ဆွေးနွေးသည်။

ဆက်လက်ပြီး စားသုံးသူရေးရာဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းက စားသုံးသူရေးရာ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ကေသီအောင်က မုန့်မျိုးစုံနှင့် အစားအသောက်များ၏ အန္တရာယ်များအကြောင်းနှင့် အကြီးတန်းစာရေး ဒေါ်နှင်းနှင်းခိုင်က အရက်၊ ဘီယာ၊ စီးကရက်နှင့် ကွမ်းယာတို့ အန္တရာယ်အကြောင်း စသည့် သိကောင်းစရာများကို ပရိုဂျက်တာများဖြင့် ရှင်းလင်းပြသကာ အသီးသီးဟောပြော ဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိမှတ်ဖွယ်ရာများ၊ စားသုံးသူပြည်သူများ၊ ကာကွယ်ဖို့ လူတိုင်းပါဝင်ကြပါစို့ ဆောင်ပုဒ်ပါ လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စားသုံးသူရေးရာဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်း၊ တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ယင်းမာပင်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ယင်းမာပင်မြို့မဈေးအတွင်းမှ ဈေးဆိုင်ပိုင်ရှင်များနှင့် မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါ လမ်းတစ်လျှောက်မှ စိတ်ပါဝင်စားသည့် ကွမ်းယာဆိုင်၊ မုန့်ဆိုင်၊ စားသောက်ဆိုင်၊ စတိုးဆိုင် စသည့်တို့မှ ဈေးဆိုင်ပိုင်ရှင်များစုစုပေါင်းအင်အား ၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**








### အနူးအညွတ်တောင်းပန်ခြင်း

ကျွန်မ မမြသီတာ[၁၂/ဗဟန(နိုင်)၀၉၈၀၈၄]သည် မဇင်နန္ဒာဦး(ခ)ဇင်ဇင်အား ဂုဏ်သိက္ခာညှိုးနွမ်းစွာ မဟုတ်မမှန်ပြောဆိုခဲ့သည့်အတွက် အနူးအညွတ်တောင်းပန်ပါသည်။ နောက်နောင် ယခုကဲ့သို့ ပြောဆိုခြင်းမပြုတော့ပါဟု ဝန်ခံပါသည်။

မမြသီတာ


Up to
30 % Off
For ever Gems
by
ရွှေနန်းတော်
၂၀၁၅ နှစ်သစ်ကူးအထူးအစီအစဉ်
၂၀၁၄ ဒီဇင်ဘာ(၁)ရက်နေ့မှ ဇန်နဝါရီ(၃၁)ရက်ထိ
ရွှေနန်းတော်မှ ရတနာချစ်သူများအားလုံးအတွက်
၂၀၁၅ ဝင်လာနှစ်သစ်တွင်
ဖန်တီးထုတ်လုပ်ထားသော၁၅ပဲရည်ပြည့်
ရွှေဆွဲကြိုး၊ ရွှေဟန်းချိန်းနှင့် အခြား
လက်ရာဆန်းသစ်သော အရည်အသွေးမီ
ဒီဇိုင်းသစ်ပေါင်းများစွာဖြင့်
ဈေးနှုန်းချိုသာစွာ ကြိုဆိုလိုက်ပါသည်။
GIA/HRD Certificate ပါရှိမှု
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
◆ ၁ကျပ်ခွဲသားရွှေဆွဲကြိုး (၃)ဆု
◆ ၁ကျပ်သားရွှေဆွဲကြိုး (၅)ဆု
◆ ၁၂ပဲသားရွှေဆွဲကြိုး (၅)ဆု
◆ ၈ပဲသားရွှေဆွဲကြိုး (၅)ဆု
◆ ၄ပဲသားရွှေဆွဲကြိုး (၁၀)ဆု
◆ ၂ပဲသားရွှေဆွဲပြား (၂၀)ဆု
◆ ၁ပဲသားရွှေလက်စွပ် (၃၀)ဆု
Junction Square Shopping Centre : ဖုန်း 09 731 45462, 09 731 45463
အမှတ် (၇၄၃)၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01 227212,229409, 210572 အမှတ် (၇၁၀/၇၁၃)၊ မဟာဗန္ဓုလလမ်းနှင့် ရှဲဒိုးဝန်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01 228751,226977, 211728


FREEHOLD
LAND
SKYSUITES
PRIVATE & QUALITY LIVING
Q HOME
No.23, Yanshin Road, Yankin Township, Yangon Myanmar
Hotline +959 - 252 80 8200, 252 80 8300

TET LANN CONCRETE

TET LANN CONSTRUCTION COMPANY LIMITED

“မင်္ဂလာနှစ်သစ် ၂၀၁၅”

၂၀၁၅ နှစ်သစ်အတွင်း မိတ်ဟောင်းမိတ်သစ်များအားလုံး
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း
“တက်လမ်း” မိသားစုမှ နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

- Head Office - No.(483), Aye Yeik Thar 2nd Street, New University Avenue Road, Bahan Tsp; Ph: (+95) 01 8604514 ~ 18
- Concrete Office - No.(17), Shu Khin Thar Main Road, Thaketa Tsp; Ph: (+95) 01 9190545, 01 9190546, 09 31774447, 09 33333617, 09 33333671

**TET LANN Group of Companies**

## တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သောဘဏ်လီမိတက်
## ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

တောင်သူလယ်သမားများကြီးပွားတိုးတက်ရေးအများနှင့်သက်ဆိုင်သော ဘဏ်လီမိတက်(FARMERS WEALTH PUBLIC BANK LTD) ကို ဘဏ်လုပ်ငန်းများ၊ ချေးငွေလုပ်ငန်းများ၊ ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်ပတ်သက်သောကိစ္စအဝဝအား ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁၇ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၄၆၂၉/၂၀၁၄-၂၀၁၅ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

**ကုမ္ပဏီရုံးခန်းတည်နေရာ-အမှတ်**(င/၁၀)၊မြို့တော်(၂)လမ်း၊(၁၀)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(ကျပ်-၁၀၀၀၀)သတ်မှတ်ထားပြီး အများပြည်သူ၏အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(FARMERS WEALTH PUBLI CO,.LTD)ကို တောင်သူလယ်သမားများ လယ်ယာသုံး စက်ကိရိယာငှားရမ်းခြင်းလုပ်ငန်းများ၊ ဓာတ်မြေဩဇာများ၊ ရွက်ဖျန်းဆေးများနှင့် အခြားလိုအပ်သောအရာများကိုစိစစ်၍ ထုတ်ပေးခြင်းစသည့်တောင်သူလယ်သမားများဘဝ ကြီးပွားတိုးတက်စေမည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၄ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၇၁၅/၂၀၁၄-၂၀၁၅ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

**ကုမ္ပဏီရုံးခန်းတည်နေရာ-အမှတ်**(င/၁၀)၊ မြို့တော်(၂)လမ်း၊ (၁၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(ကျပ်-၁၀၀၀၀) သတ်မှတ်ထားပြီး အများပြည်သူ၏အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကြော်ငြာ


ဂုဏ်ထူးမြန်မာစာ နှင့် ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

မြန်မာစာရည်ရွယ် ပညာရည်ရွယ် ရွှေထီးဆောင်း သင်္ကေတ ကျောင်းကြီး

ဝမ်းမြောက် ဝမ်းသာ ဂုဏ်ယူလျက်ပါ

ဂုဏ်ထူး ဦးသိန်းနိုင် ဂုဏ်ထူးရတနာ ဒေါ်ကြည်ကြည်တင် … တို့နှင့်အဖွဲ့










ဂုဏ်ထူးမြန်မာစာ နည်းပြ

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

ကြော်ငြာ


ဗုဒ္ဓံ ဓမ္မံ သံဃံ

# မြတ်မင်္ဂလာ အာမခံစိန်ရွှေရတနာဆိုင်

ဦးအောင်ဘဇော + ဒေါ်တင်တင်မြ

နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူပြည်သားအားလုံးကျန်းမာချမ်းသာ
ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း
မြတ်မင်္ဂလာရွှေဆိုင်မိသားစုမှ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမှတ်(၅၁၆)၊ မဟာဗန္ဓုလလမ်းမကြီး၊ ၂၈လမ်းနှင့် ရွှေဘုံသာလမ်းကြား(၄)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၆၅၈၊ ၃၈၈၉၄၀၊ ၃၈၉၄၅၁


## နှစ်သစ်ဆုတောင်း

ဆရာကြီး ဒေါက်တာမြင့်ကြည်၊
ဆရာမကြီး ဒေါက်တာ ဒေါ်ပို၊
ဆရာကြီး ဒေါက်တာခင်အေး

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ်က ချီးမြှင့်သော ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခံရခြင်းအတွက် ချစ်တပည့်များက ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆရာကြီး၊ ဆရာမကြီးတို့ သက်ရှည်ကျန်းမာ၍ မြန်မာစာပေကို အဓွန့်ရှည်ကြာ စောင့်ရှောက်နိုင်ပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

**မြန်မာစာမိသားစု၊ ပဲခူးတက္ကသိုလ်**


“ ရွှေစကြယ် ” ... နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ


[illegible]


## မွေးနေ့ဆုတောင်း

နွေးထွေးသော ချစ်ချင်း
အေးမြသောအရိပ်
နူးညံ့သောလက်တစ်စုံဖြင့်
မိသားစုကို ထာဝရလုံခြုံမှုပေးခဲ့သော
အချစ်ရဆုံးသော အဘွား **“ဂျန်း”** ၏
၁-၁-၂၀၁၅ရက် မွေးနေ့မှစ၍ နှစ်ပေါင်းများစွာတိုင်
ပျော်ရွှင်မှုများစွာဖြင့် ဖြတ်သန်းနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းပေးလျက် .....။

**ချစ်မြေး (၁၁)ယောက်**
**ဇာဇာ၊ ကောင်စန်၊ ဝေမာ၊ ဂွတ်ဂွတ်၊ ပိုင်ပိုင်၊**
**ကြယ်စင်၊ နေဘုန်း၊ ကိုကို၊ မီးမီး၊ ညီညီ၊ ရွှန်းလဲ့။**


2015 နှစ်သစ်မှစ၍ “မိတ်ဆွေများ”
ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝပါစေ။
ရွှေမြင့်စံနှင့် မင်းသုခကျော် အကျိုးဆောင်နှင့် ဆောက်လုပ်ရေး Co.Ltd
09-7309-9696 # 09-7319-9696 # 09-509-9696 # 09-509-9859


## ဝယ်လိုသည်


- ကားအပ်ပြီး စလစ်
- စက်မှုဇုန်ထုတ်အပ်ကား
- ယာဉ်အိုယာဉ်ဟောင်းအပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

### စမ်းချောင်းမြို့နယ်၊ တိုက်ခန်းများရောင်းမည်

၁။ ကျွန်းတောလမ်းမ၊ ပေ(၁၄×၆၀)၊ ၇လွှာ၊ 2BR၊ ပြင်ပြီး (တိုက်သစ်) 590.L
၂။ ဗဟိုလမ်းမ၊ ပေ(၁၅×၆၀)၊ ၅လွှာ၊ 2BR၊ ပြင်ပြီး (တိုက်သန့်) 720.L
၃။ ဗဟိုလမ်းမ၊ ပေ(၂၀×၅၀)၊ ၅လွှာ၊ 2BR၊ ပြင်ပြီး(တိုက်သန့်) 900.L
၄။ လမ်းသန့်၊ ပေ(၁၆×၇၅)-1200sqft၊ ပ. ထပ်(lift)၊ ပြင်ပြီး(တိုက်သစ်) 1850.L
(ပွဲစားမလို) ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၄၂၀၁၂၈၈၇၅


စီစဉ်သူ - သဲသဲဟိန်း (ကျေးရူးရှင်စာပေ - ၀၁၅၂၄၇၃၅)
ရှုဘုန်း အာကမ်းသမားနှင့် ပန်းအိမ်ရှင်
ဖြန့်ချီရေး - မျိုးဆက်သစ်စာပေ - ၀၉-၄၂၀၀၀၃၆၀၀






အားသစ်
J.O
(A) Sat,Sun 9:00-12:00(am)
(B) Thur,Fri 9:00-12:00(am) Jan-8
(C) Sat,Sun 12:30-4:00(pm) Jan-10
Mon to Fri 9:00-12:00(am) Jan-12
09 500 1599, 09 8632973, 09 4500 17415


### အမြန်ရောင်း/ငှားမည်

၁။ တောင်ဥက္ကလာ၊ မေတ္တာလမ်းမတန်း၊ နှစ်ထပ်အုတ်ညှပ်၊ လျှာထိုးခင်း၊ ပေ(၁၈×၆၀)ဂရန် (ရောင်း/ငှား)
၂။ တောင်ဥက္ကလာ၊ မင်းဂေါင်(၂)လမ်း၊ ပေ(၂၀×၆၀)၊ မြေသီးသန့်၊ နှစ်(၆၀)ဂရန် (ရောင်း)
၃။ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ မြေညီ၊ ပေ(၁၂½×၅၀)၊ ရောင်း/ငှား
၄။ မြေနီကုန်း၊ စေတနာလမ်း၊ မြေညီ ပေ(၁၀×၃၀)၊ (ရောင်း/ငှား)
၅။ ပန်းဘဲတန်းမြို့နယ် ၃၂လမ်း(အောက်) Condo ၇လွှာ(၄လွှာ ၂ခန်းတွဲ)၊ ပေ(၁၈×၅၀) (ရောင်း/ငှား)
ဖုန်း-၀၉-၅၀၃၆၆၆၄၊ ၀၉-၄၂၅၀၁၆၇၂၆၊ ၀၉-၄၄၈၀၀၆၂၆၆၊ ၀၉-၄၂၀၀၂၀၇၄၀

## ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)လမ်းမကြီးပေါ်၊ ခြောက်ကွေ့မီးပွိုင့်အနီး၊ ပေ(၄၀)×ပေ(၆၀)၊ အမည်ပေါက်၊ ရိုးရိုး/ပါဝါမီတာပါ၊ ဘဏ်၊ မီနီမတ်များ ဖွင့်ရန်သင့်တော်။

**Ph : 09-5144381, 01-9699745**

ကြော်ငြာ

## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ **ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး**(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပျဉ်းမနား/ဥတ္တရ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)နှင့် မေမေ**ဒေါ်အေးအေးမြင့်**တို့၏ ၁-၁-၂၀၁၅ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ လျှောက်လှမ်းနိုင်စေကြောင်းနှင့် နိုင်ငံအကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သားသမီးများ**

- **ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ဝင်းမြင့်အောင်(မြန်မာ့ဆိပ်ကမ်း)၊ ဒေါ်စန္ဒာဦး**
- **ဒေါက်တာဥမ္မာဦး(ရန်ကုန်တက္ကသိုလ်)**
- **ဦးနေလင်းဦး(ကုလသမဂ္ဂ/ESCAP)၊ ဒေါ်ဖြူသွယ်မော်(FIFTH AVENUE)**

**ချစ်မြေးကလေး-ဇွဲစည်သူဦး**

## " 1 . 1. 2015 နှစ်သစ်မင်္ဂလာဆုတောင်းလွှာ"

**ဗိန်းမင်းသေယ် ဗိန်ရွှေရုပ်ရှင်ရုံဆိုင်** တွင် ဝယ်ယူအားပေးကြသော မိတ်ဆွေများ ... [illegible]

ဗိန်းမင်းသေယ်ဗိန်ရွှေရုပ်ရှင်ရုံဆိုင်မိသားစု

## ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း)-ဒေါ်မီမီကိုတို့အတွက် (၂၁)နှစ်မြောက် မင်္ဂလာဆုတောင်း

သမီးနဲ့သားတို့ရဲ့ အနာဂတ်လှပအောင် ခြယ်မှုန်းပေးနေတဲ့ ဖေကြီးနဲ့ မေကြီးတို့ရဲ့ ၁-၁-၂၀၁၅ရက်တွင် ရောက်ရှိသော ချစ်ချင်းရတုကို ကြည်နူးဂုဏ်ယူလျက်ပါ။

ပီတိများစွာဖြင့်

**သမီး - မသန့်နွယ်ကိုကို(ကစ်ကစ်)၊ တတိယနှစ်(မြို့ပြ) YTU**

**သား - မောင်ခန့်ထည်ကိုကို(ကူးကူး) Grade VI C အထက(၂)ဗဟန်း**

## (၄၀)နှစ်မြောက် ပတ္တမြားရတုမင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် **ဖေဖေ ဗိုလ်မှူးကြီးစန်းမောင်(ငြိမ်း) (D.S.A-10)နှင့် မေမေ ဒေါ်နန်းမြမေ(စစ်သူနာပြုအပတ်စဉ်-၈)**တို့၏ **၁-၁-၂၀၁၅**ရက်တွင် ကျရောက်သော **ပတ္တမြားရတုမင်္ဂလာရက်မြတ်**မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီ လောကုတ္တရာအကျိုးတို့ကို ယခုထက် ပိုမိုဆောင်ရွက်နိုင်ပြီး ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျ၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီးကြီး - ဗိုလ်မှူးကျော်အောင်-နန်းအိမြတ်စမ်း**
**ချစ်မြေးများ - နန်းမြတ်ဟေကျော်၊ နန်းသက်ဟေသော်**
**ချစ်သားငယ် - စိုင်းဇွဲပြည့်မောင်-မထက်ထက်ဦး**
**ချစ်မြေးများ - နန်းဝတီဦး၊ နန်းသွန်းနဒီဇွဲ**

## နှစ်သစ် မွေးနေ့မင်္ဂလာ ဆုတောင်း

၁.၁. ၂၀၁၅ မင်္ဂလာရက်မြတ်တွင်ကျရောက်သော သမီးလေး **မဖြူစင်ချမ်းသာ [Grade VI အ.ထ.က(၁)အုံ]**၏ မွေးနေ့ရက်မြတ်မှသည် ကိုယ်၊ စိတ် နှစ်ပါး ကျန်းမာ ချမ်းသာ ... [illegible]

... [illegible]

**ချစ်မောင်လေး - မောင်ပြည့်ရန်ချမ်းသာ [Grade IV အ.ထ.က(၁)အုံ]**

**ဝန်ထမ်းများ - ... Travels & Tours Co.,Ltd**

... **M & E Services**

## တိုက်ခန်းရောင်းမည်

မှဒိတာအိမ်ရာ(၂)၊ အင်းစိန်၊ မြေညီထပ်၊ နေရာကောင်း၊ သိန်း(၅၉၀) အမှန်တကယ်ဝယ်မည့်သူများသာ ဆက်သွယ်ပါ။

အကျိုးဆောင်မလိုပါ။

**Ph:09-5097213**

## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များ အထူးဈေးကောင်းပေးဝယ်သည်။

ဖုန်း ၀၉ ၅၀၆၂၅၈၀၉ ၄၂၀၀၀၀၉၇၅

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းနေ
ဦးဘိုအောင်မြင်-ဒေါ်စန်းစန်းရီတို့၏ တစ်ဦးတည်းသောသား

**ဗိုလ်ကြီးဉာဏ်လင်းဘို**

**(M.B.,B.S) (D.S.M.A) (M.Med.Sc) (Paed)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေ
ဦးအောင်မျိုးထွန်း-ဒေါ်စိုးမိုးသင်းတို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာသဉ္ဇာမိုးမိုးအောင်(M.B.,B.S)**

တို့သည် ၂၇-၁၁-၂၀၁၄ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေရီ၏ရှေ့မှောက်တွင် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုး တရားဝင်လက်ထပ်ပြီးစီးပါကြောင်း။

**ဗိုလ်ကြီးဉာဏ်လင်းဘို-ဒေါက်တာသဉ္ဇာမိုးမိုးအောင်**

## မိုးသောက်ပန်းအောင်မြင်မှုကြိဳ

"... [illegible]"

... [illegible]

(1) Junction ... Ph:571545, 09-5126882
(2) ... Ph:200917,09-43122884
(3) ... Ph:566992,09-421008133

**ဖခင်အမည်မှန်**

ပိုင်းမော်မြို့၊ အထက(ခတ်ချို)၊ နဝမတန်း(C)မှ မောင်ဖြိုးမင်းဝေနှင့် စတုတ္ထတန်းမှ မောင်ဖြိုးမင်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး[၁/ဝမန(နိုင်)၀၀၈၃၇၀]ဖြစ်ပါသည်။

## ကလေးနာမည်ပေး

... [illegible]

## အမှားပြင်ဆင်ချက်

၂၆-၁၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၆)ပါ ကန့်ကွက်ကြော်ငြာတွင် ဒေါ်ခင်စမ်းမြင့်[၁၂/ဥကတ(နိုင်)၀၃၈၇၄၇] အစား [၁၂/ဥကတ(နိုင်)၀၃၈၇၄၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

River Saman
Institute of Management

MBA သိန်း ၆၀

Special Rate for Myanmar Students

သိန်း ၆၀ (only year 2015)

Enroll Now
09-420 725566
09-730 94060

အစိုးရ တရားဝင် ကိုရီးယား အလုပ်ဝင် **Professional**

ကျွမ်းကျင်သင်တန်းကျောင်း **Better Tomorrow**

**EPS-TOPIK** (ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ)

ပညာအရည်အချင်းမလိုဘဲ

သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

- ♦ လစာ(၁၅)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်။
- ♦ မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော ကိုရီးယားလူမျိုး ဆရာကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
- ♦ ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
- ♦ တန်းခွဲသစ်များ ၁၁-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

**တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး**
**တိုင်ပင်ဆွေးနွေးကြည့်ပါ။**

လိပ်စာ - အမှတ်(B/30)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်။ ဖုန်း-၀၁-၅၁၂၈၀၄၊ ၀၉-၃၀၀၉၃၅၉၂၊ ၀၉-၄၃၀၂၉၂၅၆၊ ၀၉-၇၉၅၈၃၂၁၀၀၊ ပုဇွန်တောင် ဖုန်း-၀၁-၃၉၇၅၀၂၊ ၀၉-၅၁၅၀၅၈၂၊ ၀၁-၂၉၉၁၃၃

[ကိုရီးယားစကားပြော (Speaking)ကို သင်ကြားရန် အလွန်ပင် စိတ်ပါဝင်စားသူ၊ ချစ်ခင်နှစ်သက်သူများအတွက် တနင်္ဂနွေနေ့တိုင်း အခမဲ့သင်ကြားပေးနေပါသည်။ လူဦးရေကန့်သတ်ထားသဖြင့် အရင်ဆုံးလာရောက်လျှောက်ထားပါ။]

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပဲခူးမြို့နယ်တရားရုံး၏

၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၂/၂၀၁၃နှင့်

ဆက်သွယ်သည့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂

ဦးဉာဏ်မြင့် **(တရားနိုင်)** ၁။ ဦးမြင့်နိုင်၊ ၂။ဒေါ်ယုယ **(တရားရှုံးများ)**

အင်းဝင်(၁၂)လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ယခုနေရပ်လိပ်စာမသိသူ ဦးမြင့်နိုင်နှင့် ဒေါ်ယုယတို့ သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၂/၂၀၁၃တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဉာဏ်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၆ရက် (၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးသက်ထွန်း**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး**

ကြော်ငြာ

**သီတာဂူ မျက်စိ ကုသရေး အလင်း ပြန်လည်ရရှိပြီ ... ၄၃–ကြိမ်မြောက် (ဇန်နဝါရီလ ၁၇၊ ၁၈) နှစ်သစ်အလင်းဓါတ်ပြန်လည်ပေးပါမည်**

... Dr. Mya Aung ... Dr. Kyaw Soe, Dr. Khin Ohmar Khine, Dr. Thein Than Htike, Dr. Kyaw Min Lwin, Dr. Tin Myo Thant, Dr. Win Mar Tun, Dr. Khin Oo May, Dr. Khin Own Myint, Dr. Wai Nwe Win, Dr. Hla Myat Nwe, Dr. May Zune Aung Win, Dr. Yinmin Han, Dr. Naing Lin, Dr. Hla Kaythi, Dr. Nu Nu Yin ...

---

# ရွှေရည်ဦး ရတနာရွှေဆိုင် ၏

## ၂၀၁၅–ခုနှစ် နှစ်သစ်မင်္ဂလာ မေတ္တာဆုတောင်း

... ၂၀၁၅ နှစ်သစ်မင်္ဂလာ ... **"ရွှေရည်ဦး ရွှေပန်းထိမ် မိသားစု"** မှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးအောင်သန်း+ဒေါ်မာလာနိုင်
ရွှေရည်ဦး ရတနာရွှေဆိုင်

---

# ရွှေလက်ရာ မိသားစု၏ ၂၀၁၅ ခုနှစ် နှစ်သစ်ဆုမွန်လွှာ

... Mother's Light ...

ကိုဝင်းနိုင်-မလှဝင်း

MOTHER'S LIGHT ရွှေလက်ရာ မိသားစု

---

**ကိုသန့်ဇင် Car Rental**

ကားမျိုးစုံ မြို့တွင်း၊ မြို့ပြင်၊ လချုပ်၊ အချိန်ပိုင်းငှားသည်။

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

PH: 09-5059821, 09-43117680

---

**မြေကွက်ဝယ်လိုသည်**

09 255781353
09 250644566
09 254046457

---

Full Auto

09420035882, 73199257

---

Print Out

---

**"အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"**

ALL ADULTS MUST BE ABLE TO DRIVE

(NEW ASIA)

---

**သစ္စာ၊ မေတ္တာ** ...

---

**အိမ်အကူ အလိုရှိသည်**

လစာ (၈၀၀၀၀/-)
နေ၊ စား-ငြိမ်း၊ ရန်ကုန်
နံနက် ၈-၁၁နာရီ၊ နေ့ ၂-၆နာရီ
ဖုန်း-၀၉-၅၅၀၁၃၇၈

---

**ငါးကန်ရောင်းမည်**

၁၆ဧက၊ လန/၃၉ ကျပြီး
မင်းလွင်ကုန်း၊ လှည်းကူးမြို့နယ်၊
ရန်ကုန်-ပဲခူးလမ်းမ
ဖုန်း-၀၉-၂၅၆၃၄၆၃၈၇

ကြော်ငြာ

(KK) ကောင်းကြိုက် ဒံပေါက် ၂၀၁၅ ဆုမွန်လွှာ

ကောင်းကြိုက်ဒံပေါက်အား အစဉ်တစိုက်ဝယ်ယူအားပေးခဲ့ကြသော မိတ်ဟောင်း၊ မိတ်သစ်များနှင့် စားသုံးသူ မိဘပြည်သူများအားလုံး ၂၀၁၅ ခုနှစ် နှစ်သစ် အခါသမယတွင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်းနှင့် စီးပွားလာဘ်လာဘများ တိုးတက်ပါစေကြောင်း ကောင်းကြိုက်ဒံပေါက် မိသားစုမှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စက်ရုံ - No.107/ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်(၇)၊ အောင်ဇေယျာတံတားအနီး၊ လှိုင်သာယာ၊ Tel :01-522682, 01-52299
ရုံးခန်း - No.47/ မြေညီထပ်၊ သမိုင်းဘူတာရုံလမ်း၊ ကြေး(၁) မှတ်တိုင်ရှေ့ မရမ်းကုန်းမြို့နယ်၊ Tel : 01-651891, 01-653296

နှစ်သစ်မင်္ဂလာအခါသမယတွင်.....

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကြီးပွားတိုးတက် အောင်မြင်မှုများ ထပ်တက်ထမ်းပိုး ရရှိနိုင်ကြပါစေကြောင်း luckyman ကိုသိန်းဇော်နှင့် တူများ တာယာ၊ ဘက်ထရီနှင့် အင်ဂျင်ဝိုင် ဖြန့်ချိရေးမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၂-၂၀၁၄ ရက်စွဲထုတ် ကြေးမုံသတင်းစာ အခွင့်အလမ်းကဏ္ဍသစ် စာမျက်နှာ(၂)တွင် ပါရှိသော Cosmos Novel Tech Co.,Ltd ၏ email address (engineering@cosmosnovelteach.com) ကို (engineering@cosmosnove-ltech. com) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြသဇင်ဇာဘော်လီ မိသားစု၏ ၂၀၁၅ ခုနှစ် နှစ်သစ်ဝေလာဆုမွန်လွှာ



မဝိုး၊ မနီ မြသဇင်
ဇာဘော်လီလက်လီ/လက်ကား ရောင်းဝယ်ရေး

GOOD CARE ®

# Happy New Year 2015

Good Care (အမျိုးသမီးလစဉ်သုံး)ပစ္စည်းအား အစဉ်တစိုက်ဝယ်ယူအားပေးခဲ့ကြသော Super Center ကြီးများ၊ ကိုယ်စားလှယ်ကြီးများ၊ အမြို့မြို့အနယ်နယ်ရှိ အရောင်းဆိုင်ကြီးများ၊ စတိုးဆိုင်များနှင့် အမြဲအားပေးခဲ့ကြသော Customer များအားလုံးတို့ကို အထူးပင်ကျေးဇူးတင်လျက် စိတ်ရောကိုယ်ပါ ကျန်းမာကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Good Care Business Group**

## အများသိစေရန်ကြေညာခြင်း

ကြေးမုံသတင်းစာ ၂၉-၁၀-၂၀၁၄ရက်စွဲတွင် ဖော်ပြပါရှိသော သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂/မြောက်၊ မြေကွက်အမှတ်-၁၃၈၊ (က)(ခ)(ဂ)၊ မြေကွက်တည်နေရာအမှတ်-၁၃၈၊ (က)(ခ)(ဂ)၊ အနော်မာ ၁၇လမ်း၊ ၂/မြောက်ရပ်ကွက်အား ဒေါ်သိန်းဦး၏ မြေပုံကူးလျှောက်ထားသည့် ကိစ္စအတွက် ကန့်ကွက်ကြောင်း ကြော်ငြာထည့်သွင်းထားခြင်းကို ၂၅-၁၀-၂၀၁၄ ရက်နေ့တွင် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူများအားလုံးနှင့်အတူ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ရှေ့မှောက်တွင် ရှင်းလင်းညှိနှိုင်းသဘောတူညီမှုရယူပြီးဖြစ်ပါသောကြောင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်(ရေကျော်)၊ သဇင်လမ်း၊ အမှတ်(၁၁)နေ ကျွန်တော် ဦးသိန်းမောင်[၁၂/ပဇတ(နိုင်)၀၂၄၂၅၅]အနေဖြင့် ပြန်လည်ရုပ်သိမ်းပါကြောင်း သိစေအပ်ပါသည်။

**ဦးသိန်းမောင်**

## လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပခုက္ကူလမ်း၊ အမှတ်(၄၈/ခ)နေ ဦးသက်နိုင်ဦး- ဒေါ်ယဉ်ထွေးတို့၏သမီးဖြစ်သူ မချမ်းမြေ့သီရိ (ခ)ခိုင်ခိုင်အသက်(၂၁)နှစ်သည် ၂၄-၁၂-၂၀၁၄ရက်၊ နံနက် ၈း၃၀ နာရီခန့်က အလုပ်သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

**ဖုန်း - ၀၉-၄၂၀၂၇၃၂၇၆၊ ၀၉-၄၂၀၀၅၅၃၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၄၈၄၊ မြေကွက်တည်နေရာအမှတ်(၁၉)၊ (၁၁)လမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်း၊ (ဦးသောင်းစိန်) အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက် ဦးသောင်းစိန်(ဖခင်) ဒေါ်ခင်တင့်(မိခင်) ကွယ်လွန်သဖြင့် (၁)ဒေါ်ရင်သော့[၁၂/သဃက(နိုင်)၀၈၉၀၄၇]၊ (၂)ဦးသန်းဝင်း[၁၂/သဃက(နိုင်)၀၈၉၀၄၄]၊ (၃)ဒေါ်ခင်လှမေ[၁၂/သဃက(နိုင်)၀၈၉၀၄၆]၊ (၄)ဒေါ်ချိုချိုဝင်း[၁၂/သဃက(နိုင်)၀၈၉၉၀၁]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ


## မြစိမ်းမြန်မာ မှ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

Emerald Myanmar Group of Companies ...

Emerald Myanmar Travels & Tours ... Emerald Myanmar Construction ...

Emerald Myanmar ...

EMERALD MYANMAR GROUP OF COMPANIES CONSTRUCTION, TRADING, TRAVELS & TOURS

ASIA KING 09-43114301, 09-420221257

## ရိုလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ (၃)၊ ချွန်းလုံရွှေဆိုင်နှင့် ချွန်းလုံရွှေဆိုင်မိသားစုရွှေဆိုင်များတွင် လက်လီလက်ကားဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဆွေမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိုလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph - 09-4500-51313, 09-73156897, 01-200747 (Ext) 2008

## ငွေသန်းကျော် စိန်ရွှေရတနာဆိုင်
## နှစ်သစ်မင်္ဂလာဆုတောင်း

## 2015 နှစ်သစ်တွင်
## NIKKO Beauty & Skin Care Centre
### မှ ကြိုဆို ဧည့်ခံပါတယ် . . .

Amazing 30% discount off for All Service

Computer Software Developer

Programming Fundamental

GUSTO


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၃၃၅/က)၊ မြေကွက်တည်နေရာအမှတ်(၃၃၅ဂ)၊ သုမာလာ (၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ် ဦးလှပို(တီဝိုင်တီ-၀၇၉၄၁၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးလှပို ကွယ်လွန်သဖြင့် ဒေါ်တင်အုန်း[၁၂/ဥကမ(နိုင်)၀၇၉၃၇၃]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်(၅၄၇/က)၊ မြေကွက်တည်နေရာအမှတ်(၅၄၇/က)၊ အနော်မာ(၁၃)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်စန်းမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးကျော်ဝင်း(တရားလို)မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄၈ဖြင့် ဒေါ်စန်းမြင့်(တရားပြိုင်)အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃၀ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြေကွက်ကြီးအမှတ်-၃၊ အိမ်ရာအကွက်ငယ်အမှတ်-၇၄၊ အောင်မင်္ဂလာရပ်ကွက်၊ (၃)လမ်း၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် လှည်းကူးမြို့နယ်၊ မြို့ပြနှင့်မြေစာရင်း ဦးစီးဌာနတွင် ဦးလှမြင့်(HGU၀၇၈၈၄၇)အမည်ပေါက်လျက်ရှိပါသည်။ ယခုအပိုင်ရောင်းချသူ ဒေါ်ခင်ညွန့်ရီ[၁၂/လကန(နိုင်)၀၅၄၄၂၄]က စာချုပ် အဆက်စပ်ဖြင့် မိမိပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆို၍ ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မိတင်ဇာလင်း** | **ဒေါ်အေးနန္ဒာဝင်း** |
| **LL.B, D.B.L, D.M.L, D.I.L** | **LL.B, D.B.L, D.M.L** |
| **(စဉ်-၃၀၄၉၁)** | **(စဉ်-၁၀၁၂၆)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၂၄/အေ-၇၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၃၅၂၆၄၊ ၀၉-၄၃၀၂၈၅၈၂**

**အမည်မှန်**

၂/က ၊ စံပြရပ်ကွက်၊ ကာယသုခ အပြင်လမ်း၊ မင်္ဂလာဒုံနေ ဦးသန်းအောင်[၁၂/မဂဒ(နိုင်)၀၆၄၇၉၅]၏ သမီး မမေသကြိန်မိုး၏ အမည်မှန်မှာ မသက်မှူးအိမ် ဖြစ်ပါကြောင်း။

**မသက်မှူးအိမ်**

ကြော်ငြာ

Jan-25, Feb-8,23/Mar-15,22/Apr-12

Feb-21 Feb 28

Apr-12

★★★ 25-1-2015 ★★★

(C/၁၁၁) Highway Complex

ရွှေပုဒ္ဓမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Jan 21, Feb 7/18/21, Mar 7/14/21/28, Apr 4,12

09 5136466,09 8636466,09 73064666,09 73036666,0933337762

# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)မှ ပီပီအိတ်ထုတ်လုပ်ရာတွင် ထွက်ရှိလာသော ပယ်အိတ်၊ ဖြတ်စ/ညှပ်စနှင့် ချည်မျှင်အလေအလွင့်များ လေလံတင်ရောင်းချရန် မျက်မြင်အခြေအနေအတိုင်း ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက် - ၅-၁-၂၀၁၅ ရက်မှ ၁၉-၁-၂၀၁၅ ရက်ထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံ ရောင်းချမည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၀-၁-၂၀၁၅ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂း၃၀နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့် အချိန် - ၂၀-၁-၂၀၁၅ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

# ပဲခူးမြို့ ကဝမဟာစည်တရားစခန်းပွဲ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ရာဇာဓိရာဇ်လမ်း၊ ကဝမဟာစည်သာသနာ့ရိပ်သာ (၆)ကြိမ်မြောက် ဆောင်းရာသီတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ကဝဆရာတော် ဘဒ္ဒန္တဝဏ္ဏိဿရ သာသနဓဇမ္မာစရိယ၊ ဝိနယဝိဒူ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ ဦးဆောင်၍ ဓမ္မကထိကဆရာတော်များသည် (၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်နေ့မှ လပြည့်ကျော် ၁၀ရက်) ၄-၁-၂၀၁၅ မှ ၁၄-၁-၂၀၁၅ ထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ တရားစခန်းအားထုတ်လိုကြသော ယောဂီသူတော်စင်များသည် ပြာသိုလ ပြည့်နေ့ ညနေ(၄)နာရီအရောက် မှတ်ပုံတင်မိတ္တူကတ်ပါယူ၍ ကြွရောက်ကြပါရန်နှင့် ယောဂီဦးရေကန့်သတ်ထားပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါသည်။ ကဝဆရာတော်၊ ဇန်နဝါရီလ တရားပွဲကို ၂-၁-၂၀၁၅တွင် ခရမ်းမြို့ လက်ပန်တန်းဘုရားပွဲ၊ (၉)ရက်နေ့ ပဲခူးမြို့၊ ထန်းတပင်(၁)လမ်း၊ (၁၀)ရက်နေ့ ဗဟန်း၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ (၁၄)ရက်နေ့ သန်လျင်၊ လက်ယက်စမ်း၊ (၁၅)ရက်နေ့ လှိုင်သာယာ၊ ပခုက္ကူလမ်း၊ (၁၈)ရက်နေ့ ပဲခူး၊ (၇)ရပ်ကွက်၊ (၂၀)ရက်နေ့ ကဝမြို့၊ ငါးထပ်ကြီးဘုရား၊ (၃၁)ရက်နေ့ နိဗ္ဗန္ဓ(၇)ရပ်ကွက်၊ ပဲခူးမြို့တို့တွင် ဟောကြားချီးမြှင့်ပါမည်။

တရားပွဲပင့်ဆောင်လိုပါက ဖုန်း-၀၅၂-၃၀၉၅၁၊ ၀၉-၅၀၆၆၂၉၈၊ ၀၉-၂၅၄၁၆၃၅၇၂ သို့ ပင့်ဆောင်နိုင်ကြပါသည်။

# အာစရိယပူဇော်ပွဲနှင့် စုံညီတွေ့ဆုံပွဲပင့်လျှောက်လွှာ

ပင့်လျှောက်အပ်ပါသည်ဘုရား

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အောင်ဇေယျ၊ ကြိုးတံတားအနီး၊ သာယာကုန်းပရိယတ္တိစာသင်တိုက်၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တပည့်များ စုံညီတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် သာယာကုန်းပရိယတ္တိစာသင်တိုက်နွယ်ဖွား တပည့်များ ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါသည်ဘုရား။

နေ့ရက် - (၁၃၇၆ခုနှစ်၊ ပြာသိုလဆန်း ၁၅ရက်)၊ ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၂ နာရီ
နေရာ - သာယာကုန်းပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာမြို့နယ်။
အထူးလျှောက်ထားချက် ။ ။ ၃-၁-၂၀၁၅ ရက်၊ ည ကျိန်းစက်အမီ ကြွရောက်တော်မူပါဘုရား။

**ဆက်သွယ်ရန်-**

| | | | |
|---|---|---|---|
| **ဆရာတော်** | **ဖုန်း-၀၉-၅၁၄၇၀၂၈** | **ဦးသောဘိတ** | **ဖုန်း-၀၉-၄၃၀၅၂၈၂၈** |
| **ဦးတိလောက** | **ဖုန်း-၀၉-၄၂၀၀၉၄၃၅၆** | **ဦးဇဝန** | **ဖုန်း-၀၉-၂၅၀၆၅၃၅၆၆** |
| **ဦးဣန္ဒက** | **ဖုန်း-၀၉-၂၅၆၄၁၅၂၂၃** | **ဦးအာစာရ** | **ဖုန်း-၀၉-၄၂၀၁၀၆၆၁၀** |

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၉-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၅၀၂၅၈၃**

# စက်မှုဝန်ကြီးဌာန
# စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ(ကျပ်ငွေ)ဖြင့် e-Government ပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) အိတ်ဖွင့်တင်ဒါအမှတ်စဉ် - 08-DISI (e-Gov)
(ခ) တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန် - ၁-၁-၂၀၁၅ရက်၊ ၉း၃၀နာရီ
(ဂ) တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၁-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၂၉၁၊ ၄၀၈၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**အမည်မှန်** မြစ်ကြီးနားမြို့၊ အထက(ဇီးလွန်) နဝမတန်း(A7)မှ (အဖ)ဦးလဘန်ဂမ်၏သမီး မဂျာရွယ်၏အမည်မှန်မှာ မဂျာထွယ် ဖြစ်ပါသည်။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ်-၉၆၆-က၊ မြေကွက်တည်နေရာအမှတ်(၉၆၆-က)၊ ရန်ပြေ(၄)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊(ဦးသန်းမောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်တုတ်[၁၂/သကတ(နိုင်)၀၀၇၅၁၇]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖုန်း - 552742, 09 5060940, 09 73100980
- 559320, 09 5060938, 09 73500535

Hot Line No-0930500100

## ယနေ့မာတိကာ

ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုပုံရိပ်
စာမျက်နှာ - ၆

ရန်ကုန်မြို့ရှိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားဆောင်ရွက် မည့်သူများအား ဆွေးနွေး
စာမျက်နှာ - ၁၀

ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ထဲက စောင့်ကြည့်ရမယ့် ကစားသမားများ(၁)
စာမျက်နှာ - ၁၃



# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပိုလ်ရှုခံအခမ်းအနားတွင် သတင်းရယူမည့် မှတ်ပုံတင်ထားပြီးသောမီဒီယာများသို့ ပန်ကြားချက်

**နေပြည်တော်　ဒီဇင်ဘာ　၃၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ သတင်းရယူကြမည့် သတင်းမီဒီယာသမားများ အနေဖြင့် သတင်းရယူနိုင်ရန် နေရာလေးနေရာသတ်မှတ်ပေးထားပါသည်။ ဗိုလ်ရှုခံမဏ္ဍပ်ရှေ့ ဘေးဝဲ၊ယာတွင် နှစ်နေရာနှင့် စစ်ရေးပြစစ်ကြောင်းများနောက်ဘက်တွင် နှစ်နေရာဖြစ်ပါသည်။ အဆိုပါနေရာများ၌ နေရာတစ်ခုစီတွင် မီဒီယာ ၇၀ ခန့်သာ ဝင်ဆံ့မည်ဖြစ်ပါသည်။ ဗိုလ်ရှုခံအခမ်းအနားကျင်းပချိန်သည် ၂ နာရီ ၃၀ မိနစ်ခန့်ကြာမည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့် ပတ်သက်၍ ပြည်သူသို့အစီရင်ခံစာတင်ပြချက်အား ထုတ်လွှင့်မည်

**နေပြည်တော်　ဒီဇင်ဘာ　၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့ အစီရင်ခံတင်ပြချက်အား မြန်မာ့အသံ၊ မန္တလေးFM၊ ပဥ္စဝတီ FM၊ ရွှေFM၊ ချယ်ရီFM၊ ပတ္တမြားFM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက် နေ့တို့တွင် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့၌ တစ်ရက်လျှင် လေးကြိမ်စီနှင့် မြန်မာ့ရုပ်မြင်သံကြားမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့ အစီရင်ခံတင်ပြချက်အပြည့်အစုံကို ဇန်နဝါရီလ ၁ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။

# ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပမည်

**နေပြည်တော်　ဒီဇင်ဘာ　၃၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဗိုလ်ရှုသဘင်အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကြေးမုံသတင်းစာ(၃၂)မျက်နှာ စတင်ဖြန့်ချီ

သတင်းစာဖတ်မိဘပြည်သူအပေါင်း၏မေတ္တာကို တုံ့ပြန်သောအားဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်(နှစ်သစ်ကူးနေ့)မှ စတင်၍ ကြေးမုံသတင်းစာကို စာမျက်နှာ(၃၂)မျက်နှာဖြင့် ဖော်ပြဖြန့်ချိပေးလိုက်ပါသည်။

# ရထားလမ်းကြံ့ခိုင်ရေးဆောင်ရွက်သည့် ကျောက်ဖြည့်တင်းမီးရထား တွဲချော်

**နန့်စီးအောင်　ဒီဇင်ဘာ　၃၁**

မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်းတွင် မီးရထားလမ်းများ ကြံ့ခိုင်မှုရှိစေရန်လမ်းများအား ကျောက်ဖြည့်တင်းသည့်ကျောက်တင်မီးရထားသည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်စီးအောင်မီးရထားဘူတာအနီးတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၆ နာရီ ၁၈ မိနစ်က တွဲချော်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးရထားလမ်းချော်မှုကြောင့်တွဲအမှတ်MBH 7094 မှ ဘီးလေးဘီးနှင့် MBH 49027 မှဘီးလေးဘီးတို့သည် မီးရထားမိုင်တိုင်အမှတ်(၆၁၂/၁၁၊၁၂)ကြား၊(၆၁၁/၂၂၊၂၃)ကြားတွင် သံလမ်းနှင့်ကပ်ကျကာ တွဲချော်ကျမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါကျောက်တင်ရထား လမ်းချော်ကျမှုကို နန့်စီးအောင်မီးရထားဘူတာမှ တာဝန်ခံရုံပိုင်ကြီး၊ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့်တပ်မတော်သားများနှင့် နန့်စီးအောင်သစ်ထုတ်လုပ်ရေးမှ သစ်တင်ကားများ၏အကူအညီဖြင့် အမြန်ဆုံးဆောင်ရွက်ခဲ့ကြရာ နံနက် ၁၁ နာရီတွင် ပြီးစီးခဲ့ပြီးလမ်းချော်မှုဖြစ်ပွားခဲ့သည့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**




# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား ဝင်/ထွက်ပေါက် အချိန်တိုးမြှင့်ခွင့်ပြု

**မြဝတီ　ဒီဇင်ဘာ　၃၁**

မြန်မာ-ထိုင်း(မြဝတီ-မဲဆောက်) ချစ်ကြည်ရေးတံတား ဝင်/ထွက်ပေါက်မှ ဂိတ်ဖွင့်ချိန်၊ ပိတ်ချိန်ကို နေ့စဉ် မြန်မာစံတော်ချိန် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဝင်/ထွက်ခွင့်ပြုခဲ့ပြီး ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ နံနက် ၅ နာရီမှ ည ၈ နာရီအထိ အချိန်တိုးမြှင့်ခွင့်ပြုလိုက်ကြောင်း သိရသည်။

**(၅၇၀)**



ကြေးမုံ
အထူးကဏ္ဍ
NEW YEAR SPECIAL ISSUE

# နိုင်ငံရေးယဉ်ကျေးမှုသစ် ပိုမိုသက်ဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီ

- နှစ်သစ်ကူးအခါသမယမှာ လူတစ်ဦးချင်းစီအနေနဲ့ လာမယ့်နှစ်အတွင်း ဘယ်လိုထူးခြားတဲ့အကြောင်းအရာတွေပေါ်ပေါက်လာမှာလဲ
- မိမိတို့ရဲ့ လူမှုဘဝတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိမှာလဲဆိုတာကို ကြိုတင်တွေးတောလေ့ရှိ
- ၂၀၁၅ ခုနှစ်ဟာ နိုင်ငံရေးဖြစ်စဉ်ရဲ့ အရေးကြီးတဲ့အပြောင်းအလဲတွေ ပေါ်ပေါက်လာမယ့်နှစ်တစ်နှစ်လို့ ရှုမြင်သုံးသပ်ရမှာဖြစ်

## နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့ အစီရင်ခံတင်ပြချက်

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားခြင်းဖြစ်ပါတယ်။ ဒီလဟာ ၂၀၁၄ ခုနှစ်ရဲ့ နောက်ဆုံးလလည်းဖြစ်တဲ့အတွက် တစ်နှစ်တာအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်မှုများနဲ့ ၂၀၁၅ ခုနှစ်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကိုလည်း ထည့်သွင်းပြောကြားသွားမှာဖြစ်ပါတယ်။

နှစ်သစ်ကူးအခါသမယမှာ လူတစ်ဦးချင်းစီအနေနဲ့ လာမယ့်နှစ်အတွင်း ဘယ်လိုထူးခြားတဲ့အကြောင်းအရာတွေ ပေါ်ပေါက်လာမှာလဲ၊ မိမိတို့ရဲ့ လူမှုဘဝတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိမှာလဲဆိုတာကို ကြိုတင်တွေးတောလေ့ရှိပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ကျွန်တော်တို့အစိုးရတာဝန်ယူပြီး တည်ဆောက်ခဲ့တဲ့ နိုင်ငံရေးဖြစ်စဉ်ရဲ့ အရေးကြီးတဲ့ လုပ်ငန်းစဉ်တွေကို အဆင့်ဆင့် အကောင်အထည်ဖော်ရမယ့် နှစ်တစ်နှစ် ဖြစ်ပါတယ်။ နိုင်ငံရေးဖြစ်စဉ်ရဲ့ အရေးကြီးတဲ့အပြောင်းအလဲတွေ၊ ဖြစ်ထွန်းတိုးတက်မှုတွေ ပေါ်ပေါက်လာမယ့် နှစ်တစ်နှစ်လို့လည်း ရှုမြင်သုံးသပ်ရမှာဖြစ်ပါတယ်။

ဒီနှစ်အတွင်းမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အရေးပါဆုံး အဆင့်တစ်ဆင့်ဖြစ်တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးကာလနောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကို ပြန်ပြောင်းကြည့်ရှုတဲ့အခါ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတိုင်းမှာ အဓိကကျတဲ့ နိုင်ငံရေးအင်အားစုတစ်ရပ်ရပ်ရဲ့ ဆန့်ကျင်မှု၊ မပါဝင်မှုကို အမြဲတစေကြုံတွေ့ခဲ့ရပြီး နိုင်ငံရေးအင်အားစုအားလုံးပါဝင်နိုင်တဲ့ အခြေအနေမျိုး ဖန်တီးနိုင်ခဲ့ခြင်းမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့နိုင်ငံရေးဟာ မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်မှုကြောင့် မတူညီတဲ့၊ ဖယ်ထုတ်တဲ့ နည်းလမ်းတွေကိုစွန့်ပယ်ပြီး နှစ်ဖက်စေ့စပ်ဆွေးနွေးခြင်း နည်းလမ်းတွေနဲ့အဖြေရှာတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ပိုမိုအသက်ဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ အဓိကကျတဲ့ နိုင်ငံရေးအင်အားစုအားလုံး အင်တိုက်အားတိုက် ပါဝင်ယှဉ်ပြိုင်တဲ့ ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်မှာ ပထမဆုံးအကြိမ်ကျင်းပနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးအင်အားစုများအနေနဲ့ ရွေးကောက်ပွဲနည်းလမ်းနဲ့သာ နိုင်ငံရေးအဖြေကို ရှာဖွေပြီး မှန်ကန်တဲ့ နိုင်ငံရေးရွေးချယ်မှုတွေပြုလုပ်ဖို့ ကြိုးပမ်းနေတဲ့ အခြေအနေများကြောင့်လည်း ၂၀၁၅ ဟာ နိုင်ငံရေးအရ ထူးခြားမှုရှိမယ့်နှစ်ဖြစ်ပါတယ်။



> ၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းမှာ သမိုင်းဝင်မယ့် နှစ်တစ်နှစ်အဖြစ်သာမကဘဲ သမိုင်းတွင်မယ့် လုပ်ငန်းစဉ်တွေ အခြေတည်မယ့် နှစ်တစ်နှစ်ဖြစ်။
>
> အရေးကြီးပြီး သမိုင်းဝင်မယ့်၊ သမိုင်းတွင်မယ့်နှစ်မှာ တိုင်းပြည်ရဲ့ အသီးသီးသော အင်အားစုများဟာ ကျရာကဏ္ဍကနေ အစွမ်းကုန်ကြိုးပမ်းဖို့လို။
>
> နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းကနေ နိုင်ငံရေးပါတီများထူထောင်ပြီး ရွေးကောက်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားတဲ့ နိုင်ငံရေးအင်အားစုများအပြင် နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကို တခြားသောနည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးပမ်းခဲ့ကြတဲ့ လက်နက်ကိုင်အင်အားစုများလည်း ရှိနေတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့လည်း ကျွန်တော်တို့အစိုးရလက်ထက်မှာ ကမ်းလှမ်းခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံတဲ့ နိုင်ငံရေးအရအဖြေရှာခြင်းလုပ်ငန်းစဉ်တွေမှာ ထဲထဲဝင်ဝင်ပါဝင်လာနေတဲ့ အချိန်အခါဖြစ်ပါတယ်။ ဒီကနေ့ ပေါ်ပေါက်နေတဲ့ နိုင်ငံရေးဖြစ်စဉ်ဟာ နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်ဖို့ အခွင့်အလမ်းများ ပွင့်လန်းနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်နိုင်ငံရေးအင်အားစုများအနေနဲ့ အနာဂတ်ကာလမှာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေကနေတစ်ဆင့် ပင်မနိုင်ငံရေးဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်လာဖို့ အခြေအနေကောင်းဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲများကနေ ပေါ်ပေါက်လာမယ့် ပင်မနိုင်ငံရေးဖြစ်စဉ်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို အခြေပြုတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစပ်နိုင်တဲ့နေ့ဟာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အရေးတကြီးလိုအပ်လျက်ရှိတဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ **ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတစ်ရပ် တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံသစ်ကို** ထူထောင်နိုင်မယ့်နေ့ပဲဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေကပင်လျှင် ပြည်သူများရဲ့ စစ်မှန်တဲ့ ဆန္ဒမှန်တွေပေါ်ပေါက်လာရေးကို ဖော်ဆောင်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကိုအခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်ရေးလုပ်ငန်းစဉ်များ အပြိုင်ပေါ်ပေါက်ရေးဟာ မိမိတို့အားလုံးအတွက် အလွန်အရေးကြီးတဲ့ နိုင်ငံရေးဖြစ်စဉ်များပဲဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး အဓိကကျတဲ့ကိစ္စရပ်များကို ရှင်းလင်းပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး ယခင်ပဋိပက္ခအကြီးအကျယ်ဖြစ်ပွားခဲ့ရာ ဒေသအတော်များများက ပြည်သူများရဲ့ နေ့စဉ်လူမှုဘဝများဟာ ယခင်ကနဲ့ မတူတော့ဘဲ ငြိမ်းငြိမ်းချမ်းချမ်း ပုံမှန်သက်ဝင်လှုပ်ရှားလာနိုင်တာကို စာမျက်နှာ ၂ သို့ » »



၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်က အမျိုးသားနိုင်ငံရေးအင်အားစု (၅)ဖွဲ့မှ ခေါင်းဆောင်များ၏ နိုင်ငံရေးရာဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပစဉ်။

»» အထူးကဏ္ဍ စာမျက်နှာ ၁ မှ

ဝမ်းမြောက်ဖွယ် တွေ့ရမှာဖြစ်ပါတယ်။ ယခင် ဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ ငြိမ်းချမ်းခြင်းရဲ့ အနှစ်သာရနဲ့ အကြောက်တရားကင်းစွာနေထိုင်နိုင်မှုကိုလည်း ခံစားရရှိနေကြပြီဖြစ်ပါတယ်။ သို့သော်လည်း ဒေသတချို့မှာဖြစ်ခဲ့တဲ့ လက်နက်ကိုင်တပ်ဖွဲ့များရဲ့ ထိတွေ့မှုတွေဟာလည်း ဝမ်းနည်းစရာဖြစ်ရပ်တွေကို ပေါ်ပေါက်စေခဲ့ပါတယ်။ ဝမ်းသာကြည်နူးစရာ အဖြစ်အပျက်တွေ၊ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်တွေ ရောပြွမ်းနေပေမယ့် ၂၀၁၄ ခုနှစ်ဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများစတင်တဲ့အချိန်မှစပြီး တိုက်ပွဲဖြစ်ပွားမှုအနည်းဆုံးနဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ဥစ္စာပစ္စည်းဆုံးရှုံးမှုအရ လက်ရှိကာလအထိ အနည်းဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ အပစ်အခတ်တွေ လုံးဝရပ်စဲသွားပြီး ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝတွေ ပုံမှန်ရှင်သန်လာသည့်တိုင် ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေး မရမချင်း ဆက်လက်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အတွက် ဆက်လက်ညှိနှိုင်းစရာအနည်းငယ်ကို ညှိနှိုင်းပြီးတဲ့အခါမှာ လက်မှတ်ရေးထိုးနိုင်မှာ ဖြစ်ပါတယ်။ အနာဂတ်မှာ ကျွန်တော်တို့အားလုံးမြင်ချင်တဲ့ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်နိုင်ကြဖို့ ပါဝင်သင့် ပါဝင်ထိုက်သူတွေပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံးတက်လှမ်းကြရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အရေးကြီးတဲ့ နိုင်ငံရေးသဘောတူညီချက်တွေ၊ နိုင်ငံရေးအဖြေတွေကို ထိရောက်စွာရှာဖွေနိုင်တော့မှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

၂၀၁၄ ခုနှစ်ဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ ထူးခြားတဲ့နှစ်တစ်နှစ် ဖြစ်ခဲ့ပါတယ်။ ဒီကာလအတွင်းမှာ နှစ်ပေါင်း ၄၀ ကျော်အတွင်းမပြုလုပ်နိုင်ခဲ့တဲ့ အာဆီယံအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်နဲ့ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မြန်မာ့အားကစားစွမ်းရည်ကို ပြသနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့ပါတယ်။ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေစဉ်အတွင်း အာဆီယံထိပ်သီးအစည်းအဝေးများကို သာမက အရှေ့အာရှထိပ်သီးအစည်းအဝေးပွဲများကိုပါ လက်ခံကျင်းပပြီး မိတ်ဖက်နိုင်ငံများရဲ့ ခေါင်းဆောင်တွေနဲ့ အာဆီယံနိုင်ငံများရဲ့ခေါင်းဆောင်များကို အတူတကွတွေ့ဆုံဆွေးနွေးနိုင်စေဖို့ဖန်တီးပေးခဲ့ပါတယ်။ ဒီလို ထိပ်သီးအစည်းအဝေးတွေမှာ ဒေသတွင်းကိစ္စများ၊ တောင်တရုတ်ပင်လယ်အတွင်းက တင်းမာမှုများနဲ့ ကမ္ဘာလုံးဆိုင်ရာကိစ္စဖြစ်တဲ့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီလိုဆွေးနွေးပွဲများကို ကျင်းပစီစဉ်ပေးရုံသက်သက်သာမက မတူညီတဲ့ သဘောထားအမြင်များကို ပေါင်းကူးပေးခြင်း၊ တင်းမာမှုများကိုလျှော့ချပေးခြင်းနဲ့ အဘက်ဘက်က သဘောတူနိုင်မယ့်နည်းလမ်းများကို ရှာဖွေပေးနိုင်ခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်ခဲ့တာဖြစ်တဲ့အတွက် များစွာဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်းမှာ နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများ၊ အထီးကျန်ဆန်ခဲ့ရမှုများကနေ ကမ္ဘာ့မိသားစုအတွင်း ဂုဏ်သိက္ခာရှိတဲ့၊ တာဝန်သိတဲ့၊ တာဝန်ယူမှုရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရေးဆိုတဲ့ ကျွန်တော်တို့ရဲ့ဦးတည်ချက်ကို ဆက်လက်ချီတက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံတကာ ကွန်ရက်တစ်ခုကို စတင်တည်ဆောက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာ့အသိုက်အဝန်းအတွင်းမှာ တက်ကြွပြီး မိတ်ဖက်စုံတဲ့ နိုင်ငံခြားရေးမူဝါဒကို ပိုင်ဆိုင်ရေးဆိုတဲ့ ကိုယ်ပိုင်လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့နိုင်ငံများနဲ့ အင်အားကြီးနိုင်ငံများအားလုံးနဲ့ ခိုင်မာအားကောင်းတဲ့ဆက်ဆံရေးများကို ဖြစ်နိုင်သမျှတည်ဆောက်ခြင်းဖြင့် ကျွန်တော်တို့ပြည်သူများအတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဆောင်ကြဉ်းနိုင်မှာဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ တွေ့ဆုံပွဲတွင် တက်ရောက်လာသောခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တိုင်းပြည်တစ်ပြည်အနေနဲ့ စီးပွားရေးကို ပြန်လည်တည်ဆောက်တဲ့အခါ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားဆောင်ရွက်ရပါတယ်။ အဓိကကတော့ စီးပွားရေးအဆောက်အအုံတည်ငြိမ်ရေးအတွက် အရေးကြီးတဲ့ စီးပွားရေးအင်စတီကျူးရှင်းတွေကို ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ လုပ်ဆောင်ခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့ အခြေအနေတွေဖန်တီးပေးနိုင်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံထိ တိုးတက်လာခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းမှာလည်း ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံကို လာရောက်လည်ပတ်သူ သုံးသန်းကျော်ရှိခဲ့ပြီး တိုင်းပြည်အတွက် ဝင်ငွေ အမေရိကန်ဒေါ်လာ သုံး ဘီလီယံခန့် တိုးတက်ရရှိခဲ့ပါတယ်။ အရေးကြီးတဲ့ ကုန်သွယ်မှုစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုကနေ စီးဆင်းငွေဟာလည်း ကျပ်ငွေ ဘီလီယံ ၂၀ အထိ ရှိခဲ့ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းသစ်တွေနဲ့ လုပ်သားအင်အားစုရဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေ၊ လုပ်အားစွမ်းရည်တွေမြှင့်တင်ဖို့အတွက်လည်း အခွင့်အလမ်းများ ဖန်တီးနိုင်ခဲ့ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ရာမှာ အရေးကြီးကဏ္ဍတစ်ခုဖြစ်တဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ တယ်လီဖုန်းဆက်သွယ်ရေးအော်ပရေတာတွေဟာ စတင်လည်ပတ်နိုင်ခဲ့ပါတယ်။ မိုဘိုင်းဖုန်းသိပ်သည်းဆဟာ ကျွန်တော်တို့အစိုးရတာဝန်ယူစမှာ သုံးရာခိုင်နှုန်းကျော်သာ ရှိခဲ့ပေမယ့် ၂၀၁၄ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာခဲ့ပါတယ်။ လက်ရှိကာလလို တည်ဆောက်ဆဲကာလမှာ သုံးစွဲနိုင်တဲ့ ဧရိယာနဲ့ အရည်အသွေးပိုင်းဆိုင်ရာ စာမျက်နှာ ၃ သို့ »»



၂၀၁၄ ခုနှစ် မေ ၁၁ ရက်က ကျင်းပသော (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံနိုင်ငံခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»» အထူးကဏ္ဍ စာမျက်နှာ ၂ မှ
စိန်ခေါ်မှုတွေရှိနေပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အလျင်အမြန် ဖြန့်ကြက်ဆောင်ရွက်နေရတဲ့အတွက် မကြာခင်မှာ ခေတ်မီတဲ့ဆက်သွယ်ရေးကဏ္ဍတစ်ခုကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ သတင်းအချက်အလက်များ လျင်မြန်စွာ စီးဆင်းနိုင်မှုဟာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သုတေသနအစရှိတဲ့နယ်ပယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့သာမက ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာမှာ အထူးအရေးကြီးတဲ့ အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါတယ်။

အစိုးရအနေနဲ့ ပြည်သူ့ဝန်ထမ်းလစာများကို နှစ်စဉ်တိုးမြှင့်ပေးလျက်ရှိပါတယ်။ လစာတိုးမြှင့်ပေးရုံသက်သက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် အခြားပံ့ပိုးမှုများဖြစ်တဲ့ ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုနဲ့ လူမှုဖူလုံရေးကိစ္စရပ်များကိုလည်း အများပြည်သူနည်းတူရရှိအောင်နဲ့ အရေအတွက်ရော ပမာဏရောတိုးတက်စေဖို့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ခလစာများ တိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမယ့် ကုန်ဈေးနှုန်းရုတ်တရက်မြင့်မားလာမှုများကြောင့် အများပြည်သူဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးဟာ များစွာအရေးကြီးပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ လိုအပ်တဲ့စီးပွားရေးထိန်းညှိမှုတွေကိုလည်း ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပင်စင်လစာတိုးတက်ရေးနဲ့ ပင်စင်လစာထုတ်ယူမှုစနစ်ကို တစ်နှစ်ထက်တစ်နှစ် မြန်ဆန်ပြီး လွယ်ကူချောမွေ့အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ်မှာလည်း E Pension Card ငါးသိန်းကျော် ထုတ်ပေးထားပြီး ဖြစ်ပါတယ်။

နိုင်ငံသားများဟာ အခွန်ကို စနစ်တကျနဲ့ ပေးဆောင်ဖို့တာဝန်ရှိသလို အစိုးရအနေနဲ့လည်း နိုင်ငံသားများရဲ့ အခွန်အခများကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့နဲ့ ပွင့်လင်းမြင်သာစွာသုံးစွဲဖို့ အမှန်တကယ်လိုအပ်နေတဲ့ကဏ္ဍများမှာ အလိုအပ်ဆုံးဖြစ်နေတဲ့ ပြည်သူများအတွက် အကျိုးရှိစွာသုံးစွဲဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် ၂၀၁၄ ခုနှစ်မှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲပြီး ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီလို ချမှတ်နိုင်ခဲ့တဲ့အတွက် ပြည်သူများအနေနဲ့ အခွန်ကို စနစ်တကျပေးဆောင်နိုင်ဖို့နဲ့ ရရှိလာတဲ့အစိုးရအနေနဲ့လည်း အခွန်ဘဏ္ဍာကို ပြည်သူ့ရေးရာဝန်ဆောင်မှုများမှာ ပြန်လည်သုံးစွဲဖို့ စနစ်တကျ စီမံခန့်ခွဲလာနိုင်ခဲ့ပါတယ်။ ခေတ်မီတဲ့ စီးပွားရေးပုံစံတစ်ရပ် ပိုင်ဆိုင်နိုင်ရေးဟာ ကျွန်တော်တို့ နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ ခေတ်မီတဲ့ စီးပွားရေးစနစ်တစ်ခုမှာ စတော့အိတ်ချိန်းဟာ မရှိမဖြစ်လိုအပ်တဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် တစ်ပိုင်တစ်နိုင်စုဆောင်းငွေ အနည်းငယ်ကစလို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ့် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်အတွင်းမှာ ပေါ်ပေါက်လာဖို့ မျှော်မှန်းကြိုးပမ်းဆောင်ရွက်နေပါတယ်။

စီးပွားရေးတိုးတက်မှုရရှိပြီး ဈေးနှုန်းတည်ငြိမ်ဖို့အတွက် ဗဟိုဘဏ်ဟာ ၂၀၁၅ ဇန်နဝါရီလမှာ အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံစနစ်နဲ့ ရောင်းချသွားဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အတွေ့အကြုံရှိတဲ့ နိုင်ငံခြားဘဏ် ကိုးခုကို ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသေးစား၊ အလတ်စားလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးစတဲ့ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို အထူးပြုလုပ်ဆောင်ရွက်မယ့်ဘဏ်များကိုလည်း လုပ်ငန်းလိုင်စင်ချပေးခဲ့ပြီး ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ခရက်ဒစ်ဗျူရိုများဖွင့်လှစ်ပြီး ဘဏ်ချေးငွေ လိုအပ်နေတဲ့ ကဏ္ဍအသီးသီးမှာ ချေးငွေပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ငွေပေးချေမှုများ၊ ငွေကြေးစီးဆင်းမှုများကိုလည်း ငွေသားကို အဓိကထားတဲ့စနစ်ကနေပြီး စာရင်းဇယားတိကျပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ငွေပေးချေမှုစနစ်များ၊ ငွေပေးချေကတ်အသုံးပြုမှုအစီအစဉ်များ ဖြစ်ပေါ်အောင် စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အခုလို စီးပွားရေးပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုတွေရဲ့ အကျိုးရလဒ်တွေ၊ အသီးအပွင့်တွေကို သာမန်ပြည်သူတစ်ယောက်ချင်းစီအထိ ထိထိရောက်ရောက် လက်တွေ့ကျကျ ခံစားနိုင်စေဖို့အတွက် ကျန်ရှိနေတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဦးမှာဖြစ်ပါတယ်။ ဝင်ငွေကွာဟမှု အလွန်အမင်း မြင့်မားမှုကြောင့် ပေါ်ပေါက်နေတဲ့ နိုင်ငံရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေကို ထိထိရောက်ရောက် ဖြေရှင်းနိုင်ဖို့အတွက် ပြည်သူအားလုံးကို အကျိုးပြုစေနိုင်မယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ ၂၀၁၅ ခုနှစ်အတွင်းမှာ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ၂၀၁၄ ခုနှစ်အတွင်း အခြေခံပညာသင်ကျောင်းများရဲ့ အရည်အသွေးမြင့်မားဖို့အတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ အခမဲ့ပညာရေးစနစ်ကို မူလတန်းကနေ အလယ်တန်းအဆင့်ထိ တိုးမြှင့်ခြင်း၊ အခြေခံစာတတ်မြောက်မှုလှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ တက္ကသိုလ်များမှာ ကျောင်းသားအဆောင်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ရန်ကုန်တက္ကသိုလ် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လာမယ့်နှစ် ပြည်ထောင်စုအစိုးရရဲ့ အသုံးစရိတ်မှာ ပညာရေးကဏ္ဍအတွက် ပိုမိုသုံးစွဲသွားမှာလည်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီအမျိုးသားပညာရေးဥပဒေဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားရတာဖြစ်တဲ့အတွက် အမြင်သဘောထား မတူညီမှုတွေရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ လက်ခံထားပါတယ်။ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ရရှိဖို့အတွက် လက်ရှိအမျိုးသားပညာရေးဥပဒေကို လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှုများနဲ့ ဆက်လက်ဆွေးနွေးညှိနှိုင်း အဖြေရှာကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို မှန်ကန်စွာလုပ်ဆောင်နိုင်ဖို့နဲ့ ခေတ်နဲ့လျော်ညီတဲ့ ပညာရေးစနစ်တစ်ရပ် ပိုင်ဆိုင်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင် တည်ဆောက်ကြဖို့လည်း ဖိတ်ခေါ်အပ်ပါတယ်။

ယခင်က ကျန်းမာရေးဘတ်ဂျက်အတွက် ကျပ်ငွေ ၁၀၀ ဘီလီယံ အသုံးပြုခဲ့စဉ်က အစိုးရအနေနဲ့ ပြည်သူတစ်ဦးချင်းရဲ့ ကျန်းမာရေးကိစ္စအတွက် ၂၀ ရာခိုင်နှုန်းသာ စိုက်ထုတ်ပေးနိုင်ပြီး ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကိုတော့ ပြည်သူတစ်ဦးချင်းစီက ကျခံသုံးစွဲခဲ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ကျန်းမာရေးအတွက် ကျပ်ငွေ ၅၃၇ ဘီလီယံ သုံးစွဲနိုင်ခဲ့တဲ့အတွက် ပြည်သူတစ်ဦးချင်းစီအနေနဲ့ စိုက်ထုတ်သုံးစွဲရမှုဟာ ၆၀ ရာခိုင်နှုန်းအောက်ကို ကျဆင်းလာခဲ့ပါတယ်။ အစိုးရအနေနဲ့ လက်ရှိမှာ ပြည်သူတစ်ဦးချင်းစီအတွက် ၁၂ ဒေါ်လာနဲ့ နိုင်ငံတကာအကူအညီတွေပေါင်းလိုက်ရင် တစ်နှစ်ကို ပျမ်းမျှအားဖြင့် ၁၅ ဒေါ်လာခန့် စိုက်ထုတ်ပေးလျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ရဲ့ တွက်ချက်မှုအရ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ပြည်သူတစ်ဦးချင်းစီရဲ့ ကျန်းမာရေးစရိတ်ဟာ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ဒေါ်လာ ၃၀ ဖြစ်တဲ့အတွက် လက်ရှိမှာ အစိုးရအနေနဲ့ ၅၀ ရာခိုင်နှုန်း စိုက်ထုတ်ပေးထားတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ကိန်းဂဏန်းအချက် အလက်တွေအရ ယခုလို တိုးတက်မှုတွေရှိနေပေမယ့် ဆေးရုံတစ်ရုံချင်းမှာ လိုအပ်ချက်တွေ များစွာရှိနေသေးတာကိုလည်း ကျွန်တော်တို့အနေနဲ့ နားလည်လက်ခံထားပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲသွားဖို့နဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လျှပ်စစ်ကဏ္ဍမှာဆိုရင်လည်း ၂၀၁၄ ခုနှစ်အထိ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက မြို့ပေါင်း ၃၉၈ မြို့ရှိတဲ့အနက် ၂၄၃ မြို့ကို မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားပေးနိုင်ပြီး ကျန်တဲ့ ၁၅၅ မြို့ကို အခြားနည်းလမ်းများနဲ့ လျှပ်စစ်မီးပေးနိုင်ခဲ့ပါတယ်။ ကျေးလက်မီးလင်းရေးအစီအစဉ်အရလည်း ကျေးရွာပေါင်း ၂၅၀၀၀ ကျော်ကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီကနေ့ခေတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပုံမှန်လျှပ်စစ်ဓာတ်အား ရရှိရေးဟာ အဓိကကျတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် အခြားသော ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍများအတွက်လည်း အရေးကြီးတဲ့အခြေခံအဆောက်အအုံဖြစ်တဲ့အတွက် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့တဲ့ ကိစ္စတွေထဲမှာ အဓိကကျတဲ့လုပ်ငန်းစဉ်တစ်ရပ်ကတော့ လူဦးရေ၊ အိမ်အကြောင်းအရာနဲ့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းပဲ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအရ လူဦးရေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို မှန်ကန်စွာရရှိနေမှသာ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်တဲ့လုပ်ဆောင်မှုတွေကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီစနစ်ရဲ့ ခိုင်မာအားကောင်းရေးမှာ အဓိကကျတဲ့ ရွေးကောက်ပွဲစနစ်များ ခိုင်မာရေးနဲ့ အထွေထွေရွေးကောက်ပွဲများကို မှန်ကန်စွာကျင်းပနိုင်ရေးအတွက်လည်း များစွာအရေးပါတဲ့ကိစ္စလည်းဖြစ်ပါတယ်။ ဒီကိစ္စဟာ အစိုးရတစ်ရပ်အတွက်သာမက အစိုးရအဆက်ဆက်အတွက် အကျိုးရှိမှာဖြစ်ပြီး အထူးသဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက်လည်း တိုက်ရိုက်အကျိုးပြုတဲ့ စာရင်းဇယားညွှန်းကိန်းတစ်ခုကို ပိုင်ဆိုင်နိုင်တာ ဖြစ်ပါတယ်။

မြေယာပြဿနာဟာ ကျွန်တော်တို့နိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိစ္စကိုဆောင်ရွက်ရတဲ့ နိုင်ငံတိုင်းဟာ အခက်အခဲကြီးမားစွာ ကြုံတွေ့ရလေ့ရှိပြီး အထူးသဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုကို ဆောင်ရွက်ရတဲ့ နိုင်ငံများမှာ ပိုမိုခက်ခဲပါတယ်။ စနစ်အဟောင်းအရ လုပ်ထုံးလုပ်နည်းများ စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် မေ ၃ ရက်က ကျင်းပသော ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

»»» အထူးကဏ္ဍ စာမျက်နှာ ၃ မှ

ရှုပ်ထွေးခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားပုံစံများ စစ်ဆေးရန်ခက်ခဲခြင်း၊ ခေတ်နဲ့လျော်ညီမှုမရှိတော့တဲ့ လုပ်ထုံးလုပ်နည်းဟောင်းများ၊ ဥပဒေဟောင်းများရဲ့ အားနည်းမှုကိုအခွင့်ကောင်းယူပြီး စီမံကိန်းများ ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒေသခံများရဲ့ သဘောထားများကို လျစ်လျူရှုခြင်းများကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ မြေယာပြဿနာကို ကျွန်တော်တို့နိုင်ငံမှာ ကြီးမားစွာကြုံတွေ့ခဲ့ရပါတယ်။ ဒီပြဿနာတွေ၊ အခက်အခဲတွေကနေ အတွေ့အကြုံယူပြီး မြေယာကဏ္ဍကို ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် ဒုတိယသမ္မတ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်တဲ့ မြေအသုံးချစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ အောက်ခြေအထိ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများအထိ ဖွဲ့စည်းပေးခဲ့ပါတယ်။

မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးနဲ့ ဖြေရှင်းရမယ့် မြေယာအငြင်းပွားမှုတွေ များစွာရှိတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွေမှာ နှောင့်နှေးကြန့်ကြာမှုတွေ ရှိနေတာတွေကိုလည်း ပိုမိုလွယ်ကူရှင်းလင်းမယ့် လုပ်ငန်းစဉ်တွေနဲ့ ဖြည့်စွက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့လည်း ကြုံတွေ့ခဲ့ရတဲ့အခက်အခဲများကို အတွေ့အကြုံများအဖြစ်ရယူပြီး လာမယ့်နှစ်အတွင်းမှာ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်တဲ့အခါ ထိထိရောက်ရောက်ဖြစ်စေဖို့၊ သက်ဆိုင်ရာပြည်သူတွေ ထိခိုက်နစ်နာမှုမရှိစေဖို့နဲ့ ရသင့်ရထိုက်တဲ့ မြေယာများလက်ဝယ်ပြန်လည်ရရှိနိုင်ဖို့ဆိုတဲ့ ကိစ္စရပ်များကို အထူးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရ တာဝန်စတင်ယူစဉ်ကတည်းက သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးဆိုတဲ့ ရည်မှန်းချက်ကို ကြိုးပမ်းအကောင်အထည်ဖော်လာခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ ပွင့်လင်းမြင်သာသော အစိုးရစနစ်အတွက် ပူးပေါင်းဆောင်ရွက်မှု OGP မှာလည်း ဝင်ရောက်ဖို့ကြိုးပမ်းနေပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း လုပ်ငန်းစဉ်တွေကို ထိရောက်စွာကိုင်တွယ်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ကို ဝင်ရောက်ဖို့ကြိုးပမ်းခဲ့ရာမှာ အချိန်တိုအတွင်း အဖွဲ့ဝင်လောင်းအဖြစ် အသိအမှတ်ပြု ခံခဲ့ရပါတယ်။ ဒီလို EITI အဖွဲ့မှာ ပါဝင်နိုင်တဲ့အတွက်ကြောင့် သဘာဝအရင်းအမြစ်တွေထုတ်ယူသုံးစွဲခြင်းနဲ့ ရရှိလာတဲ့အကျိုးအမြတ်တွေကို ပြန်လည်သုံးစွဲတဲ့အခါမှာ ပိုမိုပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိစွာနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အစိုးရ၊ ပြည်သူများနဲ့ လုပ်ငန်းဆောင်ရွက်မယ့် စီးပွားရေးလုပ်ငန်းတို့အကြား သုံးဦးဖလှယ် ပူးပေါင်းဆောင်ရွက်တဲ့အတွက် ပွင့်လင်းမြင်သာမှုအားနည်းခဲ့လို့ ဖြစ်ပေါ်ခဲ့ရတဲ့ ပြဿနာတွေ မပေါ်ပေါက်စေဖို့ အထောက်အကူပြုမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများလည်း ခိုင်မာတဲ့ အာမခံချက်ရှိလာမှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းအနေနဲ့ မျှော်မှန်းတည်ဆောက်နေတဲ့ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ဖို့အတွက် နိုင်ငံသားများအကြား လေးစားမှု၊ သဟဇာတဖြစ်မှုနဲ့ အချင်းချင်းရိုင်းပင်းမှုများ လိုအပ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ မတူကွဲပြားသော ဘာသာဝင်များအကြား သဟဇာတရှိရေး၊ လူသားအချင်းချင်း အမုန်းပွားစေမယ့်ဖန်တီးမှုများမပေါ်ပေါက်ရေးနဲ့ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတည်ဆောက်ပြီး ချစ်ကြည်ရင်းနှီးစေဖို့အတွက် ဘာသာပေါင်းစုံချစ်ကြည်ရေးဆိုင်ရာ လှုပ်ရှားမှုတွေဆောင်ရွက်နိုင်ဖို့ အစိုးရအနေနဲ့ တိုက်တွန်းအားပေးပြီး အလေးထားဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာလည်း မတူညီတဲ့ လူ့အသိုက်အဝန်းတွေကြားမှာ သဟဇာတဖြစ်စေဖို့ လုပ်ငန်းစီမံချက်တစ်ခုကို အပြီးသတ်ရေးဆွဲလျက်ရှိပါတယ်။ ဒီစီမံချက်မှာပါဝင်တဲ့ အခြေခံအဆောက်အအုံနဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုအစီအမံများဟာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှုကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစီမံချက်ကို ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ၂၀၁၄ ခုနှစ်အတွင်းမှာ ပြည်သူများရဲ့ လွတ်လပ်ခွင့်များ၊ လွတ်လပ်စွာ ဖော်ထုတ်ပြောကြားခွင့်များတိုးတက်လာပြီး စိုးရိမ်ကြောင့်ကြမှုတွေ လျော့ပါးလာတယ်လို့ စစ်တမ်းတွေအရ သိပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရည်မှန်းတဲ့ပန်းတိုင်ကိုရောက်ဖို့ များစွာလိုအပ်နေသေးတယ်ဆိုတာကို အရှိတရားအဖြစ် လက်ခံထားပါတယ်။ များပြားလှတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အမြောက်အမြားကို တစ်ပြိုင်နက်ဆောင်ရွက်ရတဲ့အခါမှာ အများပြည်သူမျှော်လင့်သလောက် မဆောင်ရွက်နိုင်တာတွေလည်း ရှိခဲ့ပါတယ်။ ပြည်သူအများစုရဲ့ ဆန္ဒများနဲ့ လိုလားချက်တွေ ပိုမိုပြည့်မီဖို့အတွက်လည်း ကျွန်တော်တို့အနေနဲ့ ပြည်သူများရဲ့ ဝေဖန်အကြံပြုချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်လုပ်ဆောင်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကာလရှည်ကြာ အဘက်ဘက်က နောက်ကျခဲ့တဲ့ မိမိတို့နိုင်ငံ၊ မိမိတို့လူ့အဖွဲ့အစည်းအနေနဲ့ ဒီနိုင်ငံရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အခက်အခဲများနဲ့ ပြည့်နှက်နေတဲ့ စိန်ခေါ်မှုတွေကိုကျော်လွှားရမှာဖြစ်ပါတယ်။ စိန်ခေါ်မှုများစွာရှိနေပေမယ့် အောင်မြင်စွာကျော်လွှားနိုင်မယ်ဆိုရင် မိမိတို့နိုင်ငံနဲ့ မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ထိုက်တန်တဲ့ဆုလာဘ်များနဲ့ ရလဒ်ကောင်းများ ရရှိနိုင်မယ့် အခွင့်အလမ်းတွေပွင့်လန်းနေတဲ့အကြောင်းလည်း အထူးပြုပြောကြားလိုပါတယ်။

နိုင်ငံသားတစ်ဦးချင်းစီနဲ့ မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံးလိုလားတောင့်တနေတဲ့ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်မကြာမီ စတင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး မျှတတဲ့အပေးအယူပြုလုပ်နိုင်ခြင်းကြောင့် နိုင်ငံရေးရွေးချယ်မှုများအရ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတစ်ရပ်ကို အစပြုပုံဖော်နိုင်မှာဖြစ်ပါတယ်။ လက်တွေ့ကျတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ပြုလုပ်နိုင်ခြင်းတို့ကြောင့် ရွေးကောက်ပွဲရလဒ်တွေအရ ပေါ်ပေါက်လာမယ့် အစိုးရသစ်လက်ထက်မှာ ပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မာတဲ့ အာမခံချက်များပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ ဆုလာဘ်တွေရရှိနိုင်ဖို့အတွက် နိုင်ငံရေးအင်အားစုအချင်းချင်း ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုပြီးတွေ့ကြုံရမယ့် အခက်အခဲများကို ကျော်လွှားကြရမှာဖြစ်ပါတယ်။ အောင်မြင်မှုများရရှိဖို့အတွက်လည်း ပြည်သူလူထုရဲ့ စစ်မှန်တဲ့ဆန္ဒတွေကို အခြေခံတဲ့၊ လူများစုကိုလွှမ်းခြုံ ကိုယ်စားပြုတဲ့ ညှိနှိုင်းအဖြေရှာမှုများကသာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့် ၂၀၁၅ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းမှာ သမိုင်းဝင်မယ့်နှစ်တစ်နှစ်အဖြစ်သာမက ဘဲ သမိုင်းတွင်မယ့်လုပ်ငန်းစဉ်တွေ အခြေတည်မယ့်နှစ်တစ်နှစ်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

ဒီလိုအရေးကြီးပြီး သမိုင်းဝင်မယ့်၊ သမိုင်းတွင်မယ့်နှစ်မှာ တိုင်းပြည်ရဲ့အသီးသီးသော အင်အားစုများဟာ မိမိတို့ကျရာကဏ္ဍကနေ အစွမ်းကုန်ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ မဏ္ဍိုင်သုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်းမှုဟာ ဒီမိုကရေစီရဲ့အနှစ်သာရ ဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်ဟာ မိမိတို့ရဲ့ မူဘောင်တွေထဲကနေ တိုင်းပြည်ရဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားကောင်းစေမယ့် ထိန်းကျောင်းမှုတွေကို ပြုလုပ်သွားကြရမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ အပါအဝင် ၅၁ ဒသမ ၄ သန်းသော ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ ပူးပေါင်းပါဝင်မှုလိုအပ်တယ်။ မိမိတို့ရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအောင်မြင်ဖို့နဲ့ ဒီမိုကရေစီ အခြေတည်ခိုင်မာရေးတို့အတွက် အင်အားစုအားလုံးအနေနဲ့ အချင်းချင်း အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုများကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ကြဖို့လည်း အလေးအနက် တိုက်တွန်းပြောကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။ ။**

**HOWအဆင့်မြင့် ခရီးသွားလုပ်ငန်း(အထူးခရီးစဉ်)**

- အင်းလေး၊ တောင်ကြီး၊ ထန့်ဆန်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ **Scania Bus,** အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၀၀၀၀ိ/- (**Jan-2,6,9,13,16,20,23,27,30**) နေ့ရက်များတွင် ထွက်မည်။

**Ph : 09-73027303 , 09-5114301, 09-5180337**

OiAC (ရန်ကုန်)

# " နှစ်သစ်မင်္ဂလာဆုတောင်းလွှာ"

OiAC - 2 (နေပြည်တော်)

OiAC ရန်ကုန် နှင့် OiAC - 2 နေပြည်တော်တို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/သူများ၊ နှစ်စဉ်နှစ်တိုင်း ယုံကြည်စွာအပ်နှံကြသော အနယ်နယ်အရပ်ရပ်မှ ကျောင်းသားမိဘ မိတ်ဆွေကောင်းမိတ်ဆွေများ နှင့် နှစ်စဉ်ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား/သူများ၊ စေတနာပြည့်စွာဖြင့် လမ်းညွှန်သင်ကြားပြသပေးပါသော ဆရာကြီး၊ ဆရာမကြီးများ၊ ဆောက်ရွက်ရေး ဆရာ၊ ဆရာမများ နှင့် လုပ်ဖော်ကိုင်ဖက်များအား နှစ်သစ်မင်္ဂလာအခါသမယတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း၊ စီးပွားလာဘ်လာဘများ တိုးတက်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး အနာဂတ်စေးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း OiAC ကိုယ်ပိုင်အထက်တန်းကျောင်းမိသားစုမှ ဆုမွန်ကောင်းတောင်း ပေးအပ်ပါသည်။

တည်ထောင်အုပ်ချုပ်သူ ဦးမိုလင်း + ဒေါ်ခင်ခင်

* * * * * * * * * * * * * * * * * * * * * * * * *

## ၂၀၁၅ – ၂၀၁၆ ပညာသင်နှစ် ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းများအတွက် ကျောင်းအပ်လက်ခံနေပါပြီ။

**နေ့ဘက်အထူး**

- ၅၊ ၆၊ ၇ တန်းများ နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီ ... (Computer , Eng - 4 Skills ... (PE) ...)

**နေ့ဘက်အထူး ၊ အဆင့်မြင့် ဘော်ဒါ (နေ / စား (ငြိမ်း)**

- ၈၊ ၉ တန်းများ နံနက် (၇:၃၀) နာရီမှ ညနေ (၆:၀၀) နာရီ ... (Computer , Eng - 4 Skills ... (PE) ...)

**နေ့ဘက်အထူး ၊ အဆင့်မြင့် ဘော်ဒါ (နေ / စား (ငြိမ်း)**

- ၁၀ တန်းများ နံနက် (၇:၃၀) နာရီမှ ည (၁၀:၀၀) နာရီ ... (English Writing ... (PE) ...)

**ဆက်သွယ်ရန် လိပ်စာ**

OiAC - 1 ... ရန်ကုန်မြို့

**ဆက်သွယ်ရန် လိပ်စာ**

OiAC - 2 ... နေပြည်တော်

**အခြားကျောင်းခွဲ မရှိပါ။**

---

## နှစ်သစ်အကြိုစာအုပ်ဈေးရောင်းပွဲ

**Up to 50% Off**

1-1-2015 to 15-1-2015

တအုပ်အမျိုးပေါင်း ၂၀၀၀၀ ကျော်

(ကောက်ညှင်း၊ စာကြည့်တိုက်များ အတွက် အထူးနှုန်း)

ငြိမ့်ချိုဝယ်ယူသောစာအုပ်ဖိုး ၁၀၀၀ ကျပ်ဖိုးစာအုပ်များအား၊ **10% 20% 30%**

---

# YCTC Business Institute

(01) 542033, (09) 42011810O , (09) 250640429

**Cert in Human Resource Management**

Dr ...

Ph.D (HRM, Delhi) ...

7 : 00 am to 12 : 00 pm

**Professional Cert in Marketing Management**

Asst. Prof. ...

Alabama University, Huntsville, USA

4 : 00 pm to 7 : 00 pm

( Batch 19 )

January 18th မှစ၍

**Cert of Leadership and Organizational Development**

1 : 00 pm to 4 : 00 pm

Executive Certificate in Business Management

Certificate in Financial Management ( 12th Jan ... )

---

# APEX Get Ready for Chemistry

that Guarantees you to Miss No Question in examination

- ... (Must know)
- ... Notes များ (Should know)
- ... (Could know) ကို

တက္ကသိုလ်ဝင်တန်းကျောင်းသား / ကျောင်းသူများအတွက်

to Get Ready for 100%

Dr Htin Zaw Myint (University of Yangon)

---

# APEX Get Ready for Physics


that Guarantees you to Miss No Question in examination

- Definitions, Laws and Detailed Notes ...

တက္ကသိုလ်ဝင်တန်းကျောင်းသား / ကျောင်းသူများအတွက်

to Get Ready for 100%


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ်
စက္ကန့်ခြောက်ဆယ် ကို ၂၅ကျပ်ပဲ
ကျသင့်ပါတယ်။
ooredoo
၁စက္ကန့် = ၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန်
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။


C B BANK
နှစ်သစ်ဆုတောင်း
2015
နှစ်သစ်အခါသမယတွင်
မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့်
ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအားလုံး
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
CB Bank
မိသားစု

MINGALAR MANDALAY


# " ဖွင့်ပွဲအထိမ်းအမှတ် အထူးအစီအစဉ် "

မကြာမီ ဖွင့်လှစ်တော့မည့် မြန်မာနိုင်ငံ၏ ပထမဆုံး လမ်းလျှောက်ဈေး ( Walking Street ) အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၄)ထပ် ရုံးနေဆိုင်ခန်းများကို လ(၃၀)အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးမည့် အစီအစဉ်အား ( ၁-၁- ၂၀၁၅ )ရက်မှ စတင်လိုက်ပါပြီ။

အခန်းအရေအတွက် အကန့်အသတ်ရှိပါသည်။







- မင်္ဂလာ မန္တလေး အဆင့်မြင့် ကွန်ဒိုမီနီယံရှိ အခန်းများကိုလည်း လ(၃၀)အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

Information Centre

E-mail : Website : www.mingalarmandalay.com

Hot Line - 09-431 48 577, 431 48 588